ပေသနိမြန်မာစာပေ

## ရှင်ပေတရု ဩဝါဒစာပဌမစောင်



# ဘုရားသခင်၏

# ရွေးကောက် တော်မူခြင်း

(၁ ပေ ၁း၂)

သောမတ်(စ်)ဇာတီလ်

**ထုတ်ဝေသူ**
ဦး သောမတ်(စ်) ဇာတီလ် (၀၂၇၄၈)

**မူပိုင်ခွင့်**
ဗေဒနိမြန်မာစာပေ
၁၁၂/ခ၊ အထက်မင်းကြီးလမ်း၊ အရှေ့ရွာမ၊
အင်းစိန်၊ ရန်ကုန်။

**ဝက်ဆိုဒ်ပေါ်တင်ခြင်း**
အောက်တိုဘာလ၊ ၂၀၂၀

**တည်းဖြတ်သူ**
လွမ်းသူ (ပဲခူး)

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
လင်းအောင်

**အကြိမ်**
ပထမအကြိမ်

ရှင်ပေတရု ဩဝါဒစာပဌမစောင်

# ဘုရားသခင်၏
# ရွေးကောက် တော်မူခြင်း

(၁ ပေ ၁း၂)

သောမတ်(စ်)ဇာတီလ်

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**

**ရှင်ပေတရု သြဝါဒစာပဌမစောင်နှင့် မိတ်ဆက်ခြင်း**

- ရှင်ပေတရု သြဝါဒစာပဌမစောင် ၂
- ရှင်ပေတရု သြဝါဒစာပဌမစောင် ရေးသူ ၃
- ရှင်ပေတရု သြဝါဒစာပဌမစောင်၏ ရည်ရွယ်ချက် ၄

**အခန်းများ**

အခန်းကြီး ၁ ၅

အခန်းကြီး ၂ ၄၅

အခန်းကြီး ၃ ၇၇

အခန်းကြီး ၄ ၁၀၁

အခန်းကြီး ၅ ၁၂၃

# ရှင်ပေတရု ဩဝါဒစာပဌမစောင်နှင့် မိတ်ဆက်ခြင်း

## ရှင်ပေတရု ဩဝါဒစာပဌမစောင်

၁။ ရှင်ပေတရု ရေးသားသော စာဖြစ်သည်။
 က။ မိမိလက်ဖြင့် ရေးသားသည် မဟုတ်။
ခ။ သိလွာနုလက်ဖြင့် ရေးသားသည်။ (၁ပေ ၅း၁၂)
- သိလွာနုသည် ပေတရု၏ လက်ထောက်ဖြစ်သည်။
(ရှင်ပေါလုနှင့် တေရတိ ကဲ့သို့၊ ရောမ ၁၆း၂၂)
- သိလွာနုသည် ပရောဖက်တစ်ပါးလည်း ဖြစ်သည်။
(တမန် ၁၅း၃၂)

၂။ အေဒီ ၆၄-၆၅ နှစ်များ၌ ရေးသားထားသည်။
က။ အေဒီ ၆၄ ၌ ယေရုရှလင်မြို့ကို ရောမ ဧကရာဇ်မင်း နေရိုး (Roman Emperor Nero) မီးရှို့ခဲ့သည်။
ခ။ ယေရုရှလင်မြို့ကို ခရစ်ယာန်များက မီးရှို့သည်ဟု နေရိုးမင်းကြီး စွပ်စွဲခဲ့သည်။
ဂ။ ထို့ကြောင့် များစွာသောခရစ်ယာန်များ နေရာအနှံ့အပြား ထွက်သွားကြရသည်။ (၁ပေ ၁း၁-၂)

၃။ *'ဗာဗုလုန်မြို့'* မှ ရေးသားပေးပို့သော စာဖြစ်သည်။ *'ဗာဗုလုန်မြို့'* သည် ရောမမြို့ကို ရည်ညွှန်းသည်။ (၁ပေ ၅း၁၃၊ ဗျာဒိတ်၁၇-၁၈)

၄။ ထို့ကြောင့် ပေတရု၏ စာဖတ်ပရိသတ်များသည် -
က။ ရောမဧကရာဇ်မင်း နေရိုးကြောင့် ယေရုရှလင်မှ ထွက်ပြေးကြသော ယုံကြည်သူများ၊
ခ။ အထူးသဖြင့် ရှင်ပေါလုနှင့် သူ၏ လုပ်ဖော်ဆောင်ဖက်များအားဖြင့် သခင်ခရစ်တော်ကို လက်ခံယုံကြည်လာကြသော တစ်ပါးအမျိုးသားများ (၁ ပေ ၁း၁၄၊ ၁၈၊ ၂း၉-၁၀၊ ၄း၃) ဖြစ်ကြသည်။

## ရှင်ပေတရု ဩဝါဒစာပဌမစောင် ရေးသူ

၁။ ပေတရု ဖြစ်သည်။ အခြားနာမည်များမှာ-

က။ ရှိမုန်၊ (ယောဟန် ၁း၄၀)

ခ။ ကေဖ၊ (၁ ကော ၉း၅)

*ကေဖ'* နှင့် *'ပေတရု* တို့၏ အနက်ကား ကျောက်တုံး၊ ကျောက်ခဲ ဖြစ်သည်။ (ယောဟန် ၁း၄၂)

၂။ ပေတရုသည် -

က။ ယောန၏ သား (မဿဲ ၁၆း၁၇)

*'ရှိမုန်ဗာယောန'*၏ အနက်ကား *'ယောန၏သား ရှိမုန်'* ဖြစ်သည်။

ခ။ အန္ဒြေ၏အစ်ကို၊ (ယောဟန် ၁း၄၀-၄၁) ဖြစ်သည်။

ဂ။ ဗက်ဇဲဒမြို့မှ တံငါသည် ဖြစ်သည်။ (ယောဟန် ၁း၄၄)

ဃ။ မိမိညီ အန္ဒြေအားဖြင့် ခရစ်တော်ထံ ရောက်လာသောသူ ဖြစ်သည် (ယောဟန် ၁း၄၁)။

င။ အိမ်ထောင်ရှိသည်။ (မာကု ၁း၃၀၊ ၁ ကော ၉း၅)

၃။ ပေတရုသည် -

က။ တပည့်တော်တစ်ကျိပ်နှစ်ပါးတို့တွင် ခေါင်းဆောင်ဖြစ်သည်။ (မဿဲ ၁၆း၁၃-၂၀)

ခ။ ယေရုရှလင်အသင်းတော်ကြီး၏ အားကိုးရသော ခေါင်းဆောင် ဖြစ်သည်။ (တမန် ၁-၂)

ဂ။ တန်ခိုးကြီးသော တရားဟောဆရာ ဖြစ်သည်။ (တမန် ၂-၁၂)

ဃ။ အံ့ဖွယ်သော နိမိတ်လက္ခဏာ များစွာကိုလည်း စွမ်းဆောင်ခဲ့ သည်။ (တမန် ၃-၉)

# ရှင်ပေတရု ဩဝါဒစာပဌမစောင်၏ ရည်ရွယ်ချက်

၁။ ဩဝါဒစာ၏ ရည်ရွယ်ချက်မှာ ယုံကြည်သူတို့သည် ဘုရားသခင် ရွေးကောက်တော်မူသောသူများ ဖြစ်ကြသည်ကို အခိုင်အမာ သိစေလိုသည် (၁ ပေ ၁း၁-၂)။ ဤအချက်သည် ယုံကြည်ခံယူချက် (doctrine) ဖြစ်သည်။

၂။ ထို့ကြောင့် ဘုရားသခင်၏ ရွေးကောက်တော်မူသော သူများဖြစ်ကြသည် နှင့်အညီ၊ ခရစ်ယာန်များသည်

က။ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်း ရှိကြရမည်။ (၁ ပေ၁း၁၅)

ခ။ ဆင်းရဲဒုက္ခနှင့် ညှင်းပန်းနှိပ်စက်ခြင်းကိုလည်း ခရစ်တော်နည်းတူ တုံ့ပြန်ကြရမည်။ (၁ ပေ၂း၁၉-၂၃)

ဤအချက်သည် အထက်က ယုံကြည်ခံယူချက်နှင့် လိုက်လျောညီထွေသော ကိုယ်ကျင့်တရား (ethics) ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၀၁)

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း

**ယေရှုခရစ်၏ တမန်တော် ငါပေတရုသည်၊ နားထောင်ခြင်းကျေးဇူး၊ ယေရှုခရစ်၏ အသွေးတော်နှင့် ဖြန်းခြင်းကျေးဇူးခံရမည်အကြောင်း၊ ဝိညာဉ်တော်အားဖြင့် သန့်ရှင်းခြင်းသို့ရောက်၍၊ ခမည်းတော်ဘုရားသခင်၏ အနာဂတံသဉာဏ်တော်အတိုင်း ရွေးကောက်တော်မူသောသူ တည်းဟူသော၊ ပွန္တုပြည်၊ ဂလာတိပြည်၊ ကပ္ပဒေါကိပြည်၊ အာရှိပြည်၊ ဗိသုနိပြည်၊ အရပ်ရပ်တို့၌ ကွဲပြားသော ဧည့်သည်အာဂန္တုတို့ကိုကြားလိုက်ပါ၏။ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ များပြားပါစေသော။ (၁ ပေ ၁း၁-၂)**

### ယေရှုခရစ်၏ တမန်တော် ငါပေတရုသည်

၁။ *'တမန်တော်'* ၏ အနက်သည် *'စေလွှတ်ခံသောသူ'* ဖြစ်သည်။

၂။ ပေတရုသည် သခင်ခရစ်တော်ကိုယ်တိုင် စေလွှတ်သောသူ ဖြစ်သည်။

က။ သခင်ယေရှုသည် တပည့်တော်များကို ရွေးချယ်၍ တမန်တော်အရာ၌ ခန့်ထားသည်။ (မဿဲ ၁၀း၁-၄)

ခ။ သခင်ယေရှုသည် တမန်တော်များပါဝင်သော တပည့်တော်စုကို အမှုတော်မြတ်အတွက် စေလွှတ်သည်။ (မဿဲ ၂၈း၁၈-၂၀၊ ယောဟန် ၂၀း၂၁)

၃။ ထို့ကြောင့် သူသည် သခင်ခရစ်တော် စေခိုင်းသောအမှုကိုသာ ဆောင်ရွက်ရမည်။ (ယောဟန် ၆း၃၈၊ ၁၄း၂၈၊ ၈း၂၉)

ပေတရုသည် သခင်ခရစ်တာ်၏ -

က။ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ (ယောဟန် ၁၃း၂၀၊ မာကု ၉း၃၇)

ခ။ မိတ်ဆွေသူငယ်ချင်းအဖြစ် လည်းကောင်း၊ (ယောဟန် ၁၅း၁၀)

ဂ။ အစေခံကျွန်အဖြစ် လည်းကောင်း (လုကာ ၁၇း၁၀၊ ယောဟန် ၁၅း၂၀-၂၁) အမှုထမ်းဆောင်သည်။

## ခမည်းတော်ဘုရားသခင်၏ ရွေးကောက်တော်မူသောသူတို့

၁။ ခမည်းတော်ဘုရားသခင်သည် မည်သို့ ရွေးကောက်တော်မူသနည်း။
ခမည်းတော် ဘုရားသခင်သည် -

က။ မိမိ၏ အလိုတော် (ဂရိ-thelema)ကို အခြေခံ၍ အကြံအစည် (ဂရိ-prothesis) ရှိတော်မူသည်။

ခ။ ထို အကြံအစည်အတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားနှင့်တော်မူသည်။ (ဧဖက် ၁း၁-၁၁)

ဂ။ ထို ခွဲခန့်မှတ်သားနှင့်သောသူတို့ကို ခေါ်တော်မူသည်။ (ရောမ ၈း၂၈-၃၀)

ဃ။ ထိုခေါ်တော်မူသောသူတို့ကို ရွေးချယ်တော်မူသည်။ (မဿဲ ၂၂း၁၄၊ ထွက် ၁၉း၅-၆)

င။ ထိုရွေးချယ်တော်မူသောသူတို့ကို ဖြောင့်မတ်စေသည်။ (ရောမ ၈း၂၈-၃၀)

စ။ ထိုဖြောင့်မတ်စေသောသူတို့ကို ချီးမြှောက်တော်မူသည်။ (ရောမ ၈း၂၈-၃၀)

၂။ ထိုသို့ အကြံအစည်ရှိနေခြင်းသည် ကြိုတင်သိရှိခြင်းပင် ဖြစ်သည်။ ၎င်းကို *'အနာဂတံသဉာဏ်တော်'* (ဂရိ-prognosis)ဟု ခေါ်သည်။

၃။ တစ်နည်းအားဖြင့် ကြိုတင်သိသောဉာဏ်၊ ကြိုတင်ကြံစည်သောဉာဏ် ဟုဆိုရပေမည်။

၄။ ခမည်းတော် ဘုရားသခင်သည် မိမိ၏ အနာဂတံသဉာဏ်၊ ကြိုတင်ကြံစည်သောဉာဏ် အတိုင်း

က။ ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ (ဂရိ-proginosko)သည်။

ခ။ အထူးသဖြင့် ရွေးကောက်တော်မူသည်။

၅။ ယုံကြည်သူများသည် ဘုရားသခင်၏ ကြိုတင်ကြံစည်တော်မူသည့်အတိုင်း ရွေးကောက်ခြင်းခံရသောသူများ ဖြစ်ကြသည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၀၂)

## ရွေးကောက်သောသူတို့ ခံရသည့် ကျေးဇူးတော်

**ယေရှုခရစ်၏ တမန်တော် ငါပေတရုသည်၊ နားထောင်ခြင်း ကျေးဇူး၊ ယေရှုခရစ်၏ အသွေးတော်နှင့် ဖြန်းခြင်းကျေးဇူး ခံရမည်အကြောင်း၊ ဝိညာဉ်တော်အားဖြင့် သန့်ရှင်းခြင်းသို့ ရောက်၍၊ ခမည်းတော်ဘုရားသခင်၏ အနာဂတံသဉာဏ် တော်အတိုင်း ရွေးကောက်တော်မူသောသူတည်းဟူသော၊ ပုန္တုပြည်၊ ဂလာတိပြည်၊ ကပ္ပဒေါကိပြည်၊ အာရှိပြည်၊ ဗိသုနိ ပြည်၊ အရပ်ရပ်တို့၌ ကွဲပြားသော ဧည့်သည်အာဂန္တုတို့ကို ကြားလိုက်ပါ၏။ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင် တို့၌ များပြားပါစေသော။ (၁ ပေ ၁း၁-၂)**

### ရွေးကောက်တော်မူသောသူတို့ ခံစားရမည့် ကျေးဇူးတော်

၁။ ယုံကြည်သူများသည် အောက်ဖော်ပြပါ ကျေးဇူးအသီးသီးကို ခံစားရရန် ရွေးကောက်တော်မူခြင်းခံရသောသူများ ဖြစ်ကြသည်။ ထိုကျေးဇူးတို့မှာ-

က။ နားထောင်ခြင်းကျေးဇူး

ခ။ ယေရှုခရစ်၏ အသွေးဖျန်းခြင်းကျေးဇူး၊

ဂ။ ဝိညာဉ်တော်အားဖြင့် သန့်ရှင်းခြင်းကျေးဇူး စသည်တို့ဖြစ်သည်။

၂။ ဤကျေးဇူး အသီးသီးတို့သည် အလွန်အရေးပါသော ယုံကြည်ခြင်း အချက်အလက်များ ဖြစ်ကြသည်။

၃။ ထို့ကြောင့်၊

က။ ယုံကြည်သူတို့သည် မိမိတို့နေထိုင်ရာဒေသ၌ ဧည့်သည်အာဂန္တု ဖြစ်ကြသော်လည်း ဘုရားသခင်၏စကားကို နာခံ၍ရွေးကောက် သူများပီပီ အသက်ရှင်နေရမည်။

ခ။ သို့မှသာ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် လည်း မိမိတို့အပေါ်၌ ကျရောက်တည်ရှိနေမည် ဖြစ်သည်။

## ထိုကျေးဇူးအသီးသီးကို လေ့လာခြင်း

၁။ နားထောင်ခြင်းကျေးဇူး

က။ ယုံကြည်သူများသည် ကောင်းသောအကျင့်များကို ကျင့်နိုင်မည် အကြောင်း ခရစ်တော်၌ ပြင်ဆင်ထားခြင်းခံရကြသည်။ (ဧဖက် ၂း၁၀)

ခ။ တစ်နည်းအားဖြင့်ဆိုသော်၊ ခရစ်ယာန်များသည် ဘုရားသခင်ကို သာ နာခံရန် အပြစ်တရားမှ ကယ်တင်ခြင်းကို ခံရကြသည်။ (၁ သက် ၁း၄-၁၀)

ဂ။ ထိုသို့ ဘုရားသခင်၏ စကားကို နာခံခြင်း၌လည်း ကြီးစွာသော အကျိုးရှိသည်။ ( ဆာလံ ၁၉း၁၁ ၊ တရား ၁၂း၁၀)

ဃ။ ဘုရားသခင်ကို နာခံသောသူတို့သည် သန့်ရှင်းသောဝိညာဉ် တော်ကို ရရှိမည် ဖြစ်သည်။ ( တမန် ၅း၃၂)

ထိုသန့်ရှင်းသော ဝိညာဉ်တော်သည် အသက်တာနှင့်အမှုတော် မြတ်၌ သခင်ယေရှုသည် ခရစ်တော်အမှန် ဖြစ်သည်ကိုလည်း ကောင်း၊ ယုံကြည်သူ အကျွန်ုပ်တို့သည် ဘုရားသခင်၏သား သမီးများ ဖြစ်ကြသည်ကို လည်းကောင်း၊ သက်သေခံလိမ့်မည်။

၂။ ယေရှုခရစ်၏ အသွေးဖျန်းခြင်း ကျေးဇူး

က။ အသွေးဖျန်းခြင်းသည် ပဋိညာဉ်ပြုခြင်းနှင့် စပ်ဆိုင်သော သင်္ကေတလက္ခဏာ ဖြစ်သည်။

- မောရှေသည် ယဇ်ကောင်၏ အသွေးတစ်ဝက်ကို ယဇ် ပလ္လင်ပေါ်မှာ ဖျန်းလေသည်။
- ကျန်တစ်ဝက်ကို ပရိသတ်အပေါ်မှာ ဖျန်းလေသည်။
- ထာဝရဘုရားသခင်၏ စကားတော်ကို အကုန်အစင် နာခံပါမည်ဟု ဝန်ခံသောသူတို့အပေါ်မှာသာ ဖျန်းသော ပဋိညာဉ်အသွေး ဖြစ်သည်။ (ထွက် ၂၄း ၃-၈)

ခ။ လက်ဝါးကပ်တိုင်၌ သခင်ခရစ်တော်သည် မိမိအသွေးကို ဖျန်း၍ ပဋိညာဉ်အသစ်ကို ပြုတော်မူသည်။

ဂ။ သခင်ယေရှုကို မိမိ၏ကယ်တင်ပိုင်ရှင်၊ အသက်သခင်အဖြစ် ဝန်ခံသော ယုံကြည်သူတို့အပေါ်မှာ ခရစ်တော်၏(ကျန်တစ်ဝက်) အသွေးဖျန်းခြင်းကို ခံရကြမည်။

ဃ။ ခရစ်တော်၏ အသွေးဖျန်းခြင်း ကျေးဇူးသည် -

- အပြစ်လွတ်ခြင်း၊ (ဟေဗြဲ ၉း၂၂)
- ဘုရားသခင်နှင့် ပဋိညာဉ်ပြုခြင်း၊ ကတိသစ္စာဆိုခြင်း (မဿဲ ၂၆း၂၆-၃၀) စသည့် အကျိုးအမြတ်များဖြစ်ထွန်းစေသည်။

၃။ ဝိညာဉ်တော်အားဖြင့် သန့်ရှင်းခြင်း ကျေးဇူး

က။ ဒုတိယ မွေးဖွားခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဖြစ်သည်။ (ယောဟန် ၃း၃-၈)

ခ။ လူသစ်၊ စိတ်သစ်အဖြစ်သို့ ပြုပြင်ခြင်းသည်လည်း သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဖြစ်သည်။ (တိတု ၃း၅)

ဂ။ အထက်ပါ (က) နှင့် (ခ)သည် အဘယ်သို့ သန့်ရှင်းသော ဝိညာဉ်အားဖြင့် ဖြစ်သနည်း။ သန့်ရှင်းသော ဝိညာဉ်တော်သည်

- အကျွန်ုပ်တို့ကို နှုတ်ကပတ်တော် နားလည်စေသည်။ (ယောဟန် ၁၄း၂၆၊ ၁ ကော ၂း၁၀)
- အကျွန်ုပ်တို့၏ ဝိညာဉ်နှင့်အတူ ဘုရားသခင်၏ သားသမီးများ ဖြစ်ကြောင်း သက်သေခံသည်။ (ရောမ ၈း၁၅-၁၆)
- ဘုရားသခင် သန့်ရှင်းသည်နည်းတူ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းနိုင်ရန် အကျွန်ုပ်တို့ကို မစသည်။ (၁ ပေ ၁း၁၅၊ ယောဟန် ၁၆း၈)

ဃ။ သန့်ရှင်းသော ဝိညာဉ်တော်သည် အကျွန်ုပ်တို့ ဆက်လက်သန့်ရှင်းနေရန် ဥပဇ္ဈာယ်ဆရာအဖြစ် ကူညီမစနေမည် ဖြစ်သည်။

ဤကျေးဇူးအသီးသီးကို ထင်ရှားစွာ (အချည်းနှီးမဟုတ်ဘဲ) ခံယူခြင်းဖြင့် များပြားသော ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် အကျွန်ုပ်တို့အပေါ်၌ သက်ရောက်တည်ရှိနေမည် ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၀၃)

## ခမည်းတော်ဘုရားသခင်၏ ဖြစ်ဖွားစေခြင်း

**အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သော မြော်လင့်ခြင်းအကြောင်းရှိစေခြင်းငှါ၊ ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့်ကင်းစင်သောအမွေတော်ကို ငါတို့သည်ခံရစေမည်အကြောင်း၊ ယေရှုခရစ်ကို သေခြင်းမှ ထမြောက်စေတော်မူသောအားဖြင့် ကြီးစွာသော ကရုဏာတော်နှင့်အညီ ငါတို့ကို တဖန်ဖြစ်ဘွားစေတော်မူသော၊ ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။**

**(၁ ပေ ၁း၃)**

### သုံးပါးတစ်ဆူ ဘုရားသခင်ပြုသောအမှု

၁။ ခမည်းတော် ဘုရားသခင်

က။ အလိုတော်ရှိသည့်အတိုင်း ကြံစည်တော်မူသည်။

ခ။ ကြံစည်တော်မူသည့်အတိုင်း ခွဲခန့်မှတ်သားတော်မူသည်။

ဂ။ တစ်နည်းအားဖြင့်ဆိုသော်၊ ကြိုတင်ကြံစည်သောဉာဏ်တော်နှင့် အညီ ရွေးကောက်တော်မူသည်။ (၁ ပေ ၁း၂)

၂။ သားတော်သခင်ယေရှုခရစ်

က။ ခမည်းတော်၏ အလိုရှိသော အကြံအစည်တော်၊ စေတနာတော်ကို အကောင်အထည်ဖော်သည်။ (ဂလာတိ ၁း၄)

ခ။ အသွေးတော်ကို သွန်း၍ အသက်စွန့်ခြင်းအားဖြင့်၊ ရွေးနှုတ်ခြင်းအမှုကို အပြီးအစီးဆောင်ရွက်သည်။ (၁း ၂၊ ယောဟန် ၁၉း၃၀)

၃။ သန့်ရှင်းသော ဝိညာဉ်တော်

က။ ခမည်းတော် ဘုရားသခင်၏ ရွေးကောက်ခြင်းအမှုသည် သန့်ရှင်းသောဝိညာဉ်တော်၏ *'သီးသန့်ထားရှိခြင်း'* (set apart) အားဖြင့် ဖြစ်သည်။

ခ။ သခင်ခရစ်တော် ရွေးနှုတ်သောသူအပေါင်းတို့ကို သန့်ရှင်းသော ဝိညာဉ်တော်၏ *'ဆက်ကပ်ပူဇော်ခြင်း'* (consecrate) အားဖြင့် သူတော်စင်များ ဖြစ်လာကြသည်။

ဂ။ ဆိုလိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်၏ သန့်ရှင်းစေခြင်း သည် မရှိမဖြစ်သော ရွေးနှုတ်ကယ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ဘုရားသခင်၏ လုပ်ဆောင်ချက် (Divine Act of Redemption) ဖြစ်သည်။ (၁ပေ ၁း၂၊ တိတု ၃း၅-၆)

၄။ အကျွန်ုပ်တို့၏ ကယ်တင်ခြင်းအမှုသည် သုံးပါးတစ်ဆူဘုရားသခင်၏ လုပ်ဆောင်ချက်သက်သက် ဖြစ်သည်။

## ခမည်းတော်ဘုရားသခင်၏ လုပ်ဆောင်ချက်

၁။ ခမည်းတော် ဘုရားသခင်သည် -

က။ သခင်ခရစ်တော်ကို သေခြင်းမှ ရှင်ပြန်ထမြောက်စေသည်။

ခ။ ကြီးမားသောကရုဏာနှင့်အညီ အကျွန်ုပ်တို့ကို တဖန် (ဒုတိယအကြိမ်) ဖြစ်ဖွားစေသည်။

- ဂရိ-ana + gennao သည် *'တစ်ဖန် မွေးဖွားသည်'* ဖြစ်သည်။
- ဒုတိယ မွေးဖွားခြင်းကို ဆိုလိုသည်။
- ဘုရားသခင်၏ အလိုတော်အားဖြင့် ဖြစ်သည်။
- သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ် ဖြစ်သည်။

(ယောဟန် ၃း၃-၈)

ဂ။ ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့် ကင်းစင်သော အမွေတော်ကို အကျွန်ုပ်တို့အား ပေးသနားတော်မူသည်။

ဃ။ ထိုအကြောင်းကြောင့်၊ အကျွန်ုပ်တို့သည် အစဉ်မျှော်လင့်လျက် ရှိရမည်။ ဤသည်ကား အသက်ရှင်သော မျှော်လင့်ခြင်း ဖြစ်ပေသည်။

၂။ ခမည်းတော်ဘုရားသခင်သည် -
   က။ သခင်ယေရှုခရစ်၏ ခမည်းတော် ဖြစ်သည်။
   ခ။ အကျွန်ုပ်တို့၏ အဘ ဖြစ်သည်။ သူကိုယ်တိုင်က အကျွန်ုပ်တို့ကို တစ်ဖန် ဖြစ်ဖွားစေသည်။
   ဂ။ ချီးမွမ်းထိုက်သောသူ ဖြစ်သည်။ သူ့အပေါ်၌ မင်္ဂလာအပေါင်း အစဉ် တည်ရှိကြောင်း ဝန်ခံရမည်။

**စိန်ခေါ်ချက်**

၁။ ကယ်တင်ခြင်းအမှု၌ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် သုံးပါးစလုံး ပါဝင်နေသည်ကို ဂရုပြုလျက် သတိနှင့် အစဉ် အောက်မေ့ရမည်။
၂။ ကယ်တင်ခြင်းအမှုကို သုံးပါးအနက် တစ်ပါးတည်း (သို့) နှစ်ပါးကသာ ဆောင်ရွက်သည်ဟု သွန်သင်ခြင်း၊ ခံယူခြင်းသည် ပြည့်ဝစုံလင်သော ယုံကြည်ခံယူချက် မဟုတ်ပေ။
၃။ ရှင်သန်နေသော ယုံကြည်သက်ဝင်မှုသည် အသက်ရှင်သော မျှော်လင့်ခြင်းနှင့် ဒွန်တွဲလျှက် ရှိသည်။
၄။ အသက်ရှင်သော ဘုရားသခင်ကို ကိုးကွယ်ယုံကြည်သောသူသည် ရရှိမည့် အမွေတော်ကို မျှော်လင့်လျက် စိတ်စွဲလမ်းခြင်း ရှိရမည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၀၄)

## နောင်ထင်ရှားမည့် ကယ်တင်ခြင်း

**ထိုအမွေတော်သည်ကား၊ နောက်ဆုံးသောကာလ၌ ထင်ရှားစေခြင်းငှါ ပြင်ဆင်သော ကယ်တင်ခြင်းသို့ ရောက်စေမည်အကြောင်း၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ တန်ခိုးတော်သည် စောင့်ရှောက်တော်မူသော သင်တို့အဘို့ ကောင်းကင်ဘုံ၌ သိုထားလျက်ရှိသောအမွေတည်း။**

**(၁ ပေ ၁း၄-၅)**

**ထိုအမွေတော်သည်ကား၊**

၁။ ဤအမွေတော်သည် (၁း၃)၌ ဖော်ပြထားသော အမွေကို ရည်ညွှန်းသည်။

၂။ ထိုအမွေတော်သည် -

က။ ဖောက်ပြန်ခြင်းနှင့်ကင်းသည်။

ခ။ ညစ်စွန်းခြင်း မရှိ။

ဂ။ ညှိုးနွမ်းခြင်းနှင့်ကင်းစင်သည်။

၃။ ထိုအမွေတော်သည် အကျွန်ုပ်တို့အဖို့ ကောင်းကင်ဘုံ၌ သိုထားလျက်ရှိသည်။

က။ ကောင်းကင်ဘုံ ဘုရားသခင်ရှေ့တော်မှောက်ရောက်သောခါ ရရှိမည့် အမွေတော်ဖြစ်သည်။

ခ။ အကျွန်ုပ်တို့သည် ထိုအမွေတော်ကို စံစားမည့်သူများ ဖြစ်ကြသည်။

ဂ။ အကျွန်ုပ်တို့သည် ဘုရားသခင်၏ အမွေစား အမွေခံများ ဖြစ်ကြသည်။

**နောက်ဆုံးသောကာလ၌ ထင်ရှားစေခြင်းငှါ ပြင်ဆင်သော ကယ်တင်ခြင်း. . .**

၁။ သခင်ယေရှုသည် ရွေးနှုတ်ခြင်းအမှုကို လက်ဝါးကပ်တိုင်၌ အပြီး ဆောင်ရွက်ခဲ့သည်။

၂။ အကျွန်ုပ်တို့ ခံစားရရှိသော ကယ်တင်ခြင်းသည် နောက်ဆုံးသော ကာလ၌ ထင်ရှားမည် ဖြစ်သည်။

က။ ကယ်တင်ခြင်းအမှုကို ဘုရားသခင်ကိုယ်တိုင်က ထင်ရှားစေမည်။

ခ။ ကယ်တင်ခြင်းအမှုသည် နောက်ဆုံးသောကာလ၌သာ အပြည့်အဝ ထင်ရှားမည် ဖြစ်သည်။

- ဘုရားသခင်သည် အကျွန်ုပ်တို့ထဲ၌ အစပြုတော်မူသော ကောင်းသောအရာတို့ကို ခရစ်တော်ပြန်ကြွလာသည့်တိုင်အောင် ဆောင်ရွက်မည်။ (ဖိလိ ၁း၆)
- သခင်ယေရှုသည် အကျွန်ုပ်တို့ကို ကယ်တင်ပြီး၊ ထိုကယ်တင်ခြင်းနောက် ဘုန်းစည်းစိမ်ကို စံစားဖို့ရန် ဦးဆောင်နေသည်။ (ဟေဗြဲ ၂း၁၀)

၃။ ပိုမိုပြည့်စုံသော ကယ်တင်ခြင်းကို မျှော်လင့်စွဲလမ်းလျက် ရှိကြပါစို့။

၄။ ထိုသို့သော ကယ်တင်ခြင်းသို့ ရောက်နိုင်မည်အကြောင်း ဘုရားသခင်သည် အကျွန်ုပ်တို့ကို စောင့်ရှောက်နေသည်။

**ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ တန်ခိုးတော်သည် စောင့်ရှောက်. . .**

၁။ ဘုရားသခင်သည် အကျွန်ုပ်တို့ကို မည်သို့ စောင့်ရှောက်သနည်း။

က။ သူ၏တန်ခိုးတော်အားဖြင့် စောင့်ရှောက်သည်။

ခ။ သခင်ယေရှုကို သေခြင်းမှ ထမြောက်စေနိုင်သော တန်ခိုးတော်အားဖြင့် စောင့်ရှောက်သည်။ (၁ ပေ ၁း၃)

၂။ ဘုရားသခင်သည် သူ့ကို ယုံကြည်ကိုးစားသောသူတို့ကို စောင့်ရှောက်တော်မူသည်။
၃။ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းအားဖြင့် ဘုရားသခင်၏ တန်ခိုးတော်ကို ခိုလှုံကြပါစို့။ (ဆာလံ ၉၁)

**စိန်ခေါ်ချက်**

၁။ ရွေးကောက်သောသူတို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစားနေရမည်။
၂။ ထို့ကြောင့် ဘုရားသခင်သည် ရွေးကောက်သောသူတို့ကို မိမိ၏ တန်ခိုးတော်အားဖြင့် စောင့်ရှောက်တော်မူသည်။
၃။ ဘုရားသခင်ကို ဆက်လက် ယုံကြည်ကိုးစားကြလျက် နောင်ထင်ရှားမည့် ကယ်တင်ခြင်းကို မျှော်လင့်ကြပါစို့။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၀၅)

## ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်း

**အရည်ကျို၍ စုံစမ်းခြင်းကို ခံနိုင်သော်လည်း၊ ပျက်စီးတတ်သောရွှေကို စစ်ကြောစုံစမ်းခြင်းထက်၊ သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သာ၍ မြတ်သည်နှင့်၊ ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ အချီးအမွမ်း၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်အလို့ငှါ ဖြစ်မည်အကြောင်း၊ အထူးထူးအပြားပြားသော စုံစမ်းနှောင့်ရှက်ခြင်းကို ခံရသောအကြောင်းရှိလျှင်၊ သင်တို့သည် ယခုခဏခံရ၍ ဝမ်းနည်းသော်လည်း၊ အထက်က ဆိုခဲ့ပြီးသော ကျေးဇူးတော်ကို ထောက်၍ ရွှင်လန်းသောစိတ် ရှိကြ၏။**

**(၁ ပေ ၁း ၆-၇)**

**အရည်ကျို၍ စုံစမ်းခြင်းကို ခံနိုင်သော်လည်း၊ ပျက်စီးတတ်သောရွှေ. . .**

၁။ ရွှေကို မီးဖြင့် အရည်ကျို၍ ဆေးကြောရသည်။

၂။ မီးဖြင့် အရည်ကျို၍ စစ်ကြောသန့်စင်ထားသော ရွှေသည် အလွန်သန့်ရှင်းတောက်ပြောင်သည်။

က။ ထိုရွှေသည် မှန်ကဲ့သို့ ဖြစ်လာသည်။

ခ။ ကြည့်သောသူ၏ ရုပ်သဏ္ဌာန်ပင် ရွှေသားပေါ်၌ ထင်ရှားလာနိုင်သည်။

၃။ မည်သို့ပင် မီးဖြင့် အရည်ကျို၍စုံစမ်းခြင်း(ဆေးကြောသန့်စင်ခြင်း)ကို ခံနိုင်သော်လည်း -

က။ ရွှေသည် ပျက်စီးတတ်သောအရာ ဖြစ်သည်။

ခ။ ရွှေသည် အချိန်တန်သောအခါ ပျက်စီးလိမ့်မည်။

၄။ ထိုသို့ သန့်စင်ဆေးကြောပြီးသော ရွှေကို စုံစမ်းစစ်ကြောခြင်းကို အောင်နိုင်သော ယုံကြည်ခြင်းနှင့် နှိုင်းယှဉ်သည်။

## သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည်. . .

၁။ ယုံကြည်ခြင်းသည် စုံစမ်းစစ်ဆေးကြောခြင်းကို ခံရမည်။

၂။ အကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် စုံစမ်းဆေးကြောသန့်စင်ခြင်းကို ခံရသောအခါ၊ အကျွန်ုပ်တို့သည်

က။ အထူးထူးအပြားပြားသော စုံစမ်းနှောင့်ယှက်ခြင်းကို ရင်ဆိုင်ရသည်။

ခ။ ဝမ်းနည်းခြင်းအမျိုးမျိုးကိုလည်း ခံစားရမည်။

၃။ ထိုသို့ မိမိ၏ ယုံကြည်ခြင်းသည် စုံစမ်းခြင်းခံရသောအခါ၊ ကျေးဇူးတော်ကို ထောက်၍ ရွှင်လန်းသော စိတ်သဘော ရှိရမည်။

၄။ အဘယ်ကြောင့် ရွှင်လန်းသောစိတ် မွေးရမည်နည်း။

## ယေရှုခရစ်တော် ပေါ်ထွန်းသောအခါ. . .

၁။ ခရစ်တော်ပြန်ကြွလာသောအခါ၊ စုံစမ်းစစ်ကြောခြင်းကို အောင်နိုင်သော အကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည်

က။ ချီးမွမ်းခြင်း၊

ခ။ ဂုဏ်အသရေနှင့်

ဂ။ ဘုန်းအာနုဘော် စသည်တို့ အကြောင်းတရား ဖြစ်လာမည်။

၂။ ဆိုလိုသည်မှာ -

က။ ယုံကြည်ခြင်းကို စုံစမ်းစစ်ကြောခြင်းသည် ရွှေကို မီးဖြင့် အရည်ကျို၍ စစ်ကြောခြင်းထက် သာ၍မြတ်သည်။

- ရွှေသည် ပျက်စီးတတ်သောကြောင့် ပျက်စီးဦးမည်။
- စစ်မှန်သော ယုံကြည်ခြင်းသည် မပျက်စီးတတ်သောကြောင့် မည်သည့်အခါမျှ ပျက်စီးမည် မဟုတ်ပေ။

ခ။ ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအားဖြင့် အကျွန်ုပ်တို့သည်

- ချီးမွမ်းခြင်း ခံရမည်။
- ဂုဏ်အသရေလည်း ရှိမည်။
- ဘုန်းအာနုဘော်ကိုလည်း ရရှိခံစားမည် ဖြစ်သည်။

၃။ ထိုအရာတို့သည် ကျေးဇူးတော်အားဖြင့်သာ ဖြစ်သည်။

ကး စုံစမ်းနှောင့်ယှက်ခြင်းကို အောင်နိုင်သောအခွင့်သည် ကျေးဇူးတော်ကြောင့် ဖြစ်သည်။

ခ။ စစ်ကြောစုံစမ်းပြီးနောက်၊ ရရှိခံစားမည့် '*ချီးမွမ်းခံခြင်း၊ ဂုဏ်အသရေနှင့် ဘုန်းအာနုဘော်*' တို့သည်လည်း ကျေးဇူးတော်ကြောင့် ဖြစ်သည်။

ဂ။ ထိုကျေးဇူးတော်ကို ထောက်၍ ရွှင်လန်းသောစိတ်ကို မွေးရမည်။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၀၆)

## ယုံကြည်ခြင်း ခရီးစဉ်

**ထိုသခင်ကို သင်တို့သည် မမြင်ဖူးသော်လည်း ချစ်ကြ၏။ ယခုမှာလည်း မမြင်ဘဲလျက်၊ ယုံကြည်သောအားဖြင့် ဘုန်းအသရေနှင့် စပ်ဆိုင်သော၊ ပြော၍မမှီနိုင်သော ရွှင်လန်းခြင်းစိတ်နှင့် ဝမ်းမြောက်ကြသည်ဖြစ်၍၊ စိတ်ဝိညာဉ်ကို ကယ်တင်ခြင်းတည်းဟူသော ယုံကြည်ခြင်း၏ အကျိုးကို ခံရကြ၏။ (၁ ပေ ၁း ၈-၉)**

**ထိုသခင်. .**

၁။ သခင်ယေရှုကို ရည်ညွှန်းသည်။

၂။ သခင်ယေရှုသည် ကယ်တင်ရှင်ခရစ်တော် ဖြစ်သည်။

၃။ အကျွန်ုပ်တို့ ယုံကြည်ကိုးစားသော သခင်ဘုရားဖြစ်သည်။

**မမြင်ဖူးသော်လည်း ချစ်ကြ၏။ ယခုမှာလည်း မမြင်ဘဲလျက်၊ ယုံကြည်. . .**

၁။ လူသည် မည်သို့ ယုံကြည် လာသနည်း။

က။ တွေ့မြင်ခြင်းသည် ယုံကြည်ခြင်း (seeing is belieiving) ဖြစ်သည်။

ခ။ အချို့သောသူတို့သည် ကိုယ်တိုင်တွေ့မြင်ခြင်းအားဖြင့် ယုံကြည်ခြင်းသို့ ရောက်ကြသည်။

- သိပ္ပံပညာရှင်များ၊
- အချို့သော ခရစ်တော်၏ တပည့်တော်များ၊
- တမန်တော် သောမသည်လည်း မြင်မှသာ ယုံလိုသူဖြစ်သည်။ (ယောဟန် ၂၀း၂၅)

၂။ လူသည် မမြင်ဘဲလျက် ယုံကြည်နိုင်သည်။
  က။ ဘုရားသခင်၏ ကျေးဇူးတော်ကို ရရှိခံစားခြင်းအားဖြင့်၊
(ဧဖက် ၂း၈-၁၀)
  ခ။ နှုတ်ကပတ်တော်ကို ကြားနာခြင်းအားဖြင့်၊
(ရောမ ၁၀း၁၇)
၃။ မမြင်ဘဲ၊ မတွေ့ဘဲ၊ ယုံကြည်သောသူသည် ပို၍ မင်္ဂလာရှိသည်။
(ယောဟန် ၂၀း၂၉)
၄။ စစ်မှန်သော ယုံကြည်ခြင်းသည် ချစ်ခြင်းမေတ္တာပင် ဖြစ်သည်။
(၁ကော ၁၃း၄-၇)
  က။ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိ၊
  ခ။ သမ္မာတရား၌ ဝမ်းမြောက်တတ်သည်။
  ဂ။ ခပ်သိမ်းသောအရာတို့ကို သည်းခံတတ်သည်။
  ဃ။ ခပ်သိမ်းသောအရာတို့ကို ယုံတတ်သည်။

ဤအချက်တို့သည် စစ်မှန်သောယုံကြည်ခြင်း၏ လက္ခဏာများ ဖြစ်ကြသည်။

## ယုံကြည်သောအားဖြင့် ဘုန်းအသရေနှင့်စပ်ဆိုင်သော. . .

၁။ ထိုသို့သော ယုံကြည်ခြင်းအားဖြင့် အကျွန်ုပ်တို့၌
  က။ ဘုန်းအသရေနှင့်စပ်ဆိုင်သော ရွှင်လန်းခြင်းစိတ်၊
  ခ။ ပြော၍မမီနိုင်သော ရွှင်လန်းခြင်းစိတ်၊ ရှိလာသည်။
၂။ အကျွန်ုပ်တို့သည်လည်း ထိုရွှင်လန်းခြင်းစိတ်နှင့် ဝမ်းမြောက်ကြသည်။
၃။ တစ်နည်းအားဖြင့်ဆိုသော်၊ ဝမ်းမြောက်ခြင်းသည် စိတ်သဘောထားဖြစ်သည်။ ထို စိတ်သဘောထားသည်လည်း မှန်သောယုံကြည်ခြင်းကို အခြေခံသည်။

**စိတ်ဝိညာဉ်ကို ကယ်တင်ခြင်းတည်းဟူသော ယုံကြည်ခြင်း၏ အကျိုး. . .**

၁။ အကျိုး (ဂရိ-telos) သည် -

 က။ ရည်ရွယ်ချက်၊

ခ။ ခရီးအဆုံး စသည်တို့ဖြစ်သည်။

၂။ ယုံကြည်ခြင်း ခရီးအဆုံးသည် ယုံကြည်သူ၏ စိတ်ဝိညာဉ်ကယ်တင်ခြင်း ဖြစ်သည်။

၃။ စစ်မှန်သော ယုံကြည်ခြင်းသည် စိတ်ဝိညာဉ်ကယ်တင်သည်အထိ ရှင်သန်ကြီးထွားသွားမည် ဖြစ်သည်။

**စိန်ခေါ်ချက်**

၁။ စစ်မှန်သော ယုံကြည်ခြင်းသည် -

က။ မမြင်၊ မတွေ့သော်လည်း ကြားနာရုံဖြင့် ဖြစ်နိုင်သည်။

ခ။ နှုတ်ကပတ်တော်ကို ကြားနာခြင်းဖြင့် ဖြစ်သည်။

၂။ မှန်သော ယုံကြည်သက်ဝင်မှုသည် -

က။ ဝမ်းမြောက်သောစိတ်ကို ပြုစုပျိုးထောင်ပေးသည်။

ခ။ စိတ်ဝိညာဉ်ကယ်တင်ခြင်းအကျိုးကို ပြသည်။

၃။ မည်သို့ပင် ခက်ခဲစေကာမူ -

က။ ယုံကြည်သူများသည် ဆက်လက်သည်းခံနိုင်ရမည်။

ခ။ ရှင်သန်မျှော်လင့်နေရမည်။

ဂ။ အဆုံးထိတိုင် တည်ကြည်နိုင်ရမည်။ (မာကု ၁၃း၁၃)

၄။ အကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို စစ်ဆေးကြပါစို့။

၅။ အကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ဆက်လက်ပျိုးထောင်ကြပါစို့။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၀၇)

## ပရောဖက်တို့ ကြိုတင်သိနှင့်သော ကယ်တင်ရှင်

**ထိုကယ်တင်ခြင်း အကြောင်းအရာကို ပရောဖက်တို့သည် စေ့စေ့စစ်ကြော မေးမြန်းရှာဖွေ၍၊ သင်တို့ခံရသော ကျေးဇူးတော်အကြောင်းကို ဟောပြောကြပြီ။ ခရစ်တော်ခံတော်မူရသော ဆင်းရဲကိုငှင်း၊ ဆင်းရဲခံပြီးမှ ဝင်စားတော်မူသော ဘုန်းစည်းစိမ်ကိုငှင်း၊ သင်တို့အထဲ၌ ရှိသော ခရစ်တော်၏ ဝိညာဉ်သည် သက်သေခံနှင့်သောအခါ၊ အဘယ်မည်သော သူကိုငှင်း၊ အဘယ်သို့သော အချိန်ကာလကိုငှင်း၊ ဆိုလိုတော်မူသည်ဟု မေးမြန်း ရှာဖွေကြ၏။**

**(၁ ပေ ၁း၁၀-၁၁)**

**ထိုကယ်တင်ခြင်း အကြောင်းအရာကို. . .**

၁။ စိတ်ဝိညာဉ်၏ ကယ်တင်ခြင်းကို ရည်ညွှန်းသည်။ (၁ ပေ ၁း၉)

၂။ နောက်ဆုံးသောကာလ၌ ထင်ရှားမည့် ကယ်တင်ခြင်းကို ရည်ညွှန်းသည်။ (၁ ပေ ၁း၅)

၃။ သခင်ယေရှုကို ယုံကြည်လက်ခံသောသူတိုင်း ရရှိသော ကယ်တင်ခြင်းကို ရည်ညွှန်းသည်။ (၁ ပေ ၁း၈၊ ယောဟန် ၁း၁၂)

၄။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့ ကိုယ်စီကဏ္ဍ ပါဝင်လုပ်ဆောင်ရသော ကယ်တင်ခြင်းကို ရည်ညွှန်းသည်။ (၁ ပေ ၁း၂)

၅။ ထိုကယ်တင်ခြင်း အကြောင်းအရာကို ပရောဖက်တို့သည် -

က။ စေ့စေ့စစ်ကြောပြီး မေးမြန်း ရှာဖွေကြ (ဂရိ-ekzeteo + exeraunao)တို့ ပေါင်းစပ်ထားသည်။

ခ။ ekzeteo သည် *'ရှာဖွေသည်'* ဟု တိုက်ရိုက်ပြန်ဆိုနိုင်သည်။ exeraunao သည် *'အသေးစိတ် စစ်ဆေးသည်'* ဟု ပြန်ဆိုနိုင်သည်။ ထို့ကြောင့် အသေးစိတ် လေ့လာရှာဖွေကြသည်။

၆။ ပရောဖက်တို့သည် ခရစ်တော် ဆောင်ကြဉ်းလာသော ကယ်တင်ခြင်းနှင့် စပ်လျဉ်းပြီး -

က။ သမ္မာကျမ်းစာ (မောရှေရေးသောစာများ) ကိုအသေးစိတ် လေ့လာကြမည် ဖြစ်သည်။

ခ။ မိမိတို့ထက် ရှေးကျသော ပရောဖက်များ၏ ဟောကြားချက်များကို လေ့လာကြမည် ဖြစ်သည်။

ဂ။ ဆုတောင်း၍ ဘုရားသခင်ထံမှ ဖွင့်ပြခြင်းကို ခံယူကြမည် ဖြစ်သည်။

## သင်တို့ခံရသော ကျေးဇူးတော်အကြောင်းကို ဟောပြောကြပြီ

၁။ ဤကျေးဇူးတော်သည် ကယ်တင်ခြင်းကို သွယ်ဝိုက်၍ ဆိုလိုသည်။

က။ ကယ်တင်ခြင်းသည် သုံးပါးတစ်ဆူဘုရားသခင်၏ လုပ်ဆောင်ချက် ဖြစ်သည်။

ခ။ ကယ်တင်ခြင်းသည် အကျွန်ုပ်တို့ ကောင်းမှုကုသိုလ်အားဖြင့် ရရှိကြသည် မဟုတ်။

ဂ။ ကယ်တင်ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ယုံကြည်လက်ခံခြင်းဖြင့် ရရှိကြသည်။ (ဧဖက် ၂း၈-၁၀)

၂။ ပရောဖက်တို့သည် လက်ရှိကျွန်ုပ်တို့ ခံစားရသော ကျေးဇူးတော်အကြောင်းကို ဟောပြောကြသည်။

၃။ ထို့ကြောင့်၊ ပရောဖက်တို့၏ ဟောကြားချက်သည် -

က။ မေရှိယကယ်တင်ရှင်နှင့် အမြဲဆက်စပ်လျက် ရှိသည်။

ခ။ နောင်တစ်ချိန်၌ ထင်ရှားမည့် ဘုရားသခင်၏လူမျိုးတော်နှင့်လည်း ဆက်စပ်လျက် ရှိသည်။

## ခရစ်တော်ခံတော်မူသော ဆင်းရဲကိုငှင်း. . .

၁။ သခင်ယေရှုသည် မေရှိယဖြစ်သည့်အားလျော်စွာ

က။ ဆင်းရဲခြင်း ခံရမည် ဖြစ်သည်။

ခ။ ထို့နောက် ဘုန်းစည်းစိမ်ကိုလည်း စံစားမည် ဖြစ်သည်။

၂။ သခင်ခရစ်တော် ခံရသော ဆင်းရဲခြင်း၌ -
ကျ။ လူ့ဇာတိအဖြစ် မွေးဖွားခြင်း၊
ခ။ မထီမဲ့မြင်ပြု၍ ဆက်ဆံခြင်း၊
ဂ။ ဖမ်းဆီးချုပ်နှောင်၍ လက်ဝါးကပ်တိုင်၌ အသေသတ်ခြင်း၊
စသည်တို့ပါဝင်သည်။ (ဟေရှာယ ၅၂-၅၃)
၃။ သခင်ခရစ်တော် စံစားမည့် ဘုန်းစည်းစိမ်၌ -
က။ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း၊ (ရောမ ၁း၁-၇)
ခ။ အမြင့်မြတ်ဆုံးသော နာမတော်ကို ခံယူခြင်း၊ ( ဖိလိ ၂း၅-၁၁)
ဂ။ ဘုရားသခင်၏ လက်ျာတော်ဘက်၌ ထိုင်တော်မူခြင်း
(မာကု ၁၆း၁၉၊ ဟေဗြဲ ၈း၁၊ ၁၂း၂၊ ဗျာဒိတ် ၃း၂၁၊
ဆာလံ ၁၁၀း၁) စသည်တို့ ပါဝင်သည်။

**သူတို့အထဲ၌ရှိသော ခရစ်တော်၏ဝိညာဉ်တော်သည်. . .**

၁။ ပရောဖက်တို့၏ အထဲ၌ရှိသော ဝိညာဉ်တော်သည် -
က။ ဘုရားသခင်၏ ဝိညာဉ်တော်၊
ခ။ သန့်ရှင်းသောဝိညာဉ်၊
ဂ။ အထူးသဖြင့် ခရစ်တော်၏ဝိညာဉ်တော် ဖြစ်သည်။
၂။ ခရစ်တော်သည် ဘုရားသခင်ဖြစ်သောကြောင့် ဝိညာဉ်တော်အဖြစ် လည်း တည်ရှိနှင့်သည်။
၃။ ၎င်းကို ခရစ်တော်တည်ရှိနှင့်ခြင်း (The pre-eistence of Christ) ဟုခေါ်သည်။ ဆိုလိုသည်မှာ ခရစ်တော်သည် သခင်ယေရှုအားဖြင့် မမွေးဖွားမီ ဓမ္မဟောင်းခေတ်ကတည်းက တည်ရှိနှင့်သော ဘုရား ဖြစ်သည်။
၄။ ထိုခရစ်တော်၏ ဝိညာဉ်တော်သည် -
က။ ပရောဖက်တို့အထဲ၌ ကျိန်းဝပ်သည်။
ခ။ ပရောဖက်တို့အား သခင်ခရစ်တော်နှင့် စပ်လျဉ်း၍ ဖွင့်ပြနှင့် သည်။
ဂ။ ပရောဖက်တို့အား ကယ်တင်ခြင်းနှင့်စပ်လျဉ်း၍ သက်သေခံ နှင့်သည်။

၅။ ထိုသို့ ဝိညာဉ်တော်မှ သက်သေခံနှင့် (ကြိုတင်ဖွင့်ပြ) သောအခါ ပရောဖက်တို့သည် -

က။ အဘယ်သူကို ဆိုလိုသည်ကို လည်းကောင်း၊

ခ။ မည်သည့်အချိန်ကာလ၌ ဖြစ်မည်ကို လည်းကောင်း၊ မေးမြန်းရှာဖွေကြသည်။

၆။ ခရစ်တော်၏ဝိညာဉ်တော်မှ ဖွင့်ပြသည်နှင့်အညီ၊ ပရောဖက်တို့သည် -

က။ သခင်ယေရှုခရစ်တော်အားဖြင့် ကယ်တင်ခြင်းအမှု ပေါ်ထွန်းလာမည်ကို လည်းကောင်း၊

ခ။ နောက်ဆုံးသောကာလ၌ သခင်ခရစ်တော်မွေးဖွားလာမည်ကို လည်းကောင်း အခိုင်အမာ ဟောနှင့်ကြသည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၀၈)

## အလွန်နက်ရှိုင်းသော ကယ်တင်ခြင်းကျေးဇူးတော်

**ကိုယ်ဟောပြောပြုစုသောအရာများသည်၊ ကိုယ်အဘို့မဟုတ်၊ သင်တို့အဘို့ ဖြစ်သည်ဟု ထိုသူတို့အား ဖွင့်ပြတော်မူ၏။ ကောင်းကင်ဘုံမှ စေလွှတ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်ပါလျက်၊ သင်တို့အား ဧဝံဂေလိတရားကို ဟောပြောသောသူတို့သည်၊ ထိုအရာများကို သင်တို့အား ယခုကြားပြောကြပြီ။ ထိုအရာတို့ကို ကောင်းကင်တမန်တို့သည် စေ့စေ့ကြည့်ရှု စဉ်းစားချင်သော စေတနာစိတ်ရှိကြ၏။ သို့ဖြစ်၍ သင်တို့စိတ်နှလုံးကို ခါးပန်းစည်း၍ သမ္မာသတိရှိကြလော့။ ယေရှုခရစ် ပေါ်ထွန်းတော်မူသောအခါ၊ သင်တို့ဆီသို့ ရောက်လတံ့သော ဆုကျေးဇူးကို အဆုံးတိုင်အောင် မြော်လင့်ကြလော့။**
**(၁ ပေ ၁း ၁၂-၁၃)**

### ပရောဖက်တို့

၁။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဖွင့်ပြခြင်းဖြင့် ဘုရားသခင်နှင့်စပ်ဆိုင်သောအရာများကို -

က။ နားလည်ကြသည်။

ခ။ ဟောပြောပြုစုကြသည်။

၂။ သူတို့ ဟောပြောသောအရာသည် -

က။ မိမိတို့အဖို့ မဟုတ်သည်ကိုလည်းကောင်း၊

ခ။ အကျွန်ုပ်တို့ (သင်တို့)အဖို့ ဖြစ်သည်ကိုလည်းကောင်း သိကြသည်။

၃။ ထို့ကြောင့် သူတို့သည် နောင်တစ်ချိန်၌ ပြည့်စုံမည့် ကယ်တင်ခြင်းကို မျှော်လင့်လျက် နေခဲ့ကြသည်။

## တမန်တော်တို့

၁။ သခင်ခရစ်တော်ကိုယ်တိုင် စေလွှတ်သော တပည့်တော်များကို ရည်ညွှန်းသည်။

၂။ ပေါလုသည်လည်း ခရစ်တော်ကိုယ်တိုင် စေလွှတ်သောသူဖြစ်သောကြောင့် သူသည်လည်း တမန်တော် တစ်ပါး ဖြစ်သည်။

၃။ သူတို့သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဧဝံဂေလိတရားကို -

က။ လက်ခံယုံကြည်ကြသည်။

ခ။ ဝေငှသက်သေခံကြသည်။

၄။ တမန်တော်တို့သည် ဧဝံဂေလိတရားကို ဟောပြောသောသူများဖြစ်ကြသည်။

က။ သူတို့သည် သန့်ရှင်းသောဝိညာဉ်၏ မစခြင်းဖြင့် ဟောပြောကြသည်။

ခ။ သူတို့ဟောသောတရားသည် ပရောဖက်တို့ ဟောပြောပြုစုသော အရာပင် ဖြစ်သည်။

ဂ။ ယင်းသည် ကယ်တင်ခြင်းတရား ဖြစ်သည်။

## သန့်ရှင်းသော ဝိညာဉ်တော်

၁။ပရောဖက်တို့ကို နက်နဲသောတရားများ ဖွင့်ပြပေးသောသူဖြစ်သည်။

၂။ တမန်တော်တို့ကို ဧဝံဂေလိတရား ဖွင့်ပြပေးသောသူ ဖြစ်သည်။

၃။ ပရောဖက်တို့နှင့် တမန်တော်တို့ကို အခွင့်တန်ခိုးပေး၍ မစသောသူဖြစ်သည်။

၄။ သူသည် ကောင်းကင်ဘုံမှ စေလွှတ်ခြင်းကို ခံရသောသူဖြစ်သည်။

က။ လူသားတို့ကို မစရန် ကြွလာသောသူ၊ (ယောဟန် ၃း၈)

ခ။ ယုံကြည်သူများကို သန့်ရှင်းစင်ကြယ်စေရန် ကြွလာသောသူ၊ (၁ ပေ ၁း၂)

ဂ။ အမှုတော်ဆောင်များကို အခွင့်တန်ခိုးပေး၍ မစရန် ကြွလာသောသူ စသည်တို့ဖြစ်သည်။

**ကောင်းကင်တမန်တို့**

၁။ ဘုရားသခင်၏ အစေခံ နမ်ဝိညာဉ် ဖြစ်ကြသည်။

၂။ ကယ်တင်ခြင်းကျေးဇူးကို အမွေခံလတ့ံသော သူတို့ကို ပြုစုသောသူ
များ ဖြစ်ကြသည်။ (ဟေဗြဲ ၁း၁၄)

၃။ အလွန်နက်ရှိုင်းသော ကယ်တင်ခြင်းကို စေ့စေ့ကြည့်ရှု စဉ်းစားချင်
သော စေတနာစိတ် ရှိကြသည်။

က။ *'စေ့စေ့ကြည့်ရှုစဉ်းစား'* (ဂရိ- parakupto) သည် -

- ခိုး၍ ချောင်းကြည့်သည်၊
- ကိုယ်ခန္ဓကို ကိုင်း၍ ကြည့်သည်၊
- အားစိုက်၍ ကြည့်ရှုသည်၊ စသည်တို့ဖြစ်သည်။

ခ။ ကောင်းကင်တမန်တို့သည် ကယ်တင်ခြင်းကို အသေးစိတ်
နားလည်ချင်ကြသည်။ သူတို့သည် ကယ်တင်ခြင်းကို အကုန်
အစင် မသိကြ၊ နားမလည်ကြ။

၄။ *'ဤမျှလောက် ကြီးစွာသော ကယ်တင်တော်မူခြင်းတရားကို'*
အကျွန်ုပ်တို့သည် မြတ်နိုးစွာ နားထောင်ရမည်။ (ဟေဗြဲ ၂း ၃)

**သို့ဖြစ်၍၊ သင်တို့စိတ်နှလုံးကို ခါးပန်းစည်း၍. . .**

၁။ *'သို့ဖြစ်၍'* သည် ထို့ကြောင့် ဟု မှတ်ယူနိုင်သည်။

၂။ အကျွန်ုပ်တို့သည် အလွန်နက်နဲသော ကယ်တင်ခြင်းကျေးဇူးကို
ခံရသောကြောင့် -

က။ မိမိတို့စိတ်နှလုံးကို ထိန်းချုပ်၍ သတိနှင့် စောင့်ရှောက်ရမည်။

ခ။ မမေ့လျော့သောသတိနှင့် နေထိုင်ကျင့်ကြံကြရမည်။

၃။ ဆိုလိုသည်မှာ အကျွန်ုပ်တို့သည် -

က။ ယေရှုခရစ်ပြန်ကြွလာသည့်အထိ သစ္စာစောင့်ကြရမည်။

ခ။ ယေရှုခရစ်ပေါ်ထွန်းသောအခါ ရရှိမည့်ကျေးဇူးတော်
(ကယ်တင်ခြင်း) ကို မျှော်လင့်နေရမည်။

၄။ အဆုံးထိတိုင် တည်ကြည်ခြင်းသည် ခရစ်တော်ဒုတိယအကြိမ်ကြွ
လာသောအခါ ထင်ရှားမည့် ကယ်တင်ခြင်းကျေးဇူးကို ရရှိခံစား
မည့် တစ်ခုတည်းသော လမ်းစဉ်ဖြစ်သည်။ (မာကု ၁၃း၁၃)

## ခဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၀၉)

## ဘုရားသခင်မိန့်တော်မူသည့်အတိုင်း နေထိုင်ခြင်း

**အထက်က သင်တို့သည် မှောင်မိုက်ထဲမှာ ကျင့်သောတပ်မက်ခြင်းတရားကို ယခုမလိုက်မကျင့်ဘဲ၊ နားထောင်တတ်သောသူငယ်ကဲ့သို့ဖြစ်၍၊ သင်တို့ကို ခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည်နည်းတူ၊ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့။ (၁ ပေ ၁း၁၄-၁၅)**

**အထက်က သင်တို့သည်. . .**

၁။ *'အထက်က'* သည် ယုံကြည်သူ ဖြစ်မလာခင်က အချိန်ကို ရည်ညွှန်းသည်။

၂။ *'မှောင်မိုက်ထဲမှာ ကျင့်သောတပ်မက်ခြင်းတရား'* သည် -

က။ ပေါ့လျော့စွာ မိုက်မဲ၍ နေထိုင်ခြင်း၊

ခ။ မိမိလိုအင်ဆန္ဒနောက်ကိုသာ လိုက်လျှောက်ခြင်း စသည်တို့ဖြစ်သည်။

၃။ ယခုလက်ရှိ၌ ယုံကြည်သောသူတို့သည် -

က။ မိမိ၏ဆန္ဒကို မိုက်မဲစွာ လိုက်လျှောက်ခြင်း မရှိကြ။

ခ။ ပေါ့ပေါ့ဆဆ မိုက်မဲစွာ ကျင့်ကြံနေထိုင်ခြင်း မရှိကြ။

ဂ။ မှောင်မိုက်၌ကျင့်သော တပ်မက်ခြင်းတရားရှိသည့် ပုံစံမျိုးနှင့် မနေကြ။

ဃ။ ဘုရားစကားကို နားထောင်တတ်သော ကလေးသူငယ်ကဲ့သို့ ဖြစ်ကြရမည် ဖြစ်သည်။

**သင်တို့ကို ခေါ်တော်မူသောသူသည်. . .**

၁။ *'နားထောင်တတ်သောသူငယ်'* သည် -

က။ ပြောပြသည့်အတိုင်း လိုက်လုပ်တတ်သည်။

ခ။ မြင်သည့်အတိုင်း အတုယူတတ်သည်။
ဂ။ မငြင်းမဆန်ဘဲ စွမ်းအားအပြည့်နှင့် နာခံတတ်သည်။
၂။ ယုံကြည်သူတို့သည် *'နားထောင်တတ်သောကလေးသူငယ်ကဲ့သို့'* ဖြစ်ကြရမည်။
၃။ သင်တို့ကို ခေါ်တော်မူသောသူသည် -
က။ ခမည်းတော်ဘုရားသခင် ဖြစ်သည်။
ခ။ အရာခပ်သိမ်းကို ကြိုတင်ပြင်ဆင်နှင့်သော ဉာဏ်တော်နှင့်အညီ ခေါ်တော်မူသည်။ (၁ ပေ ၁း၂)
ဂ။ သန့်ရှင်းတော်မူသည်။
၄။ ယုံကြည်သူများသည် ခမည်းတော်သန့်ရှင်းသည်နည်းတူ သန့်ရှင်းကြရမည်။

## ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်း ရှိကြလော့

၁။ *'ကျင့်ကြံပြုမူသမျှတို့'* သည် -
က။ စရိုက်၊
ခ။ အပြုအမူ၊
ဂ။ နေထိုင်မှု စသည်တို့ဖြစ်သည်။
၂။ ရွေးကောက်တော်မူသောသူတို့သည် ထိုကျင့်ကြံပြုမူသမျှတို့၌
က။ သန့်ရှင်းခြင်းရှိကြရမည်။
ခ။ အပြစ်တင်ခြင်းနှင့် ကင်းလွတ်နေရမည်။

## စိန်ခေါ်ချက်

၁။ ဘုရားသခင်သန့်ရှင်းသည်နည်းတူ မည်သို့သန့်ရှင်းနိုင်ကြမည်နည်း။
၂။ ဘုရားသခင်ပြောသည့်အတိုင်း နေထိုင်ခြင်းအားဖြင့်သာ သန့်ရှင်းနိုင်မည် ဖြစ်သည်။
၃။ *'ဘုရားသခင် နည်းတူ'* သန့်ရှင်းသောသူဖြစ်လိုက၊ *'ဘုရားသခင်နှင့်အတူ'* လျှောက်လှမ်းရပါမည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၁၀)

## ဘုရားသခင်နည်းတူ သန့်ရှင်းခြင်း

**အကြောင်းမူကား၊ ငါသည် သန့်ရှင်းတော်မူသောကြောင့်၊ သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့ဟု ကျမ်းစာလာသတည်း။ လူမျက်နှာကို မငဲ့၊ ခပ်သိမ်းသော သူတို့၏အကျင့်အတိုင်း စီရင်တော်မူသော ခမည်းတော်ကို သင်တို့သည် ဆုတောင်းကိုးကွယ်လျှင်၊ ဧည့်သည်ဖြစ်စဉ်ကာလပတ်လုံး ကြောက်ရွံ့သောစိတ်နှင့်ကျင့်နေကြလော့။**

**(၁ ပေ ၁း ၁၆-၁၇)**

### အကြောင်းမူကား

၁။ ၁း၁၅ ၌ ဘုရားသခင်ကဲ့သို့ သန့်ရှင်းကြရန် မိန့်တော်မူခဲ့သည်။
၂။ ထိုသို့ သွန်သင်ရခြင်း၏ အကြောင်းရင်းမှာ-
  က။ သမ္မာကျမ်းစာ၌ ဖော်ပြထားသောအချက်ကြောင့် ဖြစ်သည်။
  ခ။ ဘုရားသခင်၏ နှုတ်ထွက်စကားတော်ကြောင့် ဖြစ်သည်။
၃။ ကျမ်းစာသည် -
  က။ ရေးသားထားသောအရာ ဖြစ်သည်။
  ခ။ သင်ယူ၊ ခံယူရမည့်အရာ ဖြစ်သည်။
  ဂ။ ယုံကြည်ခြင်းနှင့် အသက်တာ တို့အပေါ်၌ ဩဇာအာဏာစိုးမိုးသောအရာ ဖြစ်သည်။ (မဿဲ ၄)

### ငါသည် သန့်ရှင်းတော်မူသောကြောင့် . . .

၁။ *'ငါ'* သည် ဘုရားသခင် ခမည်းတော် ဖြစ်သည်။
၂။ ဘုရားသခင်သည် သန့်ရှင်းတော်မူသောသူဖြစ်သည်။
၃။ ဘုရားသခင် သန့်ရှင်းသောကြောင့် -
  က။ ယုံကြည်သောသူတို့သည် သန့်ရှင်းကြရမည်။
  ခ။ အကျွန်ုပ်တို့သည် သန့်ရှင်းကြရမည်။

၄။ 'သောကြောင့်' သည် -

က။ အကြောင်းကို ဖော်ပြသည်။

ခ။ အကျွန်ုပ်တို့၏ အကျင့်စရိုက် အခြေခံချက်ဖြစ်သော ဘုရားသခင်၏ သန့်ရှင်းခြင်းကို ထုတ်ဖော်သည်။

၅။ တစ်နည်းအားဖြင့်ပြောရလျှင်၊

က။ ခေါ်သောသူနှင့် အခေါ်ခံရသောသူတို့သည် တစ်သားတည်း တစ်ကိုယ်တည်း ဖြစ်ကြရမည် ဖြစ်သည်။

ခ။ ဘုရားသခင်၏ဖြစ်တည်ခြင်းသည် အကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်၊ အကျင့်စရိုက်တို့၏ အခြေခံအုတ်မြစ် ဖြစ်ရမည်။

**လူမျက်နှာကိုမငဲ့ . . .**

၁။ ဘုရားသခင်သည် -

က။ အကျွန်ုပ်တို့ကို ရွေးကောက်သောသူ ဖြစ်သည်။ (၁ ပေ ၁း၂)

ခ။ အကျွန်ုပ်တို့ကို ဖြစ်ဖွားစေတော်မူသောသူဖြစ်သည်။(၁ပေ၁း ၃)

ဂ။ အကျွန်ုပ်တို့ကို ခေါ်တော်မူသောသူ ဖြစ်သည်။ (၁ ပေ ၁း၁၅)

၂။ ဘုရားသခင်သည် -

က။ သန့်ရှင်းသောသူ ဖြစ်သည်။

ခ။ လူမျက်နှာကို မငဲ့သောသူ ဖြစ်သည်။

ဂ။ ခပ်သိမ်းသောအရာတို့ကို သူတို့၏အကျင့်အတိုင်း စီရင်သောသူ ဖြစ်သည်။

၃။ အကျွန်ုပ်တို့သည် ထိုဘုရားသခင်ကို -

က။ ယုံကြည်ကြသည်။

ခ။ ကိုးကွယ်ကြသည်။

ဂ။ သူ့ထံတော်သို့ ဆုတောင်းကြသည်။

**ဧည့်သည်ဖြစ်စဉ် ကာလပတ်လုံး. . .**

၁။ အကျွန်ုပ်တို့သည် -

က။ လောက၌ ကျင်လည်သော ဧည့်သည်များ ဖြစ်ကြသည်။
(ဟေဗြဲ ၁၁း၁၆)

ခ။ တစ်နေ့ သေဆုံးကြမည် ဖြစ်သည်။

ဂ။ ထိုနောက်မှ ဘုရားသခင်၏ တရားစီရင်ခြင်းကို ခံကြရမည်။
(ဟေဗြဲ ၉း၂၇)

၂။ ထို့ကြောင့် ဧည့်သည်ဖြစ်စဉ်ကာလ၌ -

က။ ဘုရားသခင်ကို ကြောက်ရွံ့၍ အသက်ရှင်ကြပါစို့။

ခ။ ဘုရားသခင်နည်းတူ သန့်ရှင်းခြင်းရှိကြပါစို့။

ဂ။ နောင်တစ်ချိန်၌ ကြုံရမည့် တရားစီရင်ခြင်းကို တွေးမြင်လျက် သတိနှင့် နေထိုင်ကြပါစို့။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၁၁)

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း

**မိစဉ်ဘဆက်ကျင်လည်သော အချည်းနှီးကျင့်ကြံပြုမူခြင်းမှ၊ ရွှေငွေအစရှိသော ဖောက်ပြန် ပျက်စီးတတ်သော ဥစ္စာနှင့် သင်တို့ကို ရွေးကောက်တော်မူသည် မဟုတ်၊ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏အသွေးတော်မြတ်နှင့်ရွေးကောက်တော်မူသည်ကို သိမှတ်ကြလော့။ (၁ ပေ ၁း ၁၈-၁၉)**

### ဘုရားသခင်ကဲ့သို့ သန့်ရှင်းရခြင်း

၁။ အကျွန်ုပ်တို့ကို ခေါ်တော်မူသော ဘုရားသခင် သန့်ရှင်းသည်နည်းတူ အကျွန်ုပ်တို့သည်လည်း သန့်ရှင်းခြင်းရှိကြရမည်။

၂။ ပထမအကြောင်းရင်းမှာ ဘုရားသခင်သည် အကျွန်ုပ်တို့ကို -

က။ ဖခင်များမှ လက်ဆင့်ကမ်းလာသော အစဉ်အလာတို့ဖြင့်လည်းကောင်း၊

ခ။ ဖောက်ပြန်ပျက်စီးတတ်သော ရွှေငွေဥစ္စာတို့ဖြင့်လည်းကောင်း၊ ရွေးကောက်တော်မူသည် မဟုတ်။

၃။ ဒုတိယအကြောင်းရင်းမှာ ဘုရားသခင်သည် အကျွန်ုပ်တို့ကို -

 က။ အပြစ်အနာအဆာမရှိသော၊

ခ။ အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ် ခရစ်တော်၏ အသွေးတော်မြတ်ဖြင့် ရွေးကောက်တော်မူသည်။

### ဘုရားသခင်က အကျွန်ုပ်တို့အား ရွေးကောက်ခြင်း မပြုသည့် အရာများကား အဘယ်နည်း။

၁။ ဖခင်များမှ တစ်ဆင့်ခံရသော ထုံးတမ်းစဉ်လာတို့ဖြင့် ရွေးကောက်သည် မဟုတ်။ ဆက်ခံလာရသော ထုံးတမ်းစဉ်လာသည် -

က။ လူတို့ပြုလုပ်သော အရာဖြစ်သည်။

ခ။ ဘုရားသခင်၏နှုတ်ထွက်စကားတော်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။
ဂ။ သမ္မာကျမ်းစာ၏ သွန်သင်ချက်ကို မထီမဲ့မြင်ပြုသည်။
(မာကု ၇း၇-၉၊ ကော ၂း၈)

၂။ ဖောက်ပြန်ပျက်စီးတတ်သော ရတနာများအားဖြင့် ရွေးကောက်သည် မဟုတ်။
က။ ရွှေနှင့်ငွေတို့သည် တန်ဖိုးကြီးသော ရတနာပစ္စည်းများဖြစ်ကြသည်။
ခ။ မည်သည့်ရတနာမဆို ထာဝရတည်မြဲသည် မရှိ၊ ပျက်စီးကြမည်သာ ဖြစ်သည်။

၃။ ဘုရားသခင်သည် လူတို့ဖန်တီးထားသော ထုံးတမ်းစဉ်လာနှင့် တန်ဖိုးကြီး၍ ပျက်စီးတတ်သော ရတနာတို့ဖြင့် အကျွန်ုပ်တို့ကို ရွေးကောက်တော်မူသည် မဟုတ်။

## ဘုရားသခင်သည် မည်သည့်အရာဖြင့် အကျွန်ုပ်တို့ကို ရွေးကောက်တော်မူသနည်း။

၁။ အဘယ်အပြစ်မျှ မရှိသော၊ အညစ်အကြေးနှင့်ကင်းစင်သော ဘုရားသခင်၏ သိုးသငယ်အားဖြင့် ရွေးကောက်တော်မူသည်။
(ယောဟန် ၁း၂၉)

၂။ အပြစ်မရှိသော၊ အညစ်အကြေးနှင့် ကင်းစင်သော ခရစ်တော်၏ အသွေးတော်အားဖြင့် ရွေးကောက်တော်မူသည်။
က။ အသွေးသွန်ခြင်းမရှိလျှင် အပြစ်လွတ်ခြင်းလည်း မရှိ။
(ဟေဗြဲ ၁၀)
ခ။ အပြစ်၏အဖိုးအခသည် သေခြင်းဖြစ်သည်။ ခရစ်တော်သည် အကျွန်ုပ်တို့အပြစ်၏ အဖိုးအခကို ကိုယ်စားပေးဆပ်တော်မူသည်။ (ရောမ ၆း၂၃၊ ၅း၈)

၃။ ဘုရားသခင်သည် မိမိ၌ရှိသော တစ်ဦးတည်းသော သားတော်၏ အသက်ကို စွန့်ခြင်းဖြင့် အကျွန်ုပ်တို့ကို ရွေးကောက်တော်မူသည်။

က။ ဘုရားသခင်သည် -

- အလွန်တရာမှ ကြီးမားသော အဖိုးအခ ဖြစ်သည်။
- အမြတ်နိုးဆုံးသော၊ တစ်ဦးတည်းသော သားတော်ကို စွန့်လွှတ်ခြင်းအားဖြင့် အကျွန်ုပ်တို့ကို ရွေးကောက်သည်။

ခ။ သခင်ခရစ်တော်သည် -

- မိမိအသက်ကို စွန့်၍ ခမည်းတော်၏ အလိုတော်ကို ဆောင်ရွက်သည်။
- အကျွန်ုပ်တို့ကို အသက်ထက်မက ချစ်တော်မူကြောင်း ထင်ရှားစေသည်။
- မိမိအသက်ဖြင့် အကျွန်ုပ်တို့၏အသက်ကို ရွေးနှုတ်တော်မူသည်။
- အကျွန်ုပ်တို့၏ အသက်သခင်နှင့်အရှင် ဖြစ်သည်။

၄။ ဘုရားသခင် အဘယ်သို့ ရွေးကောက်တော်မူသည်ကို -

က။ အသေအချာ သိမှတ်ရမည်။

ခ။ စိတ်ထဲမှ စွဲလမ်းလျက် ရှိရမည်။

ဂ။ အခိုင်အမာ သိရှိထားရမည်။

၅။ သို့မှသာ ရွေးကောက်တော်မူခြင်းနှင့် ထိုက်တန်စွာ နေထိုင်ကျင့်ကြံပြုမူနိုင်မည် ဖြစ်သည်။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၁၂)

## ကြိုတင်ခန့်ထားသောခရစ်တော်

**ထိုခရစ်တော်ကား၊ ဤကမ္ဘာမတည်မရှိမှီ ခန့်ထားတော်မူခြင်းကိုခံနှင့်သည်ဖြစ်၍၊ ကိုယ်တော်အားဖြင့် ဘုရားသခင်ကို ယုံကြည်သောသင်တို့အဘို့၊ ဤနောက်ဆုံးသောကာလ၌ ထင်ရှားတော်မူပြီ။ သင်တို့သည် ဘုရားသခင်ကိုထောက်လျက် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းရှိစေခြင်းငှါ၊ ထိုသခင်ကို ဘုရားသခင်သည် သေခြင်းမှထမြောက်စေ၍ ဘုန်းအသရေကို ပေးသနားတော်မူပြီ။ (၁ ပေ ၁း၂၀-၂၁)**

**ထိုခရစ်တော်ကား. . .**

၁။ ဘုရားသခင်၏ သိုးသူငယ် သခင်ယေရှု ဖြစ်သည်။

၂။ ခမည်းတော်ဘုရားသခင်သည် သိုးသူငယ်၏သွေးတော်အားဖြင့် အကျွန်ုပ်တို့ကို ရွေးကောက်တော်မူသည်။ (၁း၁၈-၁၉)

၃။ သခင်ခရစ်တော်သည် အကျွန်ုပ်တို့ကို အသွေးသွန် အသက်ပေး၍ ရွေးနှုတ်တော်မူသည်။

၄။ ထိုခရစ်တော်သည် -

က။ ကမ္ဘာမတည်မရှိမီကတည်းက ဘုရားသခင်ခန့်ထား (ဂရိ- proginosko) တော်မူသည်။

ခ။ ဤ ဂရိ-proginosis (ကြိုတင်ခန့်ထားခြင်း) သည် ၁း၂ ၌ တွေ့ရသော ‘prognosis’ (ကြိုတင်သိထားခြင်း) နှင့်အလွန်နီးစပ်သည်။

ဂ။ ဘုရားသခင်သည် ကြိုတင်သိထားသည့်အတိုင်း၊ ကြိုတင်ခန့်ထားတော်မူသည်။

ဃ။ ဘုရားသည် ခရစ်တော်ကို ကယ်တင်ရှင်အသက်သခင်အဖြစ် အစအဦးကတည်းက ခန့်ထားနှင့်သည်။

## ကိုယ်တော်အားဖြင့် ဘုရားသခင်ကို ယုံကြည်သောသင်တို့ အဘို့. . .

၁။ ဘုရားသခင်ကို ခရစ်တော်အားဖြင့်သာ ယုံကြည်နိုင်သည်။
  က။ ဓမ္မဟောင်းခေတ်က သူတော်စင်များသည် ခရစ်တော်အားဖြင့် သာ ယုံကြည်နိုင်ကြသည်။ (လုကာ ၁၀း၂၄၊ ယောဟန် ၅း၄၆)
  ခ။ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့်သာ ကယ်တင်ခြင်းသို့ ရောက်နိုင်သည်။ (ရောမ ၃း၂၅-၂၆၊ တမန် ၄း၁၂)
  ဂ။ သခင်ခရစ်တော်သည် နောက်ဆုံးသောကာလ၌ ယုံကြည်သူတို့ အဖို့ -
    - ဘုရားသခင်၏ တဦးတည်းသောသားတော်အဖြစ် လည်းကောင်း၊
    - ဘုရားသခင်၏သိုးသူငယ်အဖြစ်လည်းကောင်း၊ ကယ်တင်ရှင်မေရှိယအဖြစ် လည်းကောင်း၊ ထင်ရှား တော်မူသည်။

## သင်တို့သည် ဘုရားသခင်ကိုထောက်လျက်. . .

၁။ ထိုသို့ နောက်ဆုံးသောကာလ၌ ခရစ်တော် ထင်ရှားရခြင်းမှာ အကျွန်ုပ်တို့သည် -
  က။ ခရစ်တော်၌၊ ခရစ်တော်အားဖြင့်၊ ဘုရားသခင်ပြုတော်မူ သောကျေးဇူးတော်ကို မျက်ဝါးထင်ထင် သိမြင်လာကြရန်၊
  ခ။ ထိုအမှုအရာတို့ကြောင့် ဘုရားသခင်၌ ယုံကြည်ကိုးစားခြင်းနှင့် မျှော်လင့်ခြင်း ဆက်လက်တည်မြဲကြရန် စသည်တို့ဖြစ်သည်။

၂။ ဘုရားသခင်သည် ခရစ်တော်ကို -
  က။ စွန့်တော်မူ၍ လက်ဝါးကပ်တိုင်၌ အသေခံခွင့်ပေးတော်မူသည်။
  ခ။ သေခြင်းမှ ထမြောက်စေ၍ ဘုန်းအသရေကို ပေးသနားတော် မူသည်။
  ဂ။ အမြင့်မြတ်ဆုံးသောနာမကို ပေးသနားတော်မူသည်။
(ဖိလိ ၂း၁၁)

၃။ ဘုရားသခင်သည် သခင်ခရစ်တော်ကို ချီးမြှောက်သကဲ့သို့ အဆုံး
ထိ တည်ကြည်သောသူတို့ကို ချီးမြှောက်တော်မူမည်။ (၁ ပေ ၁း၇)

၄။ ထိုအကြောင်းခြင်းရာများကို ထောက်၍ -

က။ ဘုရားသခင်ကို ဆက်လက်ကိုးစားကြရမည် ဖြစ်သည်။

ခ။ ဘုရားသခင်၌ ဆက်လက်မျှော်လင့်ကြရမည် ဖြစ်သည်။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၁၃)

## နှုတ်ကပတ်တော်အားဖြင့် ဖြစ်ဖွားခြင်း

**သင်တို့သည် ဖောက်ပြန်ပျက်စီးတတ်သောမျိုးစေ့အားဖြင့် ဖြစ်ဘွားသည်မဟုတ်၊ မဖောက်ပြန်မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ဘွားသောကြောင့် ညီအစ်ကိုများကို ချစ်ယောင်မဆောင်၊ အမှန်ချစ်ခြင်းအလို ငှါ စိတ်ထဲမှာသမ္မာတရားကို နားထောင်လျက်၊ ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီးသည်နှင့်အညီ၊ စင်ကြယ်သောစိတ်နှင့် အချင်းချင်းအား ကြီးသောချစ်ခြင်းမေတ္တာ ရှိကြလော့။ (၁ ပေ ၁း၂၂-၂၃)**

**တစ်ဖန်အမှန် ဖြစ်ဖွားခြင်း**

၁။ ဂရိစကား (ana + gennao) သည်

 က။ တစ်ဖန် + မွေးဖွားခြင်း ပေါင်းစပ်ထားသည်။

ခ။ တစ်ဖန် မွေးဖွားခြင်း သည် ဟုပြန်ဆိုရမည်။

ဂ။ ဒုတိယမွေးဖွားခြင်း ကိုဆိုလိုသည်။

၂။ ယုံကြည်သူများသည် တစ်ဖန်မွေးဖွားသောသူများ ဖြစ်ကြသည်။ (ယောဟန် ၃း၈)

၃။ အကျွန်ုပ်တို့သည် မည်သည့်အရာအားဖြင့် မွေးဖွားသနည်း။

က။ ဖောက်ပြန်မပျက်စီးတတ်သော မျိုးစေ့အားဖြင့် မဟုတ်၊

ခ။ မဖောက်ပြန်ပျက်စီးတတ်သော နှုတ်ကပတ်တော်အားဖြင့် မွေးဖွားကြသည်။ ၄င်းသည် -

- ဘုရားသခင်၏နှုတ်ထွက်စကားတော် ဖြစ်သည်။
- မဖောက်ပြန်မပျက်စီးတတ်သော မျိုးစေ့ဖြစ်သည်။
- ထာဝရအသက်ရှင်၍ တည်မြဲသည်။

၄။ ထို့ကြောင့် ဒုတိယမွေးဖွားခြင်းသည် -
   က။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ်သည်။(ယောဟန် ၃း၈)
   ခ။ နှုတ်ကပတ်တော်အားဖြင့် ဖြစ်သည်။ (၁ ပေ ၁း၂၂-၂၃)
   ဂ။ ခမည်းတော်ဘုရားသခင်၏ ကြီးစွာသော ကရုဏာတော်အား ဖြင့် ဖြစ်သည်။ (၁ ပေ ၁း၃)
   ဃ။ သခင်ယေရှုကို ယုံကြည်ကိုးစားခြင်းအားဖြင့် ဖြစ်သည်။ (ယောဟန် ၁း၁၂၊ ရောမ ၁၀း၁၀-၁၁)

## အချင်းချင်း ချစ်ခြင်း

၁။ ထိုသို့ ဘုရားသခင်၏နှုတ်ထွက်စကားတော်အားဖြင့် ဖြစ်ဖွားသောကြောင့် -
   က။ ညီအစ်ကိုများကို ချစ်ယောင်ဆောင်ခြင်း မရှိသင့်။
   ခ။ ညီအစ်ကိုများကို အမှန်ချစ်ခြင်း ရှိကြရမည် ဖြစ်သည်။
၂။ ညီအစ်ကိုများကို မည်သို့ အမှန် ချစ်နိုင်မည်နည်း။
   က။ သမ္မာတရားကို စိတ်နှလုံးအကြွင်းမဲ့ နားထောင်ခြင်း၊
   ခ။ ထိုသမ္မာတရားနှင့်အညီ ကိုယ်စိတ်နှလုံးကို စင်ကြယ်စေခြင်း၊
   ဂ။ ထိုသို့ စင်ကြယ်သောစိတ်နှင့် အချင်းချင်းမေတ္တာမျှဝေ ကြရမည် ဖြစ်သည်။
၃။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အမှန်နာခံခြင်းမရှိဘဲ စိတ်နှလုံးဖြူစင်ခြင်း မရှိနိုင်။ ထိုနည်းတူ သမ္မာတရားနှင့်အညီ စိတ်နှလုံးဖြူစင်ခြင်းမရှိဘဲ သူတစ်ပါးကို ချစ်နိုင်မည် မဟုတ်။
၅။ နှုတ်ကပတ်တော်ကို အကြွင်းမဲ့ နာခံမှသာ စိတ်ရောကိုယ်ပါ စင်ကြယ်သန့်ရှင်းလာမည် ဖြစ်သည်။ သို့မှသာ ကြီးသောမေတ္တာနှင့် အချင်းချင်း ချစ်ကြနိုင်မည် ဖြစ်သည်။

**စိန်ခေါ်ချက်**

၁။ ဘုရားသခင်သည် ရွေးကောက်သောသူတို့ကို ကြီးသောကရုဏာ
ကြောင့် ဖြစ်ဖွားစေသည်။ (၁ ပေ ၁း၃)

၂။ ဘုရားသခင် ရွေးကောက်သောသူတို့သည် -

က။ နှုတ်ကပတ်တော်အားဖြင့် တစ်ဖန်ဖြစ်ဖွားခြင်းကို ခံရကြသည်။

ခ။ နှုတ်ကပတ်တော်ကို လက်ခံကျင့်သုံးလာကြသည်။

၃။ ထို့ကြောင့် ရွေးကောက်သောသူတို့သည် -

က။ နာခံခြင်းကြောင့် စိတ်ရောကိုယ်ပါ သန့်ရှင်းစင်ကြယ်လာ
ကြသည်။

ခ။ ကြီးသောချစ်ခြင်းမေတ္တာဖြင့် အချင်းချင်း ချစ်လာကြသည်။

၄။ ကျွန်ုပ်တို့သည်လည်း နှုတ်ကပတ်တော်ကို ဆက်လက်နာခံလျက်

က။ စင်ကြယ်ခြင်း၊

ခ။ ချစ်ခြင်းတို့၌ ကြီးထွားကြပါစို့။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၁၄)

## ဧဝံဂေလိတရားတော်

**လူမျိုးရှိသမျှသည် မြက်ပင်ကဲ့သို့ ဖြစ်၏။ လူမျိုး၏ ဘုန်းရှိသမျှသည်လည်း မြက်ပွင့်ကဲ့သို့ ဖြစ်၏။ မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေတတ်၏။ ထာဝရဘုရား၏ နှုတ်ကပတ်တရားဟူမူကား ကာလအစဉ်အမြဲတည်၏။ ထိုနှုတ်ကပတ်တော်သည် သင်တို့အား ဟောပြောသောဧဝံဂေလိတရား ဖြစ်သတည်း။**

**(၁ ပေ ၁း၂၄-၂၅)**

### လူမျိုးရှိသမျှသည် မြက်ပင်ကဲ့သို့ဖြစ်၏. . .

၁။ လူသည် မြက်ပင်ကဲ့သို့ ဖြစ်သည်။ ထို့ကြောင့်

က။ ကျိုးလွယ်၊ ကွဲလွယ်သည်။

ခ။ အသက်လည်း တိုသည်။

ဂ။ ညှိုးနွမ်းသွေ့ခြောက်တတ်သည်။

ဃ။ အပွင့် (အလှအပ)သည်လည်း လွယ်ကူစွာ ကြွေကျတတ်သည်။

င။ လူ၏ ဘုန်း (အလှအပ၊ လုပ်နိုင်စွမ်းနှင့်လုပ်ပိုင်ခွင့်) တို့သည် ခေတ္တခဏမျှသာ ဖြစ်သည်။ (ဟေရှာယ ၄၀း၆-၈)

၂။ ဆာလံဆရာသည်လည်း လူနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆိုသည်။

> အကြောင်းမူကား၊ ငါတို့ကိုယ်ခန္ဓာကိုသိတော်မူ၏။ ငါတို့သည် မြေမှုန့်ဖြစ်ကြောင်းကို အောက်မေ့တော်မူ၏။ လူတို့၏ နေ့ရက်ကာလသည် မြက်ပင်ကဲ့သို့ ဖြစ်၏။ လူသည် လယ်ပြင်၌ ရှိသော ပန်းပွင့်ကဲ့သို့ ပွင့်တတ်၏။ လေသည် လွန်သွားလျှင် အပွင့်ပျောက်၍၊ သူ၏နေရာသည် နောက်တဖန် သူ့ကိုမသိရာ။ (ဆာလံ ၁၀၃း ၁၄-၁၆)

၃။ လူသည် ခေတ္တခဏမျှသာ တည်ရှိသော မြက်ပင်ကဲ့သို့ ဖြစ်သည်။

**ထာဝရဘုရား၏ နှုတ်ထွက်တရားတော်မူကား. . .**

၁။ လူသားတို့၏ မတည်မြဲခြင်း၊ မခိုင်ခံ့ခြင်းတို့နှင့် လုံးဝ ဆန့်ကျင်ဘက်သည် နှုတ်ကပတ်တော် ဖြစ်သည်။

၂။ နှုတ်ကပတ်တော်သည်

က။ ဘုရားသခင်၏ နှုတ်ထွက်စကား ဖြစ်သည်။

ခ။ ကာလအစဉ်အမြဲတည်သည်။ (မဿဲ ၂၄း၃၅)

ဂ။ တမန်တော်တို့ ဟောပြောသော ဧဝံဂေလိတရား ဖြစ်သည်။

- ထိုဧဝံဂေလိတရား၌ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအကြောင်း ဖော်ပြထားသည်။ (မဿဲ ၁၇း၉)
- ထိုဧဝံဂေလိတရားသည် သမ္မာကျမ်းစာနှင့်အညီ ဖြစ်သော သခင်ယေရှု၏အသက်တာ၊ ဒုက္ခဝေဒနာ၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ ဖြစ်သည်။ (၁ ကော ၁၅း၁-၂)

၃။ ယနေ့ ကြားနာကြသော ဧဝံဂေလိတရားတော်သည် ထာဝရတည်မြဲသော တရားဖြစ်သည်။

က။ သခင်ခရစ်တော်သည် အမှန်သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူသည်။

ခ။ ကျွန်ုပ်တို့သည်လည်း သေလွန်သော်လည်း (ပြန်) ရှင်လိမ့်မည်။ (ယောဟန် ၁၁း၂၅)

ဂ။ ကျွန်ုပ်တို့ ခန္ဓာပျက်စီးသွားသော်လည်း ဤတရားသည် ထာဝရတည်မြဲသောကြောင့် ကျွန်ုပ်တို့သည်လည်း

- သေခြင်းမှ ရှင်ပြန်ထမြောက်ကြလိမ့်မည်။
- ဆင်းရဲခြင်းအမျိုးမျိုးကို ကျော်လွှားနိုင်ကြရမည်။
- ဆက်လက်၍ မျှော်လင့်နိုင်ကြရမည်။
- အဆုံးထိ တည်ကြည်နိုင်ကြရမည်။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၁၅)

## နှုတ်ကပတော်တရားကို ဆည်းပူးမှီဝဲခြင်း

**ထို့ကြောင့်၊ သင်တို့သည် သခင်ဘုရား၏ ကျေးဇူးတော်ကို မြည်စမ်းကြသည်ဖြစ်၍၊ အမျိုးမျိုးသော မနာလိုခြင်း၊ လှည့်ဖြားခြင်း၊ လျှို့ဝှက်ခြင်း၊ ငြူစူခြင်း၊ ကဲ့ရဲ့ခြင်းရှိသမျှကို ပယ်ရှား၍။ ကယ်တင်ခြင်းအလိုငှါ နှုတ်ကပတ်တရား၏ နို့စစ်အားဖြင့် ကြီးပွါးမည်အကြောင်း၊ ဘွားစသော သူငယ်ကဲ့သို့၊ ထိုတရားနို့ကို အလွန်လိုချင်သော စိတ်ရှိကြလော့။**

**(၁ ပေ ၂း၁-၃)**

**ထို့ကြောင့်. . .**

၁။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ထာဝရတည်မြဲသည်။ (၁း၂၄-၂၅)

၂။ *'ထို့ကြောင့်'* သည် အထက်ဖော်ပြပါအချက်ကို အကြောင်းပြုသော စကားဆက်ဖြစ်သည်။

၃။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ထာဝရအစဉ်တည်မြဲသော ကြောင့်

က။ နှုတ်ကပတ်တော်ကို ရွေးချယ်၍ အသက်ရှင်ရမည်။

ခ။ နှုတ်ကပတ်တော်နှင့်အညီ ကျင့်ကြံပြုမူရမည်။

ဂ။ နှုတ်ကပတ်တော်ကို ဆည်းပူး၍ ကြီးထွားရင့်ကျက်လာရမည်။

ဃ။ နှုတ်ကပတ်တော်ကို အလွန်လိုချင်သော စိတ်ရှိရမည်။

**သင်တို့သည် သခင်ဘုရား၏ကျေးဇူးတော်ကို မြည်းစမ်းကြသည်ဖြစ်၍. . .**

၁။ *'မြည်းစမ်း'* (ဂရိ-geuomai) ခြင်း ဟူသည် -

က။ စားကြည့်၍ မြည်းစမ်းသည်၊

ခ။ သုံးဆောင်၍ အရသာခံသည် စသည်တို့ဖြစ်သည်။

၂။ '*ကျေးဇူးတော်*' (ဂရိ- chrestos) သည် -
 က။ 'charis' (ကျေးဇူးတော်) မဟုတ်ပါ။
ခ။ ကောင်းမြတ်ခြင်း၊
ဂ။ သနားကြင်နာခြင်း စသည်တို့ဖြစ်သည်။
၃။ ယုံကြည်သူတို့သည် သခင်ခရစ်တော်၏ ကောင်းမြတ်ခြင်းကို ကြုံတွေ့ခံစားသောသူများ ဖြစ်ကြသည်။
က။ ခွင့်လွှတ်တော်မူသည်။
ခ။ ဘုရားသခင်၏ သားသမီးများ ဖြစ်ရသောအခွင့် ပေးသည်။
ဂ။ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေသည်။
ဃ။ အမှုတော်မြတ်၌ ပါဝင်ခွင့်ပေးသနားသည်။
င။ မသိနားမလည်သော စာတန်၏စုံစမ်းခြင်းကို မသိနားမလည်း ခြင်းမှ ကာကွယ်ပေးသည်။
စ။ အနာရောဂါများမှ သက်သာစေသည်။
ဆ။ ကောင်းချီးများစွာ ပေးသနားသည်။ (ဆာလံ ၁၀၃)
၄။ ထိုသို့ဖြစ်သောကြောင့် ယုံကြည်သောသူတို့သည် -
က။ အမျိုးမျိုးသောမနာလိုခြင်း၊
ခ။ လှည့်ဖြားခြင်း၊
ဂ။ လျို့ဝှက်ခြင်း၊
ဃ။ ငြူစူခြင်း၊
င။ ကဲ့ရဲ့ခြင်းစသော
နှုတ်ကပတ်တော်နှင့်ဆန့်ကျင်သောအရာရှိသမျှကိုပယ်ရှားကြရမည်။

**ကယ်တင်ခြင်းအလို့ငှါ နှုတ်ကပတ်တရား၏နို့စစ်အားဖြင့် . . .**
၁။ နှုတ်ကပတ်တော်သည် ထာဝရတည်မြဲသည် (၁း၂၄-၂၅)။
၂။ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့သည် တဖန်မွေးဖွားကြသည်။ (၁ ပေ ၁း၂၃)
၃။ ထို့ကြောင့် အကျွန်ုပ်တို့သည် -
က။ ထိုနှုတ်ကပတ်တော်၏သွန်သင်ချက်အတိုင်း မကောင်းသော အကျင့်ဟူသမျှကို စွန့်ပယ်ရမည်။

ခ။ ထိုနှုတ်ကပတ်တရားနို့ကို မှီခို၍ ဆက်လက်ကြီးပွားကြရမည်။

ဂ။ ထိုနှုတ်ကပတ်တော်ကိုလည်း အလွန်လိုချင်သောစိတ်နှင့် မှီဝဲ နေရမည်။

ဃ။ အလွန်လိုချင်သောစိတ် (ဂရိ-epi ရာနှုန်းပြည့် + potheo လိုချင်တပ်မက်သည်) တို့ ပေါင်းစပ်ထားသည်။

- အလွန်အမင်း တပ်မက်သည်၊
- ဥပဒေနှင့် ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ အလို ရမက်ကြီးစွာ ရယူချင်သည်၊
- ရာနှုန်းပြည့် တောင်းတသည် စသည်တို့ဖြစ်သည်။

၄။ အကြောင်းမှာ ထိုနှုတ်ကပတ်တော်သည် -

က။ အကျွန်ုပ်တို့ကို ဖြစ်ဖွားစေသည်သာမက၊

ခ။ ဝိညာဉ်ရေး၌ ကြီးထွားရင့်ကျက်စေမည် ဖြစ်သည်။

ဂ။ အသက်ဝိညာဉ်၏ ကယ်တင်ခြင်းနှင့်အတူ အမျိုးမျိုးသော အပြစ်သွေးဆောင်ရာမှ ကယ်တင်ဦးမည် ဖြစ်သည်။

ဃ။ ထိုသို့သော ကယ်တင်ခြင်းမျိုးကို ရမည်အကြောင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တရားကို ဆည်းပူးမှီဝဲကြရမည် ဖြစ်သည်။

၅။ နို့စို့သူငယ်သည် မိခင်၏နို့ကို အလွန်လိုချင်သောစိတ်နှင့် မှီဝဲ သကဲ့သို့ ဘုရားသခင်ရွေးကောက်တော်မူသော သူတို့သည် နှုတ်ကပတ်တရားကို မှီဝဲကြရမည် ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၁၆)

## ဘုရားသခင်၏ ဓမ္မတိုက်

**လူတို့ပယ်ထား၍ ဘုရားသခင်ရွေးချယ်တော်မူသော အသက်ကျောက်မြတ်တည်းဟူသော ထိုသခင်ထံသို့ သင်တို့သည် ရောက်၍၊ အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်အထပ်ထပ်တည်ဆောက်လျက်ရှိသဖြင့် ဓမ္မတိုက်ဖြစ်ကြ၏။ ယေရှုခရစ်အားဖြင့် ဘုရားသခင်နှစ်သက်တော်မူရာ ဓမ္မယဇ်ကိုပူဇော်ရသော သန့်ရှင်းသောယဇ်ပုရောဟိတ်မျိုးလည်း ဖြစ်ကြ၏။**
**(၁ပေ ၂း၄-၅)**

### လူတို့ပယ်ထား၍. . . အသက်ကျောက်မြတ်တည်းဟူသော ထိုသခင်

၁။ *'ထိုသခင်'* သည်

က။ သခင်ယေရှု ဖြစ်သည်။

ခ။ အသင်းတော်၏ အသက်ကျောက်မြတ်ဖြစ်သည်။ အသင်းတော်သည် သခင်ခရစ်တော်၌ မတည်ဘဲ အသက်မရှင်နိုင်။ (မဿဲ ၁၆း၁၈)

ဂ။ ဘုရားသခင်ရွေးချယ်တော်မူသော သူဖြစ်သည်။ ဘုရားသခင်က သခင်ခရစ်တော်ကို အကျွန်ုပ်တို့၏ ကယ်တင်ရှင်အဖြစ် ကမ္ဘာမတည်မရှိမှီကတည်းက ခန့်ထားတော်မူနှင့်သည်။ (၁ ပေ ၁း၂၀)

၂။ လူတို့သည် ထိုသခင်ကို ပယ်ထားကြသည်။

က။ ထိုသခင်ကို ပယ်ထားသောသူတို့၌ ဘုရားသခင်၏ သားသမီးများ ဖြစ်ရသောအခွင့် မရှိ။ (ယောဟန် ၁း၁၂)

ခ။ ထိုသခင်ကို ပိုင်ဆိုင်သောသူတို့၌သာ ထာဝရအသက်ကို ရကြသည်။ (ယောဟန် ၆း၄၇)

၃။ အကျွန်ုပ်တို့သည် ထိုသခင်ထံသို့ ရောက်လာကြသည်။

၄။ အကျွန်ုပ်တို့သည် -

က။ ဘုရားသခင်၏ သွန်သင်ခြင်းကို လက်ခံတုံ့ပြန်လျက်သော်၄င်း၊ (ယောဟန် ၆း၄၅)

ခ။ သခင်ခရစ်တော်၏ ခေါ်ဖိတ်ခြင်းကို ယုံကြည်လက်ခံလျက်သော်လည်းကောင်း (မဿဲ ၁၁း၂၈)

ဂ။ မိမိတို့အပြစ်များနှင့် ဝန်များကို စွန့်ပစ်ထားကြလျက် (ဟေဗြဲ ၁၂း၁) သော်လည်းကောင်း ခရစ်တော်ကို ချဉ်းကပ်ကြရမည်ဖြစ်သည်။

## အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်အထပ်ထပ် တည်ဆောက်လျက်ရှိသဖြင့်. . .

၁။ ယုံကြည်သောသူများသည် အသက်ကျောက်များ ဖြစ်ကြသည်။

၂။ အသက်ကျောက်မြတ်ဖြစ်သော သခင်ယေရှု၌ တည်ကြသောကြောင့် -

က။ ရှင်သန်နေကြရသည်။

ခ။ အသက်ကျောက်များ ဖြစ်ကြသည်။

၃။ အသက်ကို အဘယ်သူမျှ မဖန်တီးနိုင်။ ယုံကြည်သူများ၏ အသက်သည်လည်း သခင်ခရစ်တော်အားဖြင့်သာ တည်သည်။

၄။ ကျွန်ုပ်တို့ ယုံကြည်သူများသည် ခရစ်တော်ကို ဗဟိုပြု၍ -

က။ အလွှာလိုက်၊ အဆင့်ဆင့်အထပ်ထပ် တည်ဆောက်ထားသော ဓမ္မတိုက်ဖြစ်သည်။

- သခင်ခရစ်တော်သည် တိုက်ထောင့်အမြစ်ကျောက်မြတ်ဖြစ်သည်။ (၁ ပေ ၂း၆)
- ပရောဖက်နှင့် တမန်တော်များသည် ခရစ်တော်၌ ထပ်ဆင့်တည်ဆောက်ကြသည်။ (ဧဖက် ၂း၂၀-၂၁)
- အကျွန်ုပ်တို့ ယုံကြည်သူများသည် ထိုပရောဖက်နှင့် တမန်တော်တို့ကို သွန်သင်ချက်၌ ထပ်ဆင့်တည်ဆောက်ကြသည်။ (ဧဖက် ၂း၁၉)

ခ။ မိမိတို့၏ ဝိညာဉ်ဆုကျေးဇူးတို့နှင့်အညီ အခန်းကဏ္ဍအသီးသီး၌ တည်ဆောက်ထားသော အသက်ကျောက်များ ဖြစ်ကြသည်။
(ဧဖက် ၄း၁၁-၁၂)

**ယေရှုခရစ်အားဖြင့်. . . ဓမ္မယဇ်ကိုပူဇော်ရသော သန့်ရှင်းသော ယဇ်ပုရောဟိတ်မျိုး. .**

၁။ ယုံကြည်သူတို့သည် ယေရှုခရစ်အားဖြင့် -

က။ အသက်ကျောက်များဖြစ်ကြသည်။

ခ။ သန့်ရှင်းသောယဇ်ပုရောဟိတ်အမျိုးလည်း ဖြစ်ကြသည်။

၂။ ယဇ်ပုရောဟိတ်အမျိုးဖြစ်ကြသောကြောင့်၊ ယုံကြည်သူအားလုံးသည် ဘုရားသခင်၏ -

က။ အစေကို ခံကြရမည်။

ခ။ အမှုကို ထမ်းဆောင်ကြရမည်။

ဂ။ ဓမ္မယဇ်ကို ပူဇော်ကြရမည်။ (တရား ၁၀း၁၂-၁၃)

၃။ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် ဘုရားသခင်နှစ်သက်သော ဓမ္မယဇ်ကို ပူဇော်နိုင်ကြသည်။ ဘုရားသခင်နှစ်သက်တော်မူသော ဓမ္မယဇ်သည် -

က။ သန့်ရှင်းသော အသက်တာ၊

ခ။ ဘုရားသခင်၏အလိုတော်ကို လက်တွေ့ဝန်ခံခြင်း၊ စသည်တို့ ဖြစ်သည်။

၄။ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် ထိုဓမ္မယဇ်ကို မည်သို့ ပူဇော်ကြမည်နည်း။

က။ မိမိတို့၏ ခန္ဓာကိုယ်ကို သန့်ရှင်းစွာ ဆက်သကြရမည်။
(ရောမ ၁၂း၁-၂)

ခ။ မိမိတို့၏ ခန္ဓာကိုယ်ဖြင့် ဘုရားသခင်၏အလိုတော်ကို ဆောင်အံ့သောငှာ ဆက်ကပ်ကြရမည်။ (ဟေဗြဲ ၁၀း၅-၁၀)

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၁၇)

## အုတ်မြစ်ကျောက် သခင်ခရစ်တော် (၁)

> **ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊ ရွေးချယ်သော တိုက်ထောင့် အမြစ်ကျောက်မြတ်ကို ဇိအုန်တောင်ပေါ်မှာ ငါချထား၏။ ထိုကျောက်ကို အမှီပြုသောသူသည် ရှက်ကြောက်ခြင်းမရှိနိုင်ရာ ဟုလာသတည်း။ သို့ဖြစ်၍ ယုံကြည်ခြင်းရှိသော သင်တို့၌ကားဘုန်းအသရေရှိ၏။ နားမထောင်သောသူတို့၌ကား၊ တိုက်ကိုတည်လုပ်သောသူများ ပယ်ထားသောကျောက်သည် နောက်တဖန် တိုက်ထောင့်အထွဋ်ဖျားသို့ ရောက်ပြန်၏။ (၁ပေ ၂း ၆-၇)**

### ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား. . .

၁။ အထက်က ဖော်ပြသောအချက်များ -

 က။ ခရစ်တော်သည် အသက်ကျောက်မြတ်ဖြစ်သည်။ (၁ ပေ ၂း၄)

ခ။ ယုံကြည်သူများသည် ထိုအသက်ကျောက်မြတ်ပေါ်၌ အဆင့်ဆင့် အထပ်ထပ် တည်ဆောက်သော ဝိမ္ဘတိုက်ဖြစ်သည် (၁ ပေ၂း၅)

ဟူသော အချက်များသည် သမ္မာကျမ်းစာလာသည်အတိုင်း ဖြစ်သည်။

၂။ ယေရှာယ ဟောကြားခဲ့သော ကျမ်း၌ ဖော်ပြထားသည်။ (ဟေရှာယ ၂၈း၁၆)

၃။ ပေတရုသည် ထိုဟေရှာယ၏ ကျမ်းချက်ကို ကိုးကား၍ ဖော်ပြထားသည်။

### ရွေးချယ်သော တိုက်ထောင့်အမြစ်ကျောက်မြတ်ကို. . .

၁။ ဘုရားသခင်သည် -

က။ တိုက်ထောင့်အမြစ်ကျောက်မြတ်ကို ရွေးချယ်ခဲ့သည်။

ခ။ ထို တိုက်ထောင့်အမြစ်ကျောက်မြတ်ကို ဇိအုန်တောင်ပေါ်မှာ ချထားသည်။

၂။ ဤ *'တိုက်ထောင့်အမြစ်ကျောက်မြတ်'* (ဂရိ- akrogoniaios) သည်
က။ အုတ်မြစ်၊
ခ။ အဆောက်အအုံထောင့်ရှိ အောက်ခြေကျောက်တုံး၊ ဖြစ်သည်။
၃။ အဆောက်အအုံသည် အောက်ခြေ၌ ချထားသောအုတ်မြစ် (ဝါ) ကျောက်တုံးကို အမှီပြုနေရမည်။

**ထိုကျောက်ကို အမှီပြုသောသူသည်. . .**

၁။ *'အမှီပြုသောသူ'* သည် ယုံကြည်သောသူ ဖြစ်သည်။
၂။ ဂရိစကားလုံး (pisteuo) သည် ယုံကြည်သည်၊ ကိုးစားသည် ဟု အနက်ဖွင့်ဆိုရမည်။
၃။ မူရင်းစာ အရေးအသားအရ၊ *'အမှီပြုသောသူ'* သည်
က။ မှီခိုကိုးစားနေသောသူ၊
ခ။ ယုံကြည်ကိုးစားတတ်သောသူ ဖြစ်သည်။
၄။ ထိုသို့သောသူသည် အရှက်ကွဲခြင်း ခံရလိမ့်မည် မဟုတ်။ ရှက်ကြောက်ခြင်းနှင့် အစဉ်ကင်းလွတ်ရလိမ့်မည်။

**သို့ဖြစ်၍ ယုံကြည်ခြင်းရှိသောသင်တို့၌ကား ဘုန်းအသရေ ရှိ၏. . .**

၁။ ထို့ကြောင့် သခင်ခရစ်တော်၏ ပိုမိုပြည့်စုံစွာ ထင်ရှားခြင်းသည်။ (၁ ပ ၁း၇-၈)
က။ ယုံကြည်သောသူတို့အတွက် ဘုန်းအသရေ ဖြစ်သည်။
ခ။ မယုံကြည်သောသူတို့အတွက် အရှက်ကွဲစရာအကြောင်း ဖြစ်သည်။
၂။ အကြောင်းမှာ အပယ်ခံရသောကျောက်သည် တိုက်ထောင့်အထွတ်ဖျားသို့ ရောက်တော်မူသည်။
က။ ယုဒဘာသာရေးခေါင်းဆောင်များသည် ယေရှုခရစ်ကို ပယ်ခဲ့ကြသည်။

ခ။ ယုဒဘာသာရေးခေါင်းဆောင်များသည် ဓမ္မတိုက်ကို ဆောင်လုပ်ကြသည်ဟု မိမိတို့ကိုယ့်ကို ထင်မှတ်ကြသည်။

ဂ။ ခရစ်တော်ကို ပယ်ခဲ့သောကြောင့် အရှက်တကွဲဖြစ်ကြရသည်။ ခရစ်တော်ကို ပယ်ချသောသူတို့သည် နောင်အခါ၌လည်း အရှက်ကွဲခြင်း ကြုံတွေ့ရမည် ဖြစ်သည်။

၃။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကိုယ်တိုင် တည်ဆောက်သော အသင်းတော် ဖြစ်သည်။

က။ သခင်ခရစ်တော်၏ အသက်တာ၊

ခ။ သခင်ခရစ်တော်၏ သွန်သင်ချက်၊

ဂ။ သခင်ခရစ်တော်၏ လုပ်ဆောင်ချက် စသည်တို့၌ တည်ကြရသည်။

အုတ်မြစ်ဖြစ်သော သခင်ခရစ်တော်ပေါ်၌ အသက်ကျောက်များအဖြစ် တည်ရှိကြပါစို့။ (မဿဲ ၁၆း၁၈)

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၁၈)

## အုတ်မြစ်ကျောက် သခင်ခရစ်တော် (၂)

**နားမထောင်ဘဲ နှုတ်ကပတ်တရားကို ထိမိ၍လဲသောသူတို့သည် ထိမိ၍လဲစရာကျောက်၊ မှားယွင်းစရာ ကျောက်လည်းဖြစ်၏။ ထိုအမှုနှင့် တွေ့စေခြင်းငှါ ထိုသူတို့ကို ခန့်ထားတော်မူသတည်း။ သင်တို့မူကား၊ မှောက်မိုက်ထဲမှ အံ့ဘွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသော သူ၏ ဂုဏ်ကျေးဇူးများကို ဖော်ပြစေခြင်းငှါ၊ ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်း ဖြစ်ကြ၏။ (၁ပေ ၂း၈-၉)**

### နားမထောင်ဘဲ နှုတ်ကပတ်တရားကို ထိမိ၍လဲသောသူတို့သည်. . .

၁။ ခမ္မတိုက်အုတ်မြစ်ကျောက် သခင်ခရစ်တော်သည် နှုတ်ကပတ်တရားကို နားမထောင်သောသူတို့အတွက်

က။ ထိမိ၍ လဲစရာကျောက် (ဂရိ-lithos proskommatos)၊

- ယုံကြည်ခြင်းတရားလမ်းမှ လွဲစေသည့်အခွင့်အခါ၊
- ကျေးဇူးတော်လမ်းမှ လွဲစေသည့်အကြောင်းတရား။

ခ။ မှားယွင်းစရာ ကျောက် (ဂရိ- petra skandalou) ဖြစ်သည်။

- အပြစ်ဖြစ်ရာ ထောင်ချောက်၊
- နာမည်ပျက်ရာ အကြောင်းတရား၊

၂။ ဆိုလိုသည်မှာ - သမ္မာကျမ်းစာ၏ သွန်သင်ချက်များကို လက်မခံ၊ မနာခံသောသူတို့သည် သခင်ခရစ်တော်ကြောင့် မှားယွင်း၍

က။ ယုံကြည်ခြင်းလမ်းမှ လွဲသွားကြလိမ့်မည်။

ခ။ ကျေးဇူးတော်လမ်းမှ လွဲသွားကြလိမ့်မည်။

ဂ။ နာမည်ပျက် ကြလိမ့်မည်။

၃။ မယုံကြည်သောသူအပေါင်းတို့သည် ထိုသို့ထိမိ၍လဲကြရမည် အကြောင်း ဘုရားသခင်သည် ကမ္ဘာမတည်မရှိမီ ကြိုတင်ခန့်ထားနှင့်သည်။

**သင်တို့မူကား၊ မှောက်မိုက်ထဲမှ အံ့ဘွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူ. . .**

၁။ *'သင်တို့'* သည် -

က။ ပေတရု၏ စာဖတ်ပရိသတ်၊

ခ။ နှုတ်ကပတ်တရားကို နားထောင်သောသူ၊

ဂ။ နှုတ်ထွက်စကားကို နာခံသောသူ၊

ဃ။ ခရစ်တော်ကို ယုံကြည်လက်ခံသောသူ၊

င။ ဘုရားသခင်ရွေးကောက်သောသူ စသည်တို့ဖြစ်ကြသည်။

၂။ ယုံကြည်သောသူတို့သည် -

က။ မှောင်မိုက်ထဲမှ အံ့ဖွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသောလူမျိုးဖြစ်သည်။

ခ။ ဘုရားသခင်၏ ဂုဏ်ကျေးဇူးများကို ဖော်ပြစေခြင်းငှာ ရွေးချယ်တော်မူသော လူမျိုးဖြစ်သည်။

ဂ။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြသည်။

၃။ ပေတရုသည် မောရှေရေးသော ထွက်မြောက်ရာကျမ်းကို ကိုးကား၍ ယုံကြည်သူများသည် ဘုရားသခင်၏ လူမျိုးတော် ဖြစ်သည်ကို အတိအလင်း ထွက်ဆိုသည်။ (ထွက် ၁၉း၅-၆)

၄။ ယုံကြည်သူများသည် ဘုရားသခင်၏ ဂုဏ်ကျေးဇူးများကို

က။ သန့်ရှင်းစင်ကြယ်စွာ အသက်ရှင်ခြင်းအားဖြင့်လည်းကောင်း၊ (၁း၁၅-၁၆)

ခ။ ခေါ်တော်မူခြင်းကို ထိုက်လျောက်စွာ တုံ့ပြန်ခြင်းအားဖြင့်လည်းကောင်း၊ (မဿဲ ၂၂း၁၄)

ဂ။ အမှုတော်မြတ်၌ ပါဝင်ဆက်ကပ်ခြင်းအားဖြင့် လည်းကောင်း၊ (တရား ၁၀း၁၂-၁၃)

ဃ။ ဘုရားသခင် အလိုရှိရာ အသုံးခံသော ဘဏ္ဍာအဖြစ် လည်းကောင်း စသည်တို့ဖြင့် သက်သေခံနိုင်သည်။

၅။ ဤအရာများသည် တိုက်အုတ်မြစ်ခရစ်တော်ကို အမှီပြုသောသူတို့သာ ဘုရားသခင်၏ ဂုဏ်ကျေးဇူးများကို ဖော်ဆောင်နိုင်ကြမည်ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၁၉)

## ဘုရားသခင်၏ လူမျိုးတော်

**အထက်က အပေါင်းအသင်းမဟုတ်။ ယခုတွင် ဘုရားသခင်၏ အပေါင်းအသင်းဖြစ်ကြ၏။ ကရုဏာကျေးဇူးတော်ကို အထက်က မခံရသော်လည်း ယခုတွင်ခံရကြ၏။**
**(၁ပေ ၂း၁၀)**

**အထက်က အပေါင်းအသင်းမဟုတ်. . .**

၁။ ဘုရားသခင်၏ ခေါ်သွင်းတော်မူခြင်းအကြောင့် (၂း၉)၊ ကျွန်ုပ်တို့သည် -

က။ ရွေးချယ်တော်မူသောအမျိုး၊

ခ။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊

ဂ။ သန့်ရှင်းသောလူမျိုး၊

ဃ။ ပိုင်ထိုက်သောအပေါင်းအသင်း ဖြစ်လာကြသည်။

၂။ ဘုရားသခင် ခေါ်သွင်းခြင်းမတိုင်မီ၌ ကျွန်ုပ်တို့သည်

က။ ဘုရားသခင်၏ အပေါင်းအသင်းမဟုတ်၊

ခ။ ကရုဏာတော်ကို အထူးခံရခြင်းလည်း မရှိ။

၃။ ယခု၌ကား၊ ကျွန်ုပ်တို့သည် -

က။ ဘုရားသခင်၏ အပေါင်းအသင်း၊

ခ။ ကရုဏာတော်ကျေးဇူးတော်ကို အထူးခံရသောလူမျိုး ဖြစ်လာကြသည်။

**ကရုဏာကျေးဇူးတော်ကို အထူးခံရခြင်း**

၁။ ကရုဏာကျေးဇူးတော်သည် -

က။ သနားခြင်း၊

ခ။ သနားစုံမက်ခြင်း၊ ဖြစ်သည်။

၂။ ဘုရားသခင်သည် အပြစ်ရှိနေသောသူ၊ အပြစ်ကျူးလွန်နေသော သူတို့ကို သနားစုံမက်တော်မူသည်။
၃။ ဘုရားသခင်သည် သနားစုံမက်သောသူတို့အပေါ်၌ ကောင်းမြတ်၍ ကျေးဇူးပြုတော်မူသည်။
၄။ ဘုရားသခင်ရွေးကောက်သောသူတို့သည် ဘုရားသခင်၏ သနားစုံမက်ခြင်းနှင့် ကျေးဇူးပြုခြင်းကို အထူးခံရသောသူများဖြစ်ကြသည်။

ပရောဖက်ဟောရှေက အောက်ပါအတိုင်း ဟောကြားခဲ့သည်။

> ထိုသတို့သမီးကိုမျိုးစေ့ကဲ့သို့ မြေ၌ကိုယ်အဘို့ ငါကြဲမည်။ မသနား မစုံမက်အပ်သော သတို့သမီးကို ငါသနားစုံမက်မည်။ ငါ၏လူမဟုတ်သော သူကိုလည်း၊ သင်သည် ငါ၏လူဖြစ်သည်ဟု ငါဆိုမည်။ သူကလည်း၊ ကိုယ်တော်သည် အကျွန်ုပ်၏ဘုရားသခင်ဖြစ်တော်မူသည်ဟု၊ လျှောက်လိမ့်မည်ဟု မိန့်တော်မူ၏။ (ဟောရှေ ၂း၂၃)

၅။ ဟောရှေဟောကြားသောအရာသည် အကျွန်ုပ်တို့အပေါ်၌ အပြည့်အဝ ပြည့်စုံသည်။

အကျွန်ုပ်တို့သည် ဘုရားသခင်၏ကရုဏာကျေးဇူးတော်ကို အထူးခံရကြသည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၂၀)

## ကောင်းသောအကျင့်၌ (ဆက်လက်) ကျင်လည်ခြင်း

**ချစ်သူတို့၊ ဝိညာဉ်နှင့်စစ်ပြိုင်တတ်သော ကိုယ်ကာယတပ်မက်ခြင်းတို့ကို ရှောင်မည်အကြောင်း၊ ဧည့်သည်အာဂန္တုကဲ့သို့သောသင်တို့ကို ငါတောင်းပန်၏။ သာသနာပလူတို့သည် သင်တို့ကို ကဲ့ရဲ့ပြစ်တင်ကြသည်အမှုမှာ၊ ဘုရားသခင်ကြည့်ရှုစီရင်တော်မူသော နေ့ရက်၌၊ သင်တို့၏ ကောင်းသောအကျင့်ကို သူတို့သည်ထောက်ရှု၍ ဘုရားသခင်ကိုချီးမွမ်းမည်အကြောင်း၊ သူတို့ရှေ့၌ တင့်တယ်လျောက်ပတ်စွာ ကျင့်နေကြလော့။**

**(၁ ပေ ၂း ၁၁-၁၂)**

### ချစ်သူတို့၊ ဝိညာဉ်စစ်ပြိုင်တတ်သော ကိုယ်ကာယ တပ်မက်ခြင်း. . .

၁။ ပေတရုသည် သူ၏စာဖတ်ပရိသတ်တို့ကို *'ချစ်သူတို့'* ဟု
- က။ ခင်မင်စွာ ဆက်ဆံသည်။
- ခ။ မြတ်နိုးစွာ ခေါ်ဝေါ်သည်။

၂။ ပေတရုသည် ဤစာကို မေတ္တာစေတနာအပြည့်နှင့် ရေးသားသည်မှာ ထင်ရှားသည်။

၃။ ထို့ကြောင့် ဤစာ၌ ပါသော ဩဝါဒစကားများသည်လည်း မေတ္တာကို အခြေပြုသော အမှန်တရားများဖြစ်ကြသည်။
- က။ အမှန်တရားကို မေတ္တာဖြင့် ဖော်ပြခြင်းသည် သင့်လျော်လှပေသည်။
- ခ။ မေတ္တာဖြင့် ထင်ရှားသော အမှန်တရားများသည် လက်ခံရန် အသင့်ဖြစ်နေသည်။

၄။ ယုံကြည်သူများသည် လောက၌ သူစိမ်းများ၊ ဧည့်သည်များသာ ဖြစ်ကြသည်။

၅။ လောကဥ‌ေယျာဉ်သည်များပီပီ အကျွန်ုပ်တို့စိတ်ဝိညာဉ်နှင့် စစ်ပြိုင်နေသော -
က။ ကိုယ်ကာယတပ်မက်ခြင်း၊
ခ။ အသွေးအသားတပ်မက်ခြင်းကို ရှောင်ကြဉ်ရမည်။

## သာသနာပလူတို့သည် သင်တို့ကို ကဲ့ရဲ့ပြစ်တင်ကြသည့်အမှုမှာ. . .

၁။ သာသနာပလူ (ဂရိ-ethnos) သည် -
 က။ တစ်ပါးအမျိုးသားများ၊
ခ။ မယုံကြည်သူများကို ဆိုလိုသည်။
၂။ ဘုရားသခင်ရွေးကောက်သောသူတို့သည် -
က။ အခြားဘာသာဝင်များ၏ ကဲ့ရဲ့ပြစ်တင်ခြင်း ခံရမည်ဖြစ်သည်။
ခ။ မယုံကြည်သူများ၏ ဝေဖန်ပြောဆိုခြင်း ခံရမည်ဖြစ်သည်။
၃။ ထိုသို့ မှန်သောယုံကြည်သက်ဝင်မှုကြောင့် ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရသောအခါ မင်္ဂလာရှိသည်ကို သတိရအောက်မေ့ပါ။ (မဿဲ ၅)
၄။ ဘုရားသခင်ကြည့်ရှုစီရင်သော နေ့ရောက်သောအခါ -
 က။ ယုံကြည်သူတို့၏ ကောင်းသောအကျင့်တို့သည် ဘုရားသခင်ချီးမွမ်းစရာအကြောင်း ဖြစ်လာမည်။
ခ။ မယုံကြည်သောသူတို့သည် ယုံကြည်သူတို့၏ကောင်းသောအကျင့်ကို ထောက်လျက် ဘုရားသခင်ကို ချီးမွမ်းကြမည် ဖြစ်သည်။
၅။ ထိုသို့ ဖြစ်သောကြောင့် ယုံကြည်သူတို့သည် ယခုလက်ရှိ၌ ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရသော်လည်း -
က။ ကိုယ်ကာယတပ်မက်ခြင်းကို ရှောင်၍၊ ကောင်းသောအမှုတို့ကို ဆက်လက်လုပ်ဆောင်ကြရမည်။
ခ။ လောက ဧည့်သည်အဖြစ်၊ သည်းခံသောစိတ်နှင့် ကောင်းသောအကျင့်တို့ကို လူတို့ရှေ့၌ ဆက်လက်လုပ်ဆောင်ကြရမည်။
ဂ။ ယုံကြည်သူခရစ်ယာန်တို့၏ ကောင်းမြတ်ခြင်းကို မယုံကြည်သောသူတို့ မြင်၍ သိနိုင်ကြရန် တင့်တယ်လျောက်ပတ်စွာ နေထိုင်ကြရမည်။

**ဘုရားသခင်ကြည့်ရှုစီရင်တော်မူသော နေ့ရက်**

၁။ ဤနေ့ရက်သည် မည်သည့်နေ့ရက် ဖြစ်သနည်း။

၂။ ဤနေ့ရက်သည် -

   က။ သခင်ခရစ်တော်ပြန်လည်ကြွလာသော နေ့၊

   ခ။ လူသားတို့၏ အကျိုးငှာ ဘုရားသခင်ကြွလာသောနေ့၊

၃။ ခမည်းတော်ကိုယ်တိုင် တရားစီရင်သောနေ့ စသည်တို့ ဖြစ်နိုင်သည်။

၄။ ထိုနေ့ရက်တိုင်အောင် တည်ကြည်စွာ ကောင်းသောအကျင့်၌ ဆက်လက်ကျင်လည်ကြပါစို့။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၂၁)

## မင်းအာဏာကို ဝန်ခံခြင်း

**သခင်ဘုရား၏ မျက်နှာတော်ကိုထောက်လျက်၊ အထွဋ်အမြတ်တည်းဟူသော ရှင်ဘုရင်ဖြစ်စေ၊ လူဆိုးတို့ကို ဒဏ်စီရင်စေခြင်းငှါ၎င်း၊ လူကောင်းတို့ကိုချီးမွမ်းစေခြင်းငှါ၎င်း၊ ရှင်ဘုရင်ခန့်ထားသော ဝန်မင်းဖြစ်စေ၊ လူတို့တွင်စီရင်ခန့်ထားသမျှသော မင်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့။**

**(၁ ပေ ၂း၁၃-၁၄)**

### သခင်ဘုရား၏မျက်နှာတော်ကိုထောက်လျက် . . .

၁။ *'သခင်ဘုရား၏မျက်နှာတော်ကို ထောက်လျက်'* ဆိုသည်မှာ -

က။ သခင်ခရစ်တော်၏မျက်နှာတော်ကို ထောက်လျက်၊

ခ။ သခင်ယေရှု၏ နာမတော်အဖို့အလို့ငှာ -

ဂ။ သခင်ဘုရား (သခင်ယေရှုခရစ်တော်)၏ ပုံသက်သေကို ထောက်လျက်ဟု နားလည်ရပေမည်။

၂။ အုပ်စိုးခြင်း အခွင့်အာဏာသည် ဘုရားသခင်၏အခွင့်အားဖြင့်သာ တည်ရှိနိုင်သည်။ (ရောမ ၁၃း၁)

က။ ဘုရားသခင်၏ အခွင့်မရှိလျှင်၊ မင်းအာဏာစက် မရှိ။

ခ။ အာဏာစက် ရှိသမျှသည် ဘုရားသခင်ခန့်ထားတော်မူသည်။

၃။ ထို့ကြောင့် ခရစ်ယာန်များသည် -

က။ ဘုရင်ဖြစ်စေ၊

ခ။ ဘုရင်မှတဆင့် ခန့်ထားသောမင်းဖြစ်စေ၊

ဂ။ ဘုရားသခင်ခန့်ထားတော်မူသော အာဏာစက်ရှိသမျှ စသည်တို့ကို ဝန်ခံကြရမည်။

## လူတို့စီရင်ခန့်ထားသော မင်း၏အုပ်စိုးခြင်း

၁။ လူတို့တွင်စီရင်ခန့်ထားသမျှသော မင်း၏အုပ်စိုးခြင်း (ဂရိ- pas anthropinos ktisis) သည် -

က။ အားလုံးနှင့်ဆိုင်သော ဖွဲ့စည်းတည်ဆောက်ပုံ၊

ခ။ အားလုံးက အသိအမှတ်ပြုသော အာဏာပိုင်အဖွဲ့အစည်း၊ ဟုနားလည်ရပေမည်။

၂။ အများနှင့်ဆိုင်သော၊ အများအတွက် ရည်ရွယ်၍ ဖွဲ့စည်းထားသော၊ ပြည်သူလူထုက အသိအမှတ်ပြုသော အာဏာစက်ရှိသမျှတို့ကို ဆိုလိုသည်။

၃။ ထိုအာဏာစက်သည် မည်သည့်အုပ်ချုပ်ရေးပုံစံနှင့်မဆို တည်ရှိနိုင်သည်။

က။ လူထုမှ တင်မြှောက်သော အာဏာစက်၊

ခ။ အဆင့်ဆင့် ဆက်ခံသော အာဏာစက် စသည်တို့ဖြစ်သည်။

၄။ ခရစ်ယာန်များသည် လူတို့အသိအမှတ်ပြုသော အာဏာစက်ရှိသမျှကို ဝန်ခံကြရမည်။

## အဘယ်သို့ မင်းအာဏာစက်၏ အုပ်စိုးခြင်းကို ဝန်ခံရမည်နည်း။

၁။ မင်းတို့သည် ဘုရားသခင်၏ -

က။ အစေခံများ၊ (ရောမ ၁၂း၄)

ခ။ အမှုစောင့်များ (ရောမ ၁၂း ၆) ဖြစ်ကြသည်ဟု လက်ခံရမည်။

၂။ မင်းတို့သည် -

က။ အကျွန်ုပ်တို့အကျိုးအလို့ငှာ၊

ခ။ လူဆိုးတို့ကို ဒဏ်စီရင်စေခြင်းငှာ၊

ဂ။ လူကောင်းတို့ကိုချီးမွမ်းစေခြင်းငှာ ဘုရားသခင်ခန့်ထားတော်မူသည်ဟု သိမှတ်ထားရမည်။ (ရောမ ၁၂း ၃-၄)

၃။ အပြစ်ဒဏ်ကို ကြောက်သောကြောင့် မဟုတ်ဘဲ၊ ကိုယ်ကိုယ်ကိုယ်သိသောစိတ်ကို ထောက်၍ မင်းအာဏာစက်၏အုပ်စိုးခြင်းကို ဝန်ခံကြရမည်။ (ရောမ ၁၂း၅-၇)

၄။ ဆိုလိုသည်မှာ ဘုရားသခင်၏ သားသမီးများဖြစ်သည်နှင့်အညီ၊
က။ ဘုရားသခင်ခန့်ထားသော အာဏာစက်ကို လက်ခံအသိအမှတ်
ပြုရမည် ဖြစ်သည်။
ခ။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ ရပ်တည်၍၊ မင်းအာဏာကို
မဆန့်ဘဲ နေရမည် ဖြစ်သည်။
ဂ။ ဘုရားသခင်၏ အလိုတော်၊ အကြံအစည်တော်ကို ဝန်ခံလျက်၊
မင်းတို့၏အုပ်စိုးခြင်းကို နာခံရမည် ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၂၂)

## အလိုတော်ကို ကောင်းသောအကျင့်ဖြင့် ဝန်ခံခြင်း (၁)

**အကြောင်းမူကား၊ သင်တို့သည် ကောင်းသောအကျင့်ကို ကျင့်သောအားဖြင့် လူမိုက်တို့၏ မိုက်မဲသောစကားကို ချေစေခြင်းငှါ၊ ဘုရားသခင်သည် ထိုသို့သောအလိုတော်ရှိ၏။ လူလွတ်ဖြစ်သော်လည်း၊ လွတ်ခြင်းအကြောင်းဖြင့် မကောင်းသောအမှုတို့ကို ဖုံးအုပ်သောသူကဲ့သို့ မကျင့်၊ ဘုရားသခင်၏ ကျွန်ကဲ့သို့ ကျင့်နေကြလော့။**

**(၁ပေ ၂း၁၅-၁၆)**

**အကြောင်းမူကား**

၁။ မင်းအာဏာစက်တို့၏ အုပ်စိုးခြင်းကို ဝန်ခံရခြင်းမှာ

က။ မင်းတို့သည် ဘုရားသခင်၏အစေခံ များဖြစ်ကြသည်။

(ရောမ ၁၃)

ခ။ ပြည်သူလူထု တစ်ရပ်လုံးက အသိအမှတ်ပြုသော အာဏာပိုင်အဖွဲ့အစည်း ဖြစ်သည် (၂း၁၃-၁၄)။

၂။ မင်းအာဏာစက်တို့၏ အုပ်စိုးခြင်းကို ကောင်းသောအကျင့်အားဖြင့်သာ ဝန်ခံကြရမည်။ ဆိုလိုသည်မှာ မင်းတို့၏အုပ်စိုးခြင်းကို

က။ ကောင်းသောအမှု၊

ခ။ သင့်လျော်လျောက်ပတ်သောအမှု၊

ဂ။ မှန်သော၊ တရားသော အမှု၊

ဃ။ ဘုရားသခင်နှစ်သက်သောအမှု စသည်တို့ကို လက်တွေ့ဖော်ဆောင်ခြင်းဖြင့် ဝန်ခံကြရမည် ဖြစ်သည်။

၃။ ထိုသို့ မင်းတို့၏အုပ်စိုးခြင်းကို ဝန်ခံကြရခြင်း၏ နောက်ဆက်တွဲအကြောင်းရင်းကို '*အကြောင်းမူကား*' ဖြင့် ဖော်ပြသည်။

**သင်တို့သည် ကောင်းသောအကျင့်ကိုကျင့်သောအားဖြင့်. . .**

၁။ ကောင်းသောအကျင့်ကို ကျင့်၍ မင်းတို့၏အုပ်စိုးခြင်းကို ဝန်ခံရခြင်းမှာ
  က။ အကျွန်ုပ်တို့၏ ကောင်းသောအကျင့်အားဖြင့် လူမိုက်တို့၏ မိုက်မဲခြင်း မသိနားမလည်ခြင်းကို ချေပရန်၊
  ခ။ အကျွန်ုပ်တို့၏ ကောင်းသောအကျင့်အားဖြင့် လူမိုက်တို့၏ မိုက်မဲသောစကားကို အသံတိတ်စေရန်၊ ဘုရားသခင်အလိုရှိသည်။
၂။ တစ်နည်းအားဖြင့်၊ မိမိတို့၏ ကောင်းသောအသက်တာအားဖြင့် သူတစ်ပါး၏ မိုက်မဲခြင်းကို ချုပ်ငြိမ်းစေရန် ဘုရားသခင်အလိုတော်ရှိသည်။
၃။ ဘုရားသခင်သည် အကျွန်ုပ်တို့ကို လက်တွေ့လုပ်ဆောင်ခြင်းဖြင့် သက်သေထူစေလိုသည်။
၄။ ဘုရားသခင်သည် လက်တွေ့သက်သေမပါသော ယုံကြည်ခြင်းမျိုး အလိုမရှိ။ (ယာကု ၁-၂)

**လူလွတ်ဖြစ်သော်လည်း. . .**

၁။ *'လူလွတ်'* သည် *'ကျွန်'* မဟုတ်။
၂။ *'လူလွတ်'* သည် မိမိဆန္ဒအလျောက် နေထိုင်ခွင့်ရှိသော နိုင်ငံသူ/သား ဖြစ်သည်။
၃။ လူလွတ်သည် မိမိ၏လွတ်လပ်ခြင်းကို အလွဲသုံးစားမပြုရ။ မိမိ၏ လွတ်ခြင်းကို အသုံးချ၍ မကောင်းမှုတို့ကို မပြုသင့်၊ မဖုံးအုပ်သင့်။
၄။ ကျွန်ုပ်တို့သည် မိမိတို့ရရှိထားသော လွတ်လပ်ခြင်း၌ ဘုရားသခင်၏ ကျွန်များအဖြစ် ကျင်လည်နေကြရမည် ဖြစ်သည်။
  က။ လွတ်လပ်ခွင့်သည် အမှုမဲ့အမှတ်မဲ့ နေထိုင်ခွင့် မဟုတ်။
  ခ။ လွတ်ခြင်းသည် အကောင်းနှင့်အဆိုး ခွဲခြားရွေးချယ်ပိုင်ခွင့် ဖြစ်သည်။
  ဂ။ လွတ်မြောက်ခြင်းသည် ဘုရားသခင်၏ အလိုတော်နှင့်အညီ ကျင်လည်နိုင်ရေးအတွက် ဖြစ်သည်။
၅။ လွတ်လပ်စွာ ဘုရားသခင်၏အလိုတော်ကို ရွေးချယ်၍၊ ဘုရားသခင်၏အစေကို ခံကြပါစို့။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၂၃)

## အလိုတော်ကို ကောင်းသောအကျင့်ဖြင့် ဝန်ခံခြင်း (၂)

**ခပ်သိမ်းသောသူတို့ကို ရိုသေကြလော့။ ညီအစ်ကိုများကို ချစ်ကြလော့။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်း၊ ရှင်ဘုရင်ကို ရိုသေခြင်းရှိကြလော့။ အစေခံငယ်သားတို့၊ အလွန်ကြောက်ရွံ့ခြင်းနှင့်တကွ ကိုယ်သခင်တို့၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့။ သခင်သည် စိတ်ကောင်း၍ ဖြည်းညှင်းသောသဘောရှိသည်ဖြစ်စေ၊ ကြမ်းတမ်းသောသဘောရှိသည် ဖြစ်စေ၊ ဝန်ခံကြလော့။ (၁ပေ ၂း၁၇-၁၈)**

**ခပ်သိမ်းသောသူတို့ကို ရိုသေကြလော့. . .**

၁။ အကျွန်ုပ်တို့သည် ဘုရားသခင်၏ကျွန်များ ဖြစ်ကြသည်။ (၁ ပေ ၂း၁၆)

၂။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ၏အလိုတော်နှင့်အညီ အသက်ရှင်စေချင်သည်။ (၁ ပေ ၂း၁၅)

- က။ မိမိတို့၏အကျင့်အားဖြင့် သူတစ်ပါးတို့၏ စွပ်စွဲချက်များကို ချေပစေလိုသည်။
- ခ။ မိမိတို့၏ကောင်းသောအမှုတို့အားဖြင့် သူတပါးတို့၏ ဝေဖန်သောစကားများကို ငြိမ်းစေလိုသည်။

၃။ ထို့အပြင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို အောက်ဖော်ပြပါ ကောင်းသောအကျင့်တို့ကို ဝန်ခံစေချင်သည်။

- က။ ခပ်သိမ်းသောသူတို့ကို ရိုသေခြင်း၊
- ခ။ ညီအစ်ကိုများကို ချစ်ခြင်း၊
- ဂ။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်း၊
- ဃ။ ရှင်ဘုရင်ကို ရိုသေခြင်း စသည်တို့ဖြစ်သည်။

## အစေခံငယ်သားတို့၊ အလွန်ကြောက်ရွံ့ခြင်းနှင့်တကွ ကိုယ်သခင်တို့၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့...

၁။ အစေခံငယ်သားတို့ (ဂရိ-oiketes) သည်

က။ တစ်အိမ်တည်း အတူနေရသော အစေခံများ၊

ခ။ အိမ်တွင်းအလုပ်ကို ကူသောအစေခံများ၊ စသည်တို့ဖြစ်သည်။

၂။ ဤ *'အစေခံငယ်သား'* သည် -

က။ သူ့သခင်နှင့်အတူ တစ်အိမ်တည်းမှာနေ၍ အစေခံသည်။

ခ။ သူ့သခင်၏အိမ်၌ လိုက်နေ၍ အစေခံသည်။

၃။ ဤသို့သော *'အစေခံငယ်သားတို့'* သည် မှန်သောကြောက်ရွံ့ခြင်းနှင့်တကွ မိမိတို့သခင်၏အုပ်စိုးခြင်းကို ဝန်ခံကြသည်။ ထိုသခင်သည်

က။ စိတ်ကောင်းရှိ၍ ဖြည်းညှင်းသည်ဖြစ်စေ၊

ခ။ ကြမ်းတမ်းသောသဘောရှိသည်ဖြစ်စေ သူ၏အုပ်စိုးခြင်းကို အစေခံငယ်သားတို့သည် ဝန်ခံကြရမည်။

၄။ အထက်ပါအတိုင်း ကျင့်ကြံနေထိုင်ခြင်းသည် ဘုရားသခင်၏ အလိုတော်ကို ဝန်ခံခြင်းဖြစ်သည်။

## ဝန်ခံခြင်း အမှန်

၁။ ဝန်ခံ (ဂရိ- hupotasso) သည် -

က။ အုပ်စိုးခံသည်၊

ခ။ လက်အောက်ခံအဖြစ် နေသည်၊

ဂ။ နှိမ့်ချ၍ (အုပ်စိုးမှုကို) ခံယူသည် စသည်တို့ဖြစ်သည်။

၂။ ထို့ကြောင့် ဝန်ခံခြင်းသည် နှုတ်အားဖြင့် ဝန်ခံထွက်ဆိုခြင်းသာ မဟုတ်ဘဲ၊ လက်တွေ့အသက်တာ၌ ထင်ရှားစွာသက်သေပြခြင်းလည်းဖြစ်သည်။

၃။ မှန်သော ဝန်ခံခြင်းဆိုသည်မှာ အကျွန်ုပ်တို့ခံယူသော ယုံကြည်ချက်များကို အသက်တာ၌ လက်တွေ့ဖော်ဆောင်ခြင်း ဖြစ်သည်။

က။ ယုံကြည်ချက်များကို ယုံကြည်ခြင်းဖြင့် ဖော်ဆောင်ကြပါစို့။
ခ။ ဝန်ခံချက်များကို လက်တွေ့ဖော်ထုတ်ကြစို့။
ဂ။ ယုံကြည်သည့်အတိုင်း ကျင့်ကြံနေထိုင်ကြစို့။

၄။ မတရားသော သခင် (ခေါင်းဆောင်၊ အလုပ်ရှင်)၏ အုပ်စိုးခြင်းကို ဝန်ခံသင့်သလား။

က။ ဖြည်းညှင်းသောသခင်၊
ခ။ ကြမ်းတမ်းသောသခင် တို့၏ အုပ်စိုးခြင်းကို ဝန်ခံရမည်။
ဂ။ သို့သော် မတရားသောသခင် (ဘုရားသခင်ကို ဆန့်ကျင်နေသောခေါင်းဆောင်)၏ အုပ်စိုးခြင်းကို အဘယ်သူမျှ ဝန်မခံသင့်ချေ။

၅။ အကြောင်းမှာ- ယုံကြည်သူတို့၏ ဝန်ခံသောအမူရှိသမျှတို့သည် ဘုရားသခင်၏ အလိုတော်နှင့်အညီသာ ဖြစ်ရမည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၂၄)

## မတရားသောညှဉ်းဆဲခြင်းနှင့် ကျေးဇူးတော်

**အကြောင်းမူကား၊ ဘုရားသခင်၏မျက်နှာတော်ကို ထောက်၍ မတရားသော ညှဉ်းဆဲခြင်းကို နာကျင်စွာခံရလျှင် ကျေးဇူး ရှိ၏။ ကိုယ်အပြစ်ကြောင့် ဒဏ်ခံရသောအခါ သည်းခံလျှင်၊ အဘယ်ချီးမွမ်းစရာရှိသနည်း။ ကောင်းမွန်စွာပြု၍ ဆင်းရဲခံ ရသောအခါ သည်းခံလျှင်၊ ဘုရားသခင့်ရှေ့တော်၌ ကျေးဇူး ရှိ၏။ (၁ပေ ၂း၁၉-၂၀)**

**အကြောင်းမူကား. . .**

၁။ အစေခံငယ်သားတို့သည် -

က။ ဖြည်းညှင်းသော သခင်၊

ခ။ ကြမ်းတမ်းသောသခင်၊ နှစ်မျိုးစလုံး၏ အုပ်စိုးခြင်းကို ဝန်ခံ ရမည်။

၂။ ဘယ်ကြောင့် ထိုသို့ ပြုရမည်နည်း။

၃။ ဘုရားသခင်၏ မျက်နှာတော်ကို ထောက်သောကြောင့်

က။ သဘောကောင်းသော သခင်၊

ခ။ ကြမ်းတမ်းသောသခင် နှစ်မျိုးစလုံးတို့၏ အုပ်စိုးခြင်းကို အစေခံကျွန်တို့သည် နာခံကြရမည် ဖြစ်သည်။

၄။ ဘုရားသခင်၏မျက်နှာကို ထောက်ခြင်း (ဂရိ-dia suneidesis theos) အား -

ကျ။ ဘုရားသခင်ရှေ့၌ ကိုယ်ကိုယ်ကိုယ်သိသောစိတ် မပျက်စီးသွား စေရန်

ခ။ ဘုရားသခင်၏ ဘုန်းတော်မှေးမှိန်စေမည့် အပြုအမူ အကျင့် အကြံများ မပြုလုပ်မိစေရန်ဟု ပြန်ဆိုကြရမည်။

## ဘုရားသခင်၏ မျက်နှာတော်ကို ထောက်လျက်. . .

၁။ ထို့ကြောင့်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုယ်ကိုယ်သိသောစိတ် ကြည်လင်စွာဖြင့် -

က။ နာကျင်ခြင်းများ၊

ခ။ ညှဉ်းဆဲခြင်းများ၊

ဂ။ ဒုက္ခဝေဒနာများ မတရားသဖြင့် ခံရလျှင် ကျေးဇူးတော်နှင့် သက်ဆိုင်သည်။ ထိုအမှု၌ မင်္ဂလာရှိသည်။

၂။ သို့သော် ညှဉ်းဆဲခြင်း ဒုက္ခဝေဒနာများကို အကျွန်ုပ်တို့သည် တရားသဖြင့်ခံရလျှင် ကျေးဇူးတော်အားဖြင့် မဟုတ်။ ထိုအမှု၌ မည်သည့်မင်္ဂလာမျှ မရှိပေ။

က။ ကိုယ်အပြစ်ကြောင့် ဒဏ်ခံရသောအခါ သည်းခံလျှင်၊ ချီးမွမ်းစရာ မရှိ။ ခံထိုက်သည်ကို ခံရခြင်းမျှသာ ဖြစ်သည်။

ခ။ ကောင်းမွန်စွာပြုသော်လည်း ဆင်းရဲခံရသောအခါ သည်းခံလျှင် ဘုရားသခင်ရှေ့၌ မင်္ဂလာရှိသည်။ အကြောင်းမှာ ထိုအမှုသည် ဘုရားသခင်၏ ကျေးဇူးတော်နှင့်သက်ဆိုင်သည်။

## မတရားသောညှဉ်းဆဲခြင်းသည် ကျေးဇူးတော်နှင့်သက်ဆိုင်ခြင်း

၁။ အကျွန်ုပ်တို့သည်

က။ ယုံကြည်ကြရန်နှင့်၊

ခ။ ဆင်းရဲဒုက္ခခံရန် ဘုရားသခင်အခွင့်ပေးသနားတော်မူသည်။

(ဖိလိ ၁း၂၉-၃၀)

၂။ အကျွန်ုပ်တို့သည် သခင်ခရစ်တော်၌ အမှန်တရားနှင့် ဖြောင့်မတ်ခြင်းတရားကြောင့် ဆင်းရဲခြင်းခံရလျှင် မင်္ဂလာရှိကြသည်။

(မဿဲ ၅း၁၀-၁၂)

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၂၅)

## ခေါ်တော်မူခြင်းနှင့် ဆင်းရဲဒုက္ခ

**အကြောင်းမူကား၊ ထိုသို့အလိုငှါ သင်တို့ကိုခေါ်တော်မူပြီ ခရစ်တော်သည် ငါတို့အတွက် ခံတော်မူသည်ဖြစ်၍၊ ခြေ တော်ရာကို လိုက်ရှောက်စေခြင်းငှါ ပုံသက်သေကိုထားတော် မူပြီ။ ထိုသခင်သည် ဒုစရိုက်ကိုမပြု၊ နှုတ်တော်၌လည်း မုသာ ကိုရှာမတွေ့။ ကဲ့ရဲ့ခြင်းကို ခံရသောအခါ ခြိမ်းခြောက်ခြင်း ကိုမပြု။ တရားသဖြင့်စီရင်တော်မူသောသူ၌ ကိုယ်ကိုကိုယ် အပ်နှံတော်မူ၏။ (၁ပေ ၂း၂၁-၂၃)**

### ခေါ်တော်မူခြင်း နှင့် ခရစ်တော်၏ပုံသက်သေ

၁။ ဘုရားသခင်သည် အကျွန်ုပ်တို့ကို ကမ္ဘာမတည်မရှိမီ ရွေးကောက် တော်မူသည်။

၂။ ဘုရားသခင်သည် အကျွန်ုပ်တို့ကို ထာဝရအကြံအစည်တော်နှင့် အညီ ခေါ်တော်မူသည်။

၃။ သခင်ခရစ်တော်၏ ခြေတော်ရာကို လိုက်စေခြင်းငှာ၊ ဘုရားသခင် သည် အကျွန်ုပ်တို့ကို ခေါ်တော်မူသည်။

က။ ဤသည်ကား အကျွန်ုပ်တို့အတွက် ဘုရားသခင်၏ ရည်ရွယ် ချက်ဖြစ်သည်။

ခ။ ယင်းရည်ရွယ်ချက်သည် အကျွန်ုပ်တို့၏ ကံကြမ္မာလမ်းညွှန် ဖြစ်သည်။

၄။ သခင်ခရစ်တော်သည် မိမိအသက်တာပုံသက်သေကို အကျွန်ုပ်တို့ ၏ ကံကြမ္မာလမ်းညွှန်အဖြစ် ထားခဲ့တော်မူသည်။

က။ ပုံသက်သေ (ဂရိ-hupogrammos) သည် -

- ပုံဆွဲရန်(သို့) စာရေးရန် စက္ကူပေါ်၌ အပေါက်ဖောက် ၍ လမ်းကြောင်းပေးသောအရာ၊

- ပုံဆွဲ (သို့) စာရေး လမ်းညွှန် (အတိအကျလိုက်နာရမည့်စည်းမျဉ်း) စသည်တို့ဖြစ်သည်။

ခ။ အတိအကျ အတုယူရမည့် စံနမူနာ ဖြစ်သည်။

၅။ ခေါ်တော်မူသောသူတို့သည် ခရစ်တော်နှင့်အတူ ရှင်သန်နိုင်ရန် ခရစ်တော်နည်းတူ ကျင့်ကြံအားထုတ်နေရမည်။

**ခရစ်တာ်နှင့်အတူ အသက်ရှင်လိုပါက၊ ခရစ်တော်နည်းတူ ကျင့်ကြံပါ**

၁။ သခင်ခရစ်တော်သည် -

က။ ဒုစရိုက်ကို မပြု၊

ခ။ မုသာမဆို၊

ဂ။ ကဲ့ရဲ့ခြင်းကို ခံရသောအခါ ပြန်၍မကဲ့ရဲ့ (ကလဲ့စားမချေ)၊

ဃ။ အသေခံရသောအခါ ခြိမ်းခြောက်ခြင်းကို မပြု (မိမိအစွမ်းတန်ခိုးကို ခမည်းတော်၏အလိုတော်မပါဘဲ အသုံးချခြင်း မရှိ)၊

င။ တရားသဖြင့်စီရင်တော်မူသော ခမည်းတော်၌ မိမိကိုယ်ကို အပ်နှံတော်မူသည်။

၂။ တစ်နည်းအားဖြင့်၊ သခင်ခရစ်တော်သည် ခမည်းတော်၏ အကြံအစည်ကို အဆုံးထိ ဝန်ခံသည်။

၃။ ခမည်းတော်ဘုရားသခင် အခွင့်မရှိဘဲ၊ သခင်ခရစ်တော်သည်

က။ ဒုစရိုက်ကိုရှောင်၍ မုသာကို မဆိုသည့်အပြင်၊

ခ။ မိမိ၏အခွင့်အရေးကို ရပိုင်ခွင့်အဖြစ် မတောင်းဆို၊

ဂ။ မိမိ၏အစွမ်းတန်ခိုးကို မည်သည့်အခါမျှ အလွဲအသုံးမချ၊

ဃ။ ဘုရားသခင်၏ စီရင်ခြင်းကို အဆုံးထိ (ဆန့်ကျင်တိုက်လှန်ခြင်းမပြုဘဲ) ခံယူသည်၊

င။ ဘုရားသခင်ကို အကြွင်းမဲ့ကိုးစား၍ မိမိကိုယ်ကို အပ်နှံသည်။

(လုကာ ၂၃း၄၆)

၄။ ကျွန်ုပ်တို့သည်လည်း ခရစ်တော်နည်းတူ ဘုရားသခင်၏ ရွေးကောက်ခေါ်ယူတော်မူခြင်းနှင့် ထိုက်တန်စွာ နေထိုင်ကြပါစို့။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၂၆)

## ခန္ဓာကိုယ်နှင့် အသက်ဝိညာဉ်ကို အုပ်စိုးသော အရှင်

**ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည် အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီ။ ဒဏ်ချက်တော်အားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ၏။ သင်တို့သည် အထက်ကလမ်းလွဲ၍ ပျောက်သောသိုးကဲ့သို့ဖြစ်ကြ၏။ ယခုမူကား၊ သိုးထိန်းတည်းဟူသော သင်တို့၏ဝိညာဉ်တို့ကို အုပ်စိုးကြည့်ရှုတော်မူသော အရှင်ထံသို့ ပြန်ရောက်ကြပြီ။**

**(၁ပေ ၂း၂၄-၂၅)**

### ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌. . .

### (ရောမ ၆း၁၁-၁၄)

၁။ သခင်ခရစ်တော်၏ အသေခံခြင်းသည် -

ကျ။ အကျွန်ုပ်တို့ကို အပြစ်မှရွေးနှုတ်ခြင်းအတွက်သာ မဟုတ်၊

ခ။ အကျွန်ုပ်တို့ကို အပြစ်နှင့်ဆိုင်သောအရာ၌ သေသောသူ ဖြစ်နိုင်ကြရန်နှင့်၊

ဂ။ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်ကြရန်ဖြစ်သည်။

၂။ အပြစ်နှင့်ဆိုင်သောအရာ၌ သေသောသူသည် -

က။ ဒုစရိုက်အပြစ်များကို ဆက်လက်ကျူးလွန်မည် မဟုတ်။

ခ။ အပြစ်၏အုပ်စိုးခြင်းမှ လုံးဝ လွတ်မြောက်သောသူ ဖြစ်သည်။

၃။ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်သောသူသည် -

က။ ဘုရားသခင်နှစ်သက်သောအရာတို့၌ လွတ်လပ်စွာ ကျင်လည်သည်။

ခ။ နှုတ်ကပတ်တော်နှင့်အညီ ကျင့်ကြံအားထုတ်သောသူ ဖြစ်သည်။

**ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီ. . .**

၁။ သခင်ခရစ်တော်သည် သစ်တိုင်၌ အသေခံခြင်းဖြင့် -

 က။ အပြစ်၏အဖိုးအခကို ပေးဆပ်သည်။ (ရောမ ၆း၂၃)

 ခ။ ထာဝရအသက်ရရှိပိုင်ခွင့်ကို လူတိုင်းတို့အား ပေးသနားတော်မူသည်။ (ရောမ ၆း၂၃)

၂။ ဒဏ်ချက်တော်အားဖြင့်(သခင်ခရစ်တော်ခံရသော ဒဏ်ချက်တော်)

 က။ အကျွန်ုပ်တို့၏ အနာ (အပြစ်) သည် ပျောက်လျက်ရှိကြသည်။

 ခ။ ကျွန်ုပ်တို့သည် မိမိတို့ ဗီဇမူလအပြစ်၏ အဖိုးအခကို ပေးဆပ်ရန် မလိုတော့ချေ။

၃။ ဤသည်ကား ပရောဖက် ယေရှာယ ဟောကြားချက် ပြည့်စုံခြင်းဖြစ်သည်။ (ယေရှာယ ၅၃း၅)

**သင်တို့သည် အထက်ကလမ်းလွဲ၍ ပျောက်သောသိုးကဲ့သို့ဖြစ်ကြ၏**

၁။ ကျွန်ုပ်တို့၏ အခြေအနေမှန်သည် လမ်းပျောက်နေကြသည်။

၂။ သခင်ခရစ်တော်၏ ကယ်တင်ခြင်းဆုကျေးဇူးကို မပိုင်ဆိုင်သေးသောသူတို့သည် -

 က။ ဘဝကံကြမ္မာခရီး၌ လမ်းပျောက်နေကြသည်။ (ဟေဗြဲ ၉း၂၇)

 ခ။ အသက်ဝိညာဉ်လမ်း ပျောက်နေကြသည်။ သေလွန်ပြီးနောက် အဘယ်ခရီးသွားမည်ကို မသိကြ။ (ယောဟန် ၁၁း၂၅)

၃။ သခင်ယေရှုခရစ်ကိုယ်တိုင်လည်း သူ့ကိုမသိကြသေးသောသူတို့ကို သနားစုံမက်၍ အောက်ပါအတိုင်း မြွက်ဆိုခဲ့သည်။

> . . . လူအစု အဝးတို့ကို မြင်တော်မူလျှင် သနားခြင်းစိတ်ရှိတော်မူ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပင်ပန်းသည် ဖြစ်၍ ထိန်းသူမရှိဘဲ ပစ်ထားသော သိုးကဲ့သို့ဖြစ်ကြ၏။ (မဿဲ ၉း၃၅-၃၆)

**ယခုမူကား၊ သိုးထိန်းတည်းဟူသော သင်တို့၏ဝိညာဉ်တို့ကို အုပ်စိုးကြည့်ရှုတော်မူသော အရှင်. . .**

၁။ ခရစ်တော်ကို လက်ခံယုံကြည်ပြီးသောအချိန်သည် 'ယခု' ပင် ဖြစ်သည်။

၂။ ယခုလက်ရှိအချိန်၌ကား ယုံကြည်သူတို့သည် သိုးထိန်းမရှိသောသိုးများ မဟုတ်ကြတော့ပါ။ မိမိအသက်ဝိညာဉ်အရှင်ထံသို့ ဦးလှည့်၍ ပြန်လာကြပြီ။

၃။ သခင်ခရစ်တော်သည် အကျွန်ုပ်တို့၏

 က။ သိုးထိန်း (ဂရိ- poimen)၊

- သိုးထိန်း၊ ထိန်းကျောင်းသူ၊
- သင်းအုပ်၊ (ဆာလံ ၂၃၊ ယောဟန် ၁၀)

ခ။ အုပ်စိုးကြည့်ရှုသော အရှင် (ဂရိ-episkopos)

- အုပ်ချုပ်သူ၊ စောင့်ကြည့်သူ၊
- ဂိုဏ်းချုပ်၊ သင်းအုပ်၊
- အသက်ဝိညာဉ်ကို စောင့်ရှောက်သောအရှင် ဖြစ်သည်။

၄။ သခင်ခရစ်တော်၏ အုပ်စိုးခြင်းကို တစ်သဝေမတိမ်း လိုက်နာကြပါစို့။ သူသည်သာ အကျွန်ုပ်တို့၏ ခန္ဓာကိုယ်နှင့် အသက်ဝိညာဉ်နှစ်ပါးစလုံးကို အုပ်စိုးသောသူ ဖြစ်သည်။ ဘုရားသခင်သာလျှင် ကိုယ်ခန္ဓာနှင့်ဝိညာဉ်ကို ဖျက်ဆီး နိုင်သောသူ၊ ကယ်တင်နိုင်သောသူ ဖြစ်သည်။ (မဿဲ ၁၀း၂၈)

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၂၇)

## အိမ်ရှင်မနှင့် မိမိခင်ပွန်း

**အထက်ဆိုခဲ့ပြီးသည်နည်းတူ၊ မိန်းမတို့၊ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့။ သို့ပြု၍၊ နှုတ်ကပတ်တရားတော်ကို နားမထောင်သော ယောကျ်ားအချို့ရှိလျှင်၊ ထိုသူတို့သည် တရားမနာသော်လည်း၊ သင်တို့၏ ကြောက်ရွံ့ခြင်းနှင့် စင်ကြယ်သောအကျင့်တို့ကို ထောက်ရှု၍၊ မိမိမယား၏ အကျင့်အားဖြင့် သွေးဆောင်လျက် အတူပါမည်အကြောင်းရှိ၏။**
**(၁ပေ ၃း၁-၂)**

### အထက်ဆိုခဲ့ပြီးသည်နည်းတူ. . .

၁။ ဘုရားသခင်ခန့်ထားသောသောသူတို့၏ အုပ်စိုးခြင်းကို ဝန်ခံကြရမည်။ (၁ ပေ ၂း၁၃-၁၅၊ ရောမ ၁၃)

၂။ မိန်းမတို့အတွက်မူကား မိမိတို့၏ ခင်ပွန်းသည် ဘုရားသခင်ခန့်ထားသောသော ဦးခေါင်းဖြစ်သည်။ ( ဧဖက် ၅း၂၃)

၃။ ထို့ကြောင့် မိန်းမသည် မိမိခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံရမည်ဖြစ်သည်။

က။ ဂရိ-hupotasso သည်

- လက်အောက်ခံနေသည်၊
- နာခံသည် စသည်တို့ဖြစ်သည်။

ခ။ ခင်ပွန်း၏ ဦးဆောင်မှုကို ခံယူရမည်။

### သို့ပြု၍၊ နှုတ်ကပတ်တရားတော်ကို နားမထောင်သော ယောကျ်ား. . .

၁။ *'သို့ပြု၍'* သည် အကျိုးရလဒ်ကို ဆက်စပ်ပေးသော စကားလုံးဖြစ်သည်။

၂။ မိန်းမတို့သည် မိမိတို့ခင်ပွန်းများ၏ အုပ်စိုးခြင်းကို ခံယူကြသော အခါ နှုတ်ကပတ်တရားတော်ကို နားမထောင်သော ယောကျ်ားပင် လျှင် ပြောင်းလဲလာနိုင်သည်။

၃။ အဘယ်သို့ ပြောင်းလဲလာနိုင်မည်နည်းဟူမူကား ယောကျ်ားတို့သည် မိမိမယား၏ -

က။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်း၊

ခ။ ဖြူစင်သောအကျင့်၊

ဂ။ ကောင်းသောအမှုအရာ စသည်တို့ကို ထောက်ရှု၍ ပြောင်းလဲ လာနိုင်ပေသည်။

## မိမိမယား၏အကျင့်အားဖြင့် သွေးဆောင်လျက် အတူ ပါမည်အကြောင်းရှိ၏

၁။ အချို့သောယောကျ်ားတို့သည် နှုတ်ကပတ်တရားတော်ကို နားမ ထောင်သော်လည်း၊

က။ မိမိမယား၏ အကျင့်အားဖြင့် နှုတ်ကပတ်တရားတော်ကို နားလည် သဘောပေါက် လာကြမည်။

ခ။ မိမိမယား၏ အကျင့်အားဖြင့် ကောင်းသောအမှုသို့ သွေး ဆောင်ခြင်းကို ခံရကြမည်။

၂။ နှုတ်ကပတ်တရားကို နားမထောင်သောယောကျ်ားတို့ကို မိန်းမ တို့၏ ကောင်းသောပုံသက်သေအားဖြင့် ဘုရားတရားသို့ သွေး ဆောင်နိုင်မည် ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၂၈)

## အိမ်ရှင်မနှင့် တန်ဆာအမျိုးမျိုး

**သင်တို့၌ တန်ဆာဆင်ခြင်းမူကား၊ ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်း မဖြစ်စေဘဲ၊ ဘုရားသခင်ရှေ့မှာ အဘိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်း သဘောတည်းဟူသော မဖောက်ပြန်မပျက်စီးတတ်သောတန်ဆာ ဆင်ခြင်းရှိသော စိတ်နှလုံး၏ အတွင်းလူဖြစ်စေကြလော့။ (၁ ပေ ၃း၃-၄)**

### နှစ်မျိုးသော တန်ဆာဆင်ခြင်း

၁။ အပြင်တန်ဆာဆင်ခြင်း နှင့်
၂။ အတွင်းတန်ဆာဆင်ခြင်း။

### အပြင်တန်ဆာဆင်ခြင်း

၁။ ဆံပင်ကျစ်ခြင်း၊
၂။ ရွှေငွေတန်ဆာဆင်ခြင်း၊
၃။ အဝတ်တန်ဆာဆင်ခြင်း စသည်တို့ဖြစ်သည်။
၄။ အမျိုးသမီးများသည် ဆံပင်ကျစ်ခြင်း၊ ရွှေငွေများဝယ်ယူဆင်မြန်းခြင်း၊ နှင့် အဖိုးတန်သောအဝတ်အထည်များ ဝတ်ဆင်ခြင်းဖြင့် အလှတန်ဆာဆင်ကြသည်။
၅။ ရှင်ပေါလုသည်လည်း အပြင်တန်ဆာဆင်ခြင်းကို တားမြစ်သည်။

ထိုနည်းတူ၊ မိန်းမတို့သည် ကျစ်သောဆံပင်၊ ရွှေတန်ဆာ၊ ကျောက်ပုလဲ အဘိုးထိုက်သော အဝတ်နှင့် ကိုယ်ကို မဆင်ဘဲ၊ ရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့်ခြင်းအားဖြင့်၊ လျောက်ပတ်သောအဝတ်နှင့်မင်း၊ ဘုရားသခင်အား ရိုသေလေးမြတ်ခြင်းကို ဝန်ခံပြုစုသော မိန်းမဆင်သင့်သည်အတိုင်း ကောင်းသောအကျင့်နှင့်၄င်း၊ ကိုယ်ကိုတန်ဆာဆင်စေခြင်းငှါ ငါအလိုရှိ၏။ (၁ တိ ၂း၉-၁၀)

## အတွင်းတန်ဆာဆင်ခြင်း

၁။ ဘုရားသခင်ရှေ့၌ တန်ဖိုးကြီးသော အရာများဖြင့် တန်ဆာဆင်ကြရမည်။

၂။ ထို တန်ဖိုးများစွာထိုက်သော အရာများမှာ နူးညံ့ငြိမ်သက်ခြင်းသဘော ဖြစ်သည်။

က။ မဖောက်ပြန်မပျက်စီးတတ်သောတန်ဆာဆင်ခြင်း ဖြစ်သည်။

ခ။ စိတ်နှလုံး၏အတွင်းတန်ဆာဆင်ခြင်း ဖြစ်သည်။

၃။ အတွင်းတန်ဆာဆင်ခြင်းသည် အတွင်းလူသစ်ဖြစ်သော စိတ်သဘောကို ပြုစုပျိုးထောင်ခြင်း ဖြစ်သည်။

## စိန်ခေါ်ချက်

၁။ အချိန်ကုန်၊ ငွေအကုန်အကျ၊ ခံကာ အပြင်တန်ဆာဆင်ကြရသည်။

၂။ ထိုနည်းတူ အချိန်ပေး၊ အပင်ပန်းခံပြီး အတွင်းစိတ်သဘောကိုလည်း ပြုပြင်ကြရမည်။

၃။ အမျိုးသမီးများသည် အထူးသဖြင့် နူးညံ့ငြိမ်သက်ခြင်းသဘောကို ပြုစုပျိုးထောင်၍ တန်ဆာဆင်ကြရမည် ဖြစ်သည်။

၄။ ဘုရားသခင်နှစ်သက်သော၊ တန်ဖိုးထားသော နူးညံ့ငြိမ်သက်ခြင်းသဘောကို တန်ဆာဆင်ကြပါစို့။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၂၉)

## စာရာ၏ သမီးများ

**ဘုရားသခင်ကို ကိုးစား၍ သန့်ရှင်းသောမိန်းမတို့သည် ရှေးက ထိုသို့ ကိုယ်ကိုတန်ဆာဆင်လျက်၊ စာရာသည် အာဗြဟံကို သခင်ဟု ခေါ်ဝေါ်၍ သူ၏စကားကိုနားထောင်သကဲ့သို့၊ ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြ၏။ သင်တို့သည် ကောင်းမွန်စွာ ကျင့်၍၊ ကြောက်ရွံ့တုန်လှုပ်ခြင်း အလျှင်းမရှိဘဲနေလျှင် စာရာ၏ သမီးဖြစ်ကြ၏။**

**(၁ ပေ ၃း၅-၆)**

### ဘုရားသခင်ကို ကိုးစား၍. . .

၁။ ယုံကြည်သူအမျိုးသမီးများသည် -

က။ ဘုရားသခင်ကို ကိုးစား (ဂရိ-elpizousai/ elpizo) ကြသည်။
- ကိုးစား၍ မျှော်လင့်နေကြသည်။
- မှီခို၍ စောင့်ဆိုင်းနေကြသည်။

ခ။ သန့်ရှင်းစင်ကြယ်ကြသည်။
- စိတ်ဓာတ်ဖြူစင်ကြသည်။
- ကြည်လင်သောသဘောရှိကြသည်။

ဂ။ ဘုရားသခင်ရှေ့၌ အဖိုးကြီးသောတန်ဆာဆင်ကို ဆင်ကြသည်။
- နူးညံ့သိမ်မွေ့ကြသည်။
- ကိုယ်ကျင့် ကောင်းမွန်ကြသည်။

ဃ။ ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြသည်။
- အုပ်စိုးခြင်း ဝန်ခံ (ဂရိ-hupotassomenai/hupotasso) သည် hupo (အောက်မှာ/၌) နှင့် tasso (နေ/ဖြစ်ထားသည်) တို့ ပေါင်းစပ်ထားသည်။
- ခင်ပွန်း၏ ဦးဆောင်မှုအောက်၌ နေရာယူ အသက်ရှင်ကြသည်။

- ဤသို့ အုပ်စိုးခြင်းကို ဝန်ခံသောသူသာ ခင်ပွန်း၏ စကားကို နာခံနိုင်ကြသည်။

င။ ခင်ပွန်း၏စကားကို နားထောင်ကြသည်။

- နားထောင် (ဂရိ- hupekousen/hupakouo) သည် hupo (အောက်မှာ/၌) နှင့် akouo (ကြားသည်) တို့ ပေါင်းစပ်ထားသည်။
- ခင်ပွန်း၏အုပ်စိုးခြင်းကို ခံပြီး သူ၏စကားကို လိုက်နာသည်။
- စာရာသည် သူမ၏ခင်ပွန်းကို သခင်ဟု ခေါ်လျက် နာခံသည်။ တစ်နည်းအားဖြင့်၊ ခင်ပွန်း၏ အုပ်စိုးခြင်းကိုခံယူလျက် နာခံသည်။
- အုပ်စိုးခြင်းမခံယူဘဲ မှန်ကန်သောနာခံခြင်း မရှိနိုင်။

ခ။ ခရစ်ယာန်အမျိုးသမီးများ (အိမ်ရှင်မများ)သည် ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံ၍ စာရာကဲ့သို့ ခင်ပွန်းစကားကို လိုက်နာတတ်ကြရမည်။

**သင်တို့သည် ကောင်းမွန်စွာကျင့်၍. . .**

၁။ *'သင်တို့သည်'* အထက်က ခရစ်ယာန်အိမ်ရှင်မများကို ရည်ညွှန်းသည်။

၂။ ယုံကြည်သူအမျိုးသမီးများသည် အထက်ပါအတိုင်း ကောင်းမွန်စွာ နေထိုင်လျှင် -

က။ စာရာ၏သမီးများ ဖြစ်ကြသည်။

ခ။ ကြောက်ရွံ့တုန်လှုပ်ခြင်းဖြစ်ရန် အကြောင်းမရှိ။

၃။ ကြောက်ရွံ့တုန်လှုပ်ခြင်း (ဂရိ-ptoesin/ptosis) သည် -

က။ အကြောက်တလန့်ဖြစ်ခြင်း၊

ခ။ ကြောက်သောကြောင့် စိတ်လှုပ်ရှားခြင်း၊ စသည်တို့ဖြစ်သည်။

ဂ။ ဘုရားသခင်ကို ကိုးစား၍၊ နှုတ်ကပတ်တော်နှင့်အညီ မိမိခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံသောအမျိုးသမီးသည် ဘေးအန္တရာယ်ကို မကြောက်ဘဲ ငြိမ်ဝပ်စွာ နေထိုင်ရသောအခွင့် ရရှိလိမ့်မည်။ (သုတ္တံ ၁း၃၃)

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၃၀)

## အသက်ရှင်ခြင်းကျေးဇူးတော်ကို အတူအမွေဆက်ခံသူ

> **ထိုနည်းတူ၊ ယောကျ်ားတို့၊ ဆုတောင်းခြင်းအမှု၌ အဆီးအတားမရှိစေခြင်းငှါ အသက်ရှင်ခြင်းကျေးဇူးတော်ကိုဆက်ဆံ၍ အမွေခံရသောသူချင်းကဲ့သို့၊ သတိပညာနှင့်လျော်စွာ ကိုယ်ခင်ပွန်းနှင့် အတူနေ၍၊ အားနည်းသောသူကို ပြုသင့်သည်အတိုင်း သူ့ကိုစောင့်မပြုစုလော့။**
>
> **(၁ပေ ၃း၇)**

**ထိုနည်းတူ. . .**

၁။ *'ထိုနည်းတူ'* သည် -

က။ မိန်းမတို့နှင့် ယောကျ်ားတို့ကို ဆက်စပ်ပေးသည်။

ခ။ ယောကျ်ားတို့သည် အထက်က မိန်းမများနည်းတူ အသက်ရှင်ရပ်တည်ကြရန်ဖြစ်သည်။

၂။ အထက်ဖော်ပြပါ မိန်းမများကဲ့သို့ ယောကျ်ားတို့သည်လည်း ဆုတောင်းခြင်းအမှု၌ အဆီးအတားမရှိစေခြင်းငှာ -

က။ မိမိမယားတို့အား အသက်ရှင်ခြင်းကျေးဇူးတော်ကို အတူ တကွဆက်ဆံ၍ အမွေခံသောသူအဖြစ်လည်းကောင်း၊

ခ။ သတိပညာ (ဂရိ-gnosis) နှင့်လျော်ညီစွာ မိမိ (ခင်ပွန်း) နှင့်အတူနေထိုင်သောသူ အဖြစ် လည်းကောင်း၊

ဂ။ မိမိထက် ပို၍ ခွန်အားနည်းသောသူအဖြစ် လည်းကောင်း၊ သိမှတ်ကြ၍ စောင့်မပြုစုကြရမည် ဖြစ်သည်။

**အသက်ရှင်ခြင်းကျေးဇူးတော်ကို ဆက်ဆံ၍ အမွေခံရသောသူချင်း. . .**

၁။ ဂရိ-sunkleronomois/sugkleronomos သည် -

က။ sun (နှင့်အတူ) နှင့် kleronomos (ဆက်ခံသည်) တို့ပေါင်းစပ်သည်။

ခ။ အတူအမွေဆက်ခံသောသူ၊

ဂ။ အသက်ရှင်ခြင်းကျေးဇူးတော်ကို အတူအမွေဆက်ခံသူ စသည်တို့ဖြစ်သည်။

၂။ အိမ်ရှင်မများသည် ယောကျ်ားတို့နှင့် အသက်ရှင်ခြင်း ဆိုင်ရာ ကျေးဇူးတော်ကို အတူတကွ အမွေခံသောသူများ ဖြစ်ကြသည်။

၃။ ထို့ကြောင့် ယောကျ်ားတို့သည် မိမိတို့၏အမျိုးသမီးများကို ဤအတူတကွဆက်ဆံရသော ကျေးဇူးတော်နှင့် ထိုက်လျောက်စွာ မြတ်နိုးစွာ ပြုစုစောင့်ရှောက်ကြရမည်။

**သတိပညာနှင့်လျော်စွာ ကိုယ်ခင်ပွန်းနှင့်အတူနေ၍. . .**

၁။ ခရစ်ယာန်အမျိုးသမီး (အိမ်ရှင်မ) များသည် သတိပညာ (ဆင်ခြင်တုံတရား) ရှိကြရမည်။

၂။ ယုံကြည်သူအိမ်ရှင်မများသည် မိမိလေ့လာ၊ တွေ့ကြုံ၊ သိရှိထားသော သတိပညာနှင့်အညီ မိမိခင်ပွန်းကို သင့်မြတ်စွာပေါင်းသင်းဆက်ဆံရမည်။

၃။ တနည်းအားဖြင့်ဆိုသော်၊ မိမိ၌ရှိသော သတိပညာအတိုင်း လိမ္မာပါးနပ်စွာ မိမိခင်ပွန်းနှင့်အတူ လက်တွဲနေထိုင်သွားကြရမည်။

**အားနည်းသောသူ. . .**

၁။ အားနည်း (ဂရိ-asthenes) သည် -

က။ အပြောင်းအလဲမြန်သော၊

ခ။ အားအင်မရှိသော၊

ဂ။ ဖျားနာသော စသည်တို့ဖြစ်သည်။

၂။ အားနည်းသောသူ (ဂရိ- asthenes skeuos) သည် -

က။ မခိုင်ခံ့သော တန်ဆာပလာ၊

ခ။ အကျင့်စရိုက်မခိုင်ခံ့သောသူ၊

ဂ။ ခန္ဓာကိုယ်အားနည်းသောသူ စသည်တို့ဖြစ်သည်။

၃။ အိမ်ရှင်မများကို အားနည်းသောသူများ ဟုဆိုရာ၌ -

ကျ။ ဇဝ ကိုပြန်၍ သတိရစေသည်။

ခ။ ဇဝသည် စုံစမ်းခြင်းကို ခံရသောအခါ -

- အာဒံအား ဦးစွာမေးမြန်းခြင်း မပြု။
- အာဒံနှင့် ဆွေးနွေးတိုင်ပင်ခြင်း မပြု။
- လှည့်ဖြားသွေးဆောင်ခြင်းကို အရင်ခံရသည်။

(၁ တိ ၂း၁၃)

၄။ စိတ်သဘောထား ခိုင်ခံ့ခြင်းအမှု၌ အမျိုးသမီးများသည် ပို၍ အားနည်းဟန် ရှိသည်။

၅။ ဤအချက်ကို သတိမူ၍ ယောကျ်ားများက မိမိတို့၏ဇနီးများကို စောင့်မပြုစုကြရမည် ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၃၁)

## ခရစ်ယာန်အချင်းချင်း ဆက်ဆံရေး (၁)

**အချုပ်အခြာစကားဟူမူကား၊ သင်တို့အပေါင်းသည် စိတ်တညီတညွတ်တည်း ရှိကြလော့။ စိတ်ကြင်နာခြင်း၊ ညီအစ်ကိုချင်းကဲ့သို့ ချစ်ခြင်း၊ သနားစုံမက်ခြင်း၊ စိတ်နှိမ့်ချခြင်း ရှိကြလော့။ သင်တို့သည် ကောင်းကြီးမင်္ဂလာကို အမွေခံစေခြင်းအလို့ငှါ ခေါ်တော်မူသောသူ ဖြစ်သည်ဟု သိမှတ်၍၊ အချင်းချင်းရန်တုံ့မမူ၊ ပြန်၍မကဲ့ရဲ့၊ မေတ္တာပို့ခြင်းကို ပြုကြလော့။ (၁ပေ ၃း၈-၉)**

### အချုပ်အခြာစကားဟူမူကား. . .

၁။ *'အချုပ်အခြာစကားဟူမူကား'* သည် -
က။ နိဂုံးချုပ်အားဖြင့်၊
ခ။ အချုပ်အားဖြင့်ဟု ဆိုလိုသည်။
၂။ ထိုအချုပ်စကားမှာ ယုံကြည်သူတိုင်းသည် -
က။ စိတ်တညီတညွတ်တည်းရှိကြရမည်။
ခ။ စိတ်ကြင်နာခြင်း (အချင်းချင်း စာနာစိတ်) ရှိကြရမည်။
ဂ။ ညီအစ်ကိုချင်းကဲ့သို့ ချစ်ခြင်း ရှိကြရမည်။
ဃ။ သနားစုံမက်ခြင်း (ကြင်နာသနားခြင်း) ရှိကြရမည်။
င။ စိတ်နှိမ့်ချခြင်း ရှိကြရမည်။

### သင်တို့သည် ကောင်းကြီးမင်္ဂလာကို. . .

၁။ ယုံကြည်သူတို့သည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို အမွေခံရန် ခေါ်တော်မူသောသူများ ဖြစ်ကြသည်။
၂။ ထို့ကြောင့် ယုံကြည်သူများသည် အချင်းချင်း
က။ ရန်တုံ့ပြန်ခြင်း မပြုကြရန်၊
ခ။ အပြန်အလှန် မကဲ့ရဲ့ကြရန်၊
ဂ။ မေတ္တာကိုသာ ပို့ကြရန် စသည်တို့ဖြစ်သည်။

**သိကောင်းစရာ ဝေါဟာရ တချို့**

၁။ မေတ္တာပို့ခြင်း (ဂရိ- eulogeo) သည် -

က။ အကောင်းပြောသည်၊

ခ။ ကောင်းချီးပေးသည်၊

ဂ။ ချီးမွမ်းသည် စသည်တို့ဖြစ်သည်။

၂။ ရန်တုံ့ပြန်ခြင်းသည် မကောင်းသောအမှုကို မကောင်းသောအရာဖြင့် ကလဲ့စားချေခြင်းကို ဆိုလိုသည်။

၃။ စိတ်နှိမ့်ချခြင်း (ဂရိ-tapeinophrones) သည် -

က။ tapeinos နှင့် phren တို့ပေါင်းစပ်ထားသည်။

ခ။ စိတ်သဘော အထီးကျန်ခြင်း၊

ဂ။ စိတ်ဓာတ် အရှက်ကွဲခြင်း စသည်တို့နှင့်သက်ဆိုင်သည်။

ဃ။ ထို့ကြောင့် မိမိတို့၏အတွင်းစိတ်သည် အားကိုးရာမဲ့၊ အထီးကျန်နေသည်ဖြစ်၍ ဘုရားသခင်ကို အမှီပြုမှသာ နှိမ့်ချသောအသက်တာ ပိုင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၃၂)

## ခရစ်ယာန်အချင်းချင်း ဆက်ဆံရေး (၂)

**အသက်ကိုမွေ့လျော်စေ၍၊ ကောင်းမွန်သောနေ့ရက်တို့ကို တွေ့မြင်ခြင်းငှါ အလိုရှိသောသူသည်၊ မိမိလျှာကို မကောင်းသောအရာနှင့် ကင်းလွတ်စေ။ မိမိနှုတ်ခမ်းလည်း မုသာစကားကို မပြောစေနှင့်။ ဒုစရိုက်ကို လွှဲရှောင်၍ သုစရိုက်ကိုပြုစေ။ သူတပါးနှင့် အသင့်အတင့်နေခြင်းကို ရှာ၍ မှီအောင်လိုက်စေ။ အကြောင်းမူကား၊ ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့ဆုတောင်းခြင်းကိုလည်း နားထောင်တော်မူ၏။ ဒုစရိုက်ပြုသောသူတို့ကိုကား ထာဝရဘုရားသည် မျက်နှာလွှဲတော်မူ၏။**

**(၁ ပေ ၃း၁၀-၁၂)**

### အသက်ကိုမွေ့လျော်စေ၍. . .

၁။ ကောင်းသောအသက်တာကို ပိုင်ဆိုင်လိုသောသူ၊

၂။ ရှင်သန်ရသည့်ကာလ၌ ကောင်းသောနေ့ရက်များကို ပိုင်ဆိုင်လိုသောသူ၊

၃။ ထိုသို့သောသူ ဖြစ်လိုခြင်းသည်

- က။ သမ္မာကျမ်းစာ၏ သွန်သင်ချက်အတိုင်း လိုက်လျှောက်အသက်ရှင်ချင်သော သဘောရှိခြင်း။
- ခ။ ကောင်းသော ဆန္ဒဖြစ်သည်။

### မိမိလျှာကို မကောင်းသောအရာ. . .

၁။ အသက်တာတစ်လျှောက် ကောင်းသောနေ့ရက်များကို ပိုင်ဆိုင်လိုသောသူ၊

- က။ မိမိလျှာကို မကောင်းသောအရာနှင့်ကင်းလွတ်စေရမည်။
- ခ။ မိမိနှုတ်ခမ်းကလည်း မုသာစကား မပြောစေရ။

ဂ။ ဒုစရိုက်ကို ရှောင်၍ သုစရိုက်ကို ပြုရမည်။
ဃ။ သူတစ်ပါးနှင့်အသင့်အတင့် နေရမည်။ မူရင်းစကားလုံးများ အရ၊
- ငြိမ်းချမ်းရေးကို လိုလားသောသူ ဖြစ်ရမည်။
- ငြိမ်းချမ်းရေးကို ကြိုးစား၍ မှီအောင်လိုက်ရမည်ဟု ဆိုလိုသည်။

၂။ ဤသည်ကား ကောင်းသောအသက်တာ ပိုင်ဆိုင်လိုသောသူများ အတွက် လူမှုဆက်ဆံရေး ပညတ်ချက်များ ဖြစ်သည်။

**အကြောင်းမူကား. . .**

၁။ အကြောင်းရင်းမှာ ဘုရားသခင်၏ သဘောသဘာဝကြောင့်ဖြစ်သည်။

၂။ ထာဝရဘုရားသခင်သည်
က။ ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူသည်။
ခ။ ဖြောင့်မတ်သောသူတို့၏ ဆုတောင်းခြင်းကို နားထောင်းတော်မူသည်။
ဂ။ ဒုစရိုက်ပြုသောသူတို့ကိုကား မျက်နှာလွှဲတော်မူသည်။ မူရင်း အရဆိုလျှင် မကောင်းသောသူတို့ကိုကား ဆန့်ကျင်တော်မူသည်။

၃။ ထာဝရဘုရားသခင်၏ အဖြစ်တော်ကို ဝန်ခံ၍ သူ၏ပညတ်ချက်များအတိုင်း လိုက်လျှောက်ကြစို့။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၃၃)

## ကောင်းသောတရား၌ အားကြီးခြင်း

**သင်တို့သည် ကောင်းသောတရားကိုကျင့်သောသူဖြစ်လျှင်၊ အဘယ်သူညှဉ်းဆဲမည်နည်း။ ဖြောင့်မတ်ခြင်းတရားကြောင့် ဆင်းရဲခံရလျှင်မူကား၊ မင်္ဂလာရှိကြ၏။ သူတို့၏ခြိမ်းခြောက်ခြင်းကို မကြောက်ကြနှင့်။ မထိတ်လန့်ကြနှင့်။**

**(၁ ပေ ၃း၁၃-၁၄)**

### သင်တို့သည် ကောင်းသောတရားကိုကျင့်. . .

၁။ ကောင်းသောတရား (ဂရိ-agathou/ agathos) သည် ကောင်းသောအရာ ဖြစ်သည်။

၂။ ကောင်းသောအရာဆိုသည်မှာ -
- က။ ဘုရားသခင်၏ ပညတ်၊
- ခ။ အထက်က (၃း၁၀-၁၂) ၌ ဖော်ပြထားသောအရာများ၊
  - မုသာ မပြောခြင်း၊
  - သူတစ်ပါးနှင့် သင့်မြတ်စွာ နေထိုင်ခြင်း၊
  - ဖြောင့်မတ်ခြင်း၊
  - ဘုရားသခင်ကို ကိုးစားခြင်း (ဆုတောင်းခြင်း)၊
  - ဒုစရိုက်ကို ရှောင်၍ သုစရိုက်ကို ပြုခြင်း စသည်တို့ ဖြစ်သည်။

၃။ ဤအရာများသည် ကောင်းသောအရာ ဖြစ်သည်။ ထို့ကြောင့် ယင်းအဆိုအမိန့်များသည် ကောင်းသောတရားများ ဖြစ်သည်။

၄။ ကျင့်သောသူ (ဂရိ-zelotai/zelotes) သည် -
- က။ စိတ်အားထက်သန်သောသူ၊
- ခ။ ခွန်အားကြီးသောသူ စသည်တို့ ဖြစ်သည်။

၅။ ထို့ကြောင့် ကောင်းသောတရား၌ အားကြီးသောသူ ကိုဆိုလိုသည်။

၆။ ကောင်းသောတရားကို စိတ်အားထက်သန်စွာ ကျင့်ကြံအားထုတ်ရမည် ဖြစ်သည်။

**ကောင်းသောတရားကို ကျင့်သောသူဖြစ်လျှင် . . .**

၁။ ကောင်းသောတရားကို အမှန်ကျင့်နေလျှင် -

ကျ။ အဘယ်သူ ညှဉ်းဆဲမည်နည်း။

ခ။ အဘယ်သူ ဒုက္ခပေးမည်နည်း။

၂။ ကောင်းသောတရားကို ကျင့်သောသူဖြစ်လျှင် အဘယ်သူမှ ဒုက္ခပေးမည် မဟုတ်။ ညှဉ်းဆဲ (ဂရိ-kakoson/kakoo) သည်

က။ အနာတရ ဖြစ်စေသည်၊

ခ။ ဒုက္ခပေးသည်၊

ဂ။ နာကျင်စေသည်၊

ဃ။ မတူမတန်ဆက်ဆံသည် စသည်တို့ဖြစ်သည်။

၃။ ထို့ကြောင့် ကောင်းသောတရား၌ ခွန်အားကြီးသောသူ ကောင်းသောတရားကို ကျင့်သောသူများ ဖြစ်ကြစို့။

**ဖြောင့်မတ်ခြင်းတရားကြောင့် . . .**

၁။ ထိုသို့ ဖြောင့်မတ်နေသော်လည်း၊ မတူမတန်ဆက်ဆံခြင်း ခံရလျှင် မင်္ဂလာရှိသည်ကို အောက်မေ့သတိရရမည်။

က။ ဆင်းရဲခံ (ဂရိ-paschoite/pascho) သည် -

- မတူမတန် ဆက်ဆံသည်၊
- ဒုက္ခရောက်သည်၊
- ထိခိုက်နစ်နာသည် စသည်တို့ဖြစ်သည်။

ခ။ သူတစ်ပါး၏

- ညှဉ်းပန်းနှိပ်စက်ခြင်း၊
- အထင်အမြင်သေးခြင်း၊
- ထိခိုက်နစ်နာစေခြင်း၊ တို့ကို ရည်ညွှန်းသည်။

၂။ ဖြောင့်မတ်ခြင်းကြောင့် ထိုသို့ ဆင်းရဲခြင်းခံရလျှင် မင်္ဂလာရှိသည်။

က။ သခင်ခရစ်တော်ကိုယ်တိုင် သင်ပေးခဲ့သည်။ (မဿဲ ၅း၃-၁၂)

ခ။ ဘုရားသခင်ကိုယ်တိုင်က သက်သာခြင်းပေးလိမ့်မည်။ (၂ ကော ၁း၃-၄)

**သူတို့၏ ခြိမ်းခြောက်ခြင်းကို. . . .**

၁။ သူတစ်ပါးတို့သည် ဖြောင့်မတ်သောသူတို့ကို (အကျွန်ုပ်တို့ကို) မည်သို့ ဆင်းရဲဒုက္ခပေးသနည်း။

၂။ သူတစ်ပါးတို့သည် ယုံကြည်ဖြောင့်မတ်သောသူတို့ကို -

က။ ခြိမ်းခြောက်မည်။

ခ။ ထိတ်လန့်အောင် လုပ်မည်။

၃။ အဘယ်သို့ တုံ့ပြန်ရမည်နည်း။

က။ ကြောက်လန့်ခြင်း မရှိ။

ခ။ ထိတ်လန့်ခြင်း မရှိ။ အမှန်မှာ မူရင်းစာကြောင်းအရ သူတို့ခြိမ်းခြောက်သည့်အတိုင်း *'ထိတ်လန့်သောသူများ မဖြစ်သင့်ချေ'* ဟုနားလည်ရမည်။

ဂ။ ဘုရားသခင်၏ သဘောသဘာဝကို အစဉ်ဝန်ခံ၍ နေရမည်။

- ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူသည်။
- အသနားခံသောသူတို့၏ ဆုတောင်းချက်ကို နားထောင်တော်မူသည်။ (၃း၁၀-၁၂)

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၃၄)

## ယုံကြည်ခြင်းရှေ့နေများ

**စိတ်နှလုံးထဲ၌ ထာဝရဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင်တို့မြော်လင့်ခြင်း၏ အကြောင်းကို မေးမြန်းသောသူရှိ သမျှတို့အား၊ နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘော နှင့် ပြန်ပြောခြင်းငှါ၊ ကာလအစဉ်အမြဲပြင်ဆင်လျက် အသင့်ရှိနေကြ လော့။ ခရစ်တော်၌ သင်တို့ကျင့်သော အကျင့်ကောင်းကို ရှုတ်ချသောသူတို့သည် ကဲ့ရဲ့ပြစ်တင်သောအခါ၊ ကိုယ်တိုင် ရှက်ကြောက်ခြင်း ရှိမည်အကြောင်း၊ သင်တို့သည် ကိုယ်ကို ကိုယ်သိသောစိတ် ကြည်လင်လျှက် နေကြလော့။**

**(၁ ပေ ၃း ၁၅-၁၆)**

**စိတ်နှလုံးထဲ၌ ထာဝရဘုရားသခင်ကို ရိုသေခြင်းရှိကြလော့**

၁။ ဤ '*ထာဝရဘုရားသခင်*' သည် သခင်ခရစ်တော် ဖြစ်သည်။

၂။ '*ရိုသေခြင်းရှိကြလော့*' သည် -

 က။ ဂရိအားဖြင့် 'hagiasate/ hagiazo' ဖြစ်သည်။

ခ။ ယင်းစကားလုံး၏ အနက်မှာ -

- သန့်ရှင်းစေသည်၊
- အလေးအမြတ်ထားသည် စသည်တို့ဖြစ်သည်။

၃။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကို စိတ်နှလုံးထဲ၌ -

က။ အမြတ်တနိုးထားနေရမည်။

ခ။ သန့်ရှင်းစွာ ရိုသေနေရမည်။

ဂ။ ပထမဦးစားပေးဖြစ်စေရမည်။

**သင်တို့. . . ကာလအစဉ်မပြတ် အသင့်ရှိနေကြလော့**

၁။ မျှော်လင့်ခြင်းသည် ယုံကြည်ခြင်းနှင့် အမြဲတမ်း စပ်ဆက်သည်။ (ရောမ ၅း၁-၅)

၂။ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၏ အကြောင်းကို မေးမြန်းသောသူရှိလျှင် -

က။ နူးညံ့သောသဘော၊

ခ။ ကြောက်ရွံ့သောသဘောနှင့် ပြန်ပြောပြရမည်။

၃။ ထိုသို့ ပြန်ပြောနိုင်ရန် အစဉ်သတိနှင့် အသင့်ဖြစ်နေရမည်။

၄။ ပြန်ပြော (ဂရိ- apologian/apologia) သည် -

က။ ခုခံခြင်း၊

ခ။ ကာကွယ်ခြင်း စသည်တို့ဖြစ်သည်။

၅။ ကျွန်ုပ်တို့သည် မိမိတို့၏ ယုံကြည်မျှော်လင့်ခြင်းနှင့် စပ်လျဉ်း၍ ခုခံကာကွယ်နိုင်သောသူများ ဖြစ်ကြရမည်။ တစ်နည်းအားဖြင့်၊ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၏ ရှေ့နေများ ဖြစ်ကြရမည်။

**ခရစ်တော်၌. . . ကိုယ်ကိုကိုယ်သိသောစိတ်ကြည်လင်လျက် နေကြလော့**

၁။ အကျွန်ုပ်တို့၏ ကောင်းသောအကျင့်များကိုပင် ဝေဖန်ရှုတ်ချသောသူများ ရှိမည် ဖြစ်သည်။

၂။ ထိုသို့ မိမိတို့၏ ကောင်းသောအကျင့်ကို ရှုတ်ချ၍ အပြစ်တင်ကြသောအခါ၊ အကျွန်ုပ်တို့ အရှက်မကွဲစေရန် ဩတ္တပ္ပစိတ်ကြည်လင်လျက် နေကြရမည်။

၃။ ကိုယ်ကိုယ်ကိုယ် သိသောစိတ်သည် -

က။ နေ့အချိန် (အဆင်ပြေနေသောကာလ)၌ မှန်သောအရာ၊ ကောင်းသောအရာ၊ ခရစ်တော်၏ နာမတော်နှင့် သင့်တင့်လျော်ကန်သော အရာတို့၌ ကျင်လည်နေကြရမည်။

ခ။ သို့မှသာ ညအချိန် (ဒုက္ခရောက်သောကာလ)၌ မိမိတို့၏ ဩတ္တပ္ပစိတ် ကြည်လင်နေနိုင်မည် ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၃၅)

## အဓိပ္ပာယ်ရှိသော ဆင်းရဲခြင်း

**ဘုရားသခင့်အလိုတော်ရှိလျှင်၊ သုစရိုက်ကိုပြု၍ဆင်းရဲခံခြင်းသည်၊ ဒုစရိုက်ကိုပြု၍ ခံခြင်းထက်သာ၍ကောင်း၏။ ခရစ်တော်သည် ကိုယ်ခန္ဓာအားဖြင့် အသေသတ်ခြင်းကိုခံ၍၊ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်တော်မူသည်ဖြစ်၍၊ ငါတို့ကို ဘုရားသခင့်အထံတော်သို့ ပို့ဆောင်ခြင်းငှါ၊ ဖြောင့်မတ်တော်မူသောသူသည်၊ မဖြောင့်မတ်သောသူတို့အတွက်၊ ဒုစရိုက်အပြစ်များကြောင့် တခါခံတော်မူ၏။**

**(၁ ပေ ၃း၁၇-၁၈)**

**ဘုရားသခင့်အလိုတော်ရှိလျှင် . . .**

၁။ သုစရိုက်ကိုပြု၍ ဆင်းရဲခံခြင်းသည် သဘာဝနိယာမ ဖြစ်သည်။

က။ အလိုအလျောက် ဖြစ်လာလိမ့်မည်။

ခ။ သဘာဝ တရားမျှတမှု ဖြစ်သည်။

၂။ သုစရိုက်ကိုပြု၍ ဆင်းရဲခံခြင်းသည် ဘုရားသခင်အလိုရှိမှ ဖြစ်နိုင်သည်။

က။ ဘုရားသခင်၏ အကြံအစည်ကြောင့် ဖြစ်သည်။

ခ။ ဘုရားသခင်၏ ရည်ရွယ်ချက်ကြောင့် ဖြစ်သည်။

၃။ ထို့ကြောင့် သုစရိုက်ကိုပြု၍ ဆင်းရဲခံခြင်းသည် ဒုစရိုက်ကိုပြု၍ ဆင်းရဲခံခြင်းထက် သာ၍ကောင်းသည်။

**ခရစ်တော်သည် ကိုယ်ခန္ဓာအားဖြင့် . . .**

၁။ ခရစ်တော်သည် ဖြောင့်မတ်သောသူ ဖြစ်သည်။

၂။ ခရစ်တော်သည် မဖြောင့်မတ်သောသူတို့၏ ဒုစရိုက်အပြစ်များ အတွက်ကြောင့် -

က။ တစ်ခါခံတော်မူသည်။

ခ။ ကိုယ်ခန္ဓာအားဖြင့် အသေသတ်ခြင်းကို ခံတော်မူသည်။
ဂ။ ဝိညာဉ်တော်အားဖြင့် အသက်ရှင်တော်မူသည်။
၃။ အကြောင်းမှာ -
က။ အကျွန်ုပ်တို့ကို၊
ခ။ ဒုစရိုက်အပြစ် ကျူးလွန်သောသူတို့ကို၊
ဂ။ မဖြောင့်မတ်သောသူတို့ကို ဘုရားသခင့်အထံတော်သို့ ပို့ဆောင်ခြင်းငှာ ဖြစ်သည်။

**တုံ့ပြန်ချက်**

၁။ ခရစ်တော်ယေရှုကို မိမိသခင်နှင့် ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံယုံကြည်ကြပါစို့။ (ယောဟန် ၁း၁၂)
၂။ သုစရိုက်ကိုပြုသော်လည်း၊ ဆင်းရဲခံရသောအခါ အလွန်ဝမ်းသာခြင်း ရှိကြပါစို့။ (ယာကု ၁း၂-၃၊ ၁ ပေ ၁း၆)

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၃၆)

## လျှောင်ထားသောဝိညာဉ်တို့ လွှတ်မြောက်စေခြင်း

> **ထိုဝိညာဉ်တော်အားဖြင့်လည်း ကြွသွားတော်မူ၍၊ ယခု ထောင်ထဲမှာ လျှောင်ထားသောဝိညာဉ်တို့အား တရားဟော တော်မူ၏။ ထိုဝိညာဉ်တို့မူကား၊ ရှေးကာလ၊ နောဧလက်ထဲ၌၊ နည်းသောသူ တည်းဟူသောလူရှစ်ယောက်တို့ကို ရေအားဖြင့် ကယ်ဆယ်သော သင်္ဘောတည်လုပ်စဉ်တွင်၊ ဘုရားသခင်၏ ခန္တီတော်သည် ဆိုင်းလင့်တော်မူသော်လည်း နားမထောင် သော ဝိညာဉ်ဖြစ်သတည်း။ (၁ ပေ ၃း၁၉-၂၀)**

### ထိုဝိညာဉ်တော်အားဖြင့် . . .

၁။ သခင်ခရစ်တော်သည် ဝိညာဉ်တော်အားဖြင့်

က။ အသက်ရှင်ခြင်းသို့ ရောက်တော်မူသည်၊ (၃း၁၇-၁၈)

ခ။ နောဧခေတ်ကတည်းက လျှောင်ထားခြင်းခံရသော ဝိညာဉ်တို့ကို ဝိညာဉ်တော်အားဖြင့် တရားဟောသည်။

၂။ သခင်ခရစ်တော်သည် ဝိညာဉ်တော်အားဖြင့် ငရဲပြည်သို့ဆင်း၍ (နောဧခေတ်ကတည်းက) နားမထောင်သော ဝိညာဉ်တို့ကို သတင်း ကောင်းကြားရသောအခွင့် ပေးသနားတော်မူသည်။

၃။ အကျွန်ုပ်တို့ဘုရားသည် ဒုတိယအခွင့်အရေးပေးသော ဘုရားသခင် ဖြစ်တော်မူသည်။

### ထိုဝိညာဉ်တော်တို့မူကား . . .

၁။ ခရစ်တော်ကြွ၍ တရားဟောသောသူတို့သည် -

က။ နောဧလက်ထပ်၌ နှုတ်ကပတ်တော်ကိုနားမထောင်သောသူများ၊

ခ။ နောဧဟောကြားချက်များကို မယုံသောသူများ စသည်တို့ဖြစ် ကြသည်။

၂။ ဘုရားသခင်သည် စိတ်ရှည်၍ သည်းခံသော်လည်း -

က။ နာခံပြောင်းလဲခြင်း မရှိကြ။

ခ။ နားထောင်၍ ပြောင်းလဲခြင်း မရှိကြ။

၃။ ဘုရားသခင်သည် အပြစ်ဒဏ်မပေးရန် ရှောင်ကြဉ်သည်းခံသော်လည်း ဆက်လက်ရှောင်ကြဉ်ပေး၍ မရသောကြောင့် ရေအားဖြင့် ဆေးကြောခဲ့သည်။

၄။ ဘုရားသခင် သည်းခံနေသည့်ကာလ၌ အထံတော်သို့ အချိန်မှီ နောင်တရလျက် ချဉ်းကပ်ကြပါစို့။

## ခမည်းတော်ဘုရားသခင်၏. . . ရွေးကောက်တော်မူသော (၃၇)

### သခင်ခရစ်တော်ကို အမှန်ဝန်ခံခြင်း

> ထိုသို့သော ဥပမာအတိုင်း၊ ယခုတွင် ဗတ္တိဇံသည်ယေရှုခရစ်
> ထမြောက်တော်မူသောအားဖြင့်၊ ငါတို့ကို ကယ်တင်တတ်၏။
> ဗတ္တိဇံဟုဆိုသော်၊ ကိုယ်ကာယ၏ အညစ်အကြေး ဆေးကြော
> ခြင်းကို မဆိုလို။ ကိုယ်ကိုကိုယ်သိသောစိတ် ကြည်လင်၍
> ဘုရားသခင့်ရှေ့၌ ဝန်ခံခြင်းကို ဆိုလိုသတည်း။ ထိုသခင်
> သည် ကောင်းကင်ဘုံကို ကြွတော်မူသည်ဖြစ်၍၊ ကောင်းကင်
> တမန်အစရှိသော အာဏာစက်တန်ခိုးများတို့ကို အုပ်စိုးလျက်၊
> ဘုရားသခင်၏ လက်ျာတော်ဘက်၌ ရှိတော်မူ၏။
> (၁ ပေ ၃း၂၀-၂၁)

### ထိုသို့သောဥပမာအတိုင်း

၁။ *'အထက်က ဥပမာအတိုင်း'* ဟုဆိုရမည်။

၂။ ယင်းဥပမာသည် နောဧခေတ်၏ သင်္ဘော ကိုဆိုလိုသည် (၃း၁၉)။

### ယခုတွင် ဗတ္တိဇံသည်. . .

၁။ အထက်က နောဧသင်္ဘော ဥပမာအတိုင်း ယခုတွင် ဗတ္တိဇံသည် အကျွန်ုပ်တို့ကို ကယ်တင်နိုင်သည်။

၂။ ထိုကယ်တင်ခြင်းသည် ယေရှုခရစ်တော်အားဖြင့် ဖြစ်သည်။

က။ သူ၏ထမြောက်ခြင်းအားဖြင့်၊

ခ။ သေခြင်းကို အောင်နိုင်ခြင်း စသည်တို့အားဖြင့် ဖြစ်သည်။

### ဗတ္တိဇံဟု ဆိုသော်. . .

၁။ စကားလုံးအဓိပ္ပာယ်မှာ ဆေးကြောခြင်း ဖြစ်သည်။

က။ ရေထဲနှစ်၍ ဆေးကြောခြင်း၊

ခ။ ရေဖြင့်အကုန်အစင် ဆေးကြောခြင်း၊ စသည်တို့ဖြစ်သည်။

၂။ ဗတ္တိဇံသည် -

က။ ကိုယ်ကာယ၏ အညစ်အကြေးများ ဆေးကြောခြင်းကို မဆိုလို။

ခ။ ဩတ္တပ္ပစိတ် ကြည်လင်ခြင်းနှင့်အကွ၊ ဘုရားသခင်ရှေ့၌ ဝန်ခံခြင်းကို ဆိုလိုသည်။

၃။ မည်သည့်အရာကို ဝန်ခံရမည်နည်း။

 က။ သခင်ယေရှုသည် ခရစ်တော်ကယ်တင်ရှင် ဖြစ်သည်။

ခ။ သခင်ယေရှု၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ စသည်တို့သည် အကျွန်ုပ်တို့အဖို့ ဖြစ်သည်။

ဂ။ သခင်ယေရှုကို မိမိ၏အသက်သခင်၊ ဝိညာဉ်အရှင်အဖြစ် ဘုရားသခင်ရှေ့၌ ဝန်ခံရမည်။

ဃ။ ထိုဝန်ခံချက်နှင့်အညီ လျှောက်လှမ်းပါမည်ဟု သစ္စာဆိုရမည်။

## ထိုသခင်သည်. . .

၁။ ကိုယ်ခန္ဓာအားဖြင့် အသေခံတော်မူသည်။

၂။ ဝိညာဉ်တော်အားဖြင့် ရှင်ပြန်ထမြောက်တော်မူသည်။

၃။ ရှေးခေတ်ကတည်းက ဝိညာဉ်တော်အားဖြင့် ထောင်ထဲ၌ လှောင်ထားသော ဝိညာဉ်တို့ထံ သွားရောက် တရားဟောတော်မူသည်။ (၁ ပေ ၃း၁၈-၁၉)

၄။ ထမြောက်ပြီး ရက်ပေါင်း (၄၀) တိုင်တိုင် တပည့်တော်များကို သွန်သင်အားပေးခဲ့သည်။

၅။ ထို့နောက် ကောင်းကင်ဘုံသို့ ကြွတော်မူသည်။

၆။ အဖ ခမည်းတော် ဘုရားသခင်၏ လက်ျာတော်ဘက်၌ ရှိတော်မူသည်။

 က။ လက်ျာတော်သည် အာဏာနှင့်တန်ခိုးကို ကိုယ်စားပြုသည်။

ခ။ သခင်ခရစ်တော်သည် အာဏာနှင့်တန်ခိုးရှင် ဖြစ်သည်။

၇။ ထို့ကြောင့် သခင်ခရစ်တော်သည် ကောင်းကင်တမန်မှစသော အာဏာစက်တန်ခိုးများတို့ကို အုပ်စိုးလျက် ရှိသည်။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၃၈)

## မိမိအလိုဆန္ဒမဟုတ်၊ ဘုရားသခင်၏အလိုတော်

**ထိုသို့ ခရစ်တော်သည် ကိုယ်ခန္ဓာတော်၌ ငါတို့အတွက် ခံတော်မူသည်မှန်သောကြောင့်၊ သင်တို့လည်း ထိုသို့သော သဘောကို လက်နက်ပြု၍ သုံးစွဲကြလော့။ အကြောင်းမူကား၊ ကိုယ်ခန္ဓာ၌ ခံသောသူသည် ဒုစရိုက်တို့နှင့် လွတ်ငြိမ်းသည်ဖြစ်၍၊ နောက်တဖန် သူတို့၏ တပ်မက်ခြင်းတရားကို မကျင့်၊ ဘုရားသခင်၏ အလိုတော်အတိုင်း ကျင့်လျက်၊ ကိုယ်ခန္ဓာ အသက်အပိုင်းအခြား ကျန်ရစ်သောကာလကိုလွန်စေတတ်၏။ (၁ ပေ ၄း ၁-၂)**

### ထိုသို့ ခရစ်တော်သည် ကိုယ်ခန္ဓာတော်၌. . .

၁။ ခရစ်တော်သည် မိမိကိုယ်ခန္ဓာတော်၌

က။ ကျွန်ုပ်တို့အတွက် ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံတော်မူသည်။

ခ။ ကျွန်ုပ်တို့အတွက် အသေသတ်ခြင်းခံရသည်။

၂။ ထိုသို့ ကိုယ်ခန္ဓာအားဖြင့် ခံပြီးနောက်၊ ခရစ်တော်သည် ဝိညာဉ်အားဖြင့် -

က။ အသက်ရှင်ခြင်းသို့ ရောက်တော်မူသည်။ (၁ ပေ ၃း၁၈)

ခ။ နောဧခေတ်ကတည်းက လှောင်ထားခြင်းခံရသောသူတို့ကို တရားဟောတော်မူသည်။ (၁ ပေ ၃း၁၉)

၃။ ကိုယ်ခန္ဓာအားဖြင့် ဝေဒနာခံတော်မူပြီးနောက်၊ သခင်ခရစ်တော်သည် ဝိညာဉ်တော်အားဖြင့် ဆက်လက် သက်ဝင်လှုပ်ရှားတော်မူသည်။

### သင်တို့သည်လည်း ထိုသို့သောသဘောကို. . .

၁။ ကိုယ်ခန္ဓာ၌ အပြစ်၏အဆိပ်ဆူး (the sting of sin) ခံရမှသာ ဝိညာဉ်တော်အားဖြင့် ရှင်သန်နိုင်မည်ဟူသော သဘောထားကို

က။ လက်နက်သဖွယ် ပြင်ဆင်ကြရမည်။

ခ။ လက်နက်သဖွယ် အသုံးပြုကြရမည်။

၂။ အကျွန်ုပ်တို့သည် မိမိတို့၏ ကိုယ်ခန္ဓာ၌ အပြစ်၏အဆိပ်ဆူးဖြစ်သော -

က။ အပြစ်၏ချုပ်နှောင်ခြင်း၊

ခ။ အပြစ်၏အကျိုးဆက်များ၊

ဂ။ အပြစ်ကြောင့် ဖြစ်လာသော ဒုက္ခဆင်းရဲခြင်းအမျိုးမျိုး၊ စသည်တို့ကို ခံရကြမည်။

၃။ အကျွန်ုပ်တို့သည် အထူးသဖြင့် မိမိကိုယ်ကို ငြင်းပယ်ခြင်းအားဖြင့် အပြစ်၏အဆိပ်ဆူးကို ခံကြရမည် ဖြစ်သည်။

၄။ အကြောင်းမှာ - ကိုယ်ခန္ဓာ၌ ခံရသောသူသည် ဒုစရိုက်တို့နှင့် လွတ်ငြိမ်းကြသည်။

က။ မိမိကိုယ်ကို ငြင်းပယ်ခြင်းဖြင့် ဒုစရိုက်ကို အောင်နိုင်ကြမည် ဖြစ်သည်။

ခ။ မိမိကိုယ်ခန္ဓာ၌ အပြစ်ဒုစရိုက်ကို မကျူးလွန်သောသူသည် ဒုစရိုက်နှင့် မသက်ဆိုင်တော့ချေ။

**နောက်တဖန် သူတို့၏ တပ်မက်ခြင်းတရားကို မကျင့် . . .**

၁။ ထိုသို့သောသူတို့သည် နောက်တစ်ဖန်

က။ မိမိတို့၏ တပ်မက်ခြင်းအတိုင် မကျင့်၊

ခ။ မိမိတို့၏ အလိုဆန္ဒအတိုင်း မကျင့်၊

ဂ။ ဘုရားသခင်၏ အလိုတော်အတိုင်းသာ ကျင့်ကြသည်။

၂။ ကျန်ရှိနေသော အသက်တာတစ်လျှောက်လုံး ဘုရားသခင်၏အလိုတော် (ဆန္ဒတော်)အတိုင်း ကျင်လည်ကြရမည် ဖြစ်သည်။

၃။ မိမိ၏အလိုဆန္ဒကို လုံးဝ ငြင်းပယ်၍ ဒုစရိုက်အပြစ်များကို သိပြုရှောက်ကြည်သောသူသည် မိမိကိုယ်ခန္ဓာအားဖြင့်(ဒုက္ခဆင်းရဲခြင်းအမျိုးမျိုးကို) ခံရသောသူ ဖြစ်သည်။

၄။ ထိုသူသာလျှင် ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်နိုင်မည် ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၃၉)

## ပြောင်းလဲခြင်း၏ အဖိုးအခ

**သာသနာပလူတို့၏ အလိုသို့လိုက်၍၊ ကိလေသာညစ်ညူးခြင်း၊ ကာမတပ်မက်ခြင်း၊ စပျစ်ရည်နှင့်ယစ်မူးခြင်း၊ ပွဲလုပ်ခြင်း၊ သောက်ကြူးခြင်း၊ အဓမ္မရုပ်တုကို ကိုးကွယ်ခြင်း၌ ကျင်လည်၍၊ ငါတို့လွန်စေပြီးသော အသက်တာကာလသည် ငါတို့အား လောက်ပေ၏။ ယခုမှာသင်တို့သည် သူတို့နှင့်အတူ မဆက်ဆံ၊ ကာမဂုဏ်၌ လွန်ကျူးညစ်ညူးစွာ မပြုသည်အရာကို သူတို့သည် အံ့သြ၍ကဲ့ရဲ့တတ်ကြ၏။ (၁ပေ ၄း၃-၄)**

### လွန်ခဲ့သောအသက်တာကာလ

၁။ သခင်ခရစ်တော်ကို မယုံကြည်မီကာလ ဖြစ်သည်။

၂။ ခရစ်ယာန်တို့သည် ယုံကြည်သူ ဖြစ်မလာမီ အောက်ပါအမှုအရာတို့၌ ကျင်လည်ကြသည်။

က။ ကိလေသာညစ်ညူးခြင်း၊

ခ။ ကာမတပ်မက်ခြင်း၊

ဂ။ စပျစ်ရည်နှင့်ယစ်မူးခြင်း၊

ဃ။ ပွဲလုပ်ခြင်း၊

င။ သောက်ကြူးခြင်း၊

စ။ အဓမ္မရုပ်တုကို ကိုးကွယ်ခြင်း၊ စသည်တို့ဖြစ်သည်။

၃။ တစ်နည်းအားဖြင့်၊ သာသနာပလူတို့၏ အလိုလိုက်၍ အသက်ရှင်ကြသည်။ သာသနာပလူတို့ဟူသည် -

က။ ယုဒလူမျိုးမဟုတ်သော တစ်ပါးအမျိုးသားများ၊

ခ။ မယုံကြည်သူများကို ဆိုလိုသည်။

## ယခုလက်ရှိအသက်တာကာလ

၁။ သခင်ယေရှုခရစ်တော်ကို ယုံကြည်ပြီးသောကာလ ဖြစ်သည်။

၂။ ခရစ်ယာန်တို့သည် ခရစ်တော်ကို ယုံကြည်ပြီးနောက်

က။ အကျင့်ဆိုး၊ အကျင့်ဟောင်းများကို စွန့်ပယ်ကြသည်၊

ခ။ သာသနာပလူတို့နှင့် အတူ ပေါင်းသင်းဆက်ဆံခြင်း မရှိ၊

ဂ။ ကာမဂုဏ်၌ လွန်ကျူးလျက် ညစ်ညူးစွာပြုခြင်း မရှိ၊

၃။ ဤသည်ကား လုံးဝပြောင်းလဲသောအသက်တာ သာသနာပလူတို့နှင့် မတူသော အသက်တာ၊ ဖြစ်သည်။

၄။ ရှင်ပေါလုကလည်း အောက်ပါအတိုင်း ဆိုသည်။

> 'လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ'။ (၂ ကော ၅း၁၇)

## ပြောင်းလဲခြင်း၏ အဖိုးအခ

၁။ ခရစ်ယာန်တို့သည်

က။ သာသနာပလူတို့၏ အလိုသို့ မလိုက်၊

ခ။ မယုံကြည်သောသူတို့နည်းတူ မကျင့်၊

ဂ။ ဘုရားမသိသောသူတို့နှင့် မကောင်းသောအမှုတို့၌ ဆက်လက်၍ ပါဝင်ဆက်ဆံခြင်း မရှိ၊

၂။ ထိုအရာများကြောင့် ခရစ်ယာန်တို့ကို -

က။ သာသနာပလူတို့သည် အံ့ဩကြလိမ့်မည်။

ခ။ သာသနာပလူတို့သည် ကဲ့ရဲ့ကြလိမ့်မည်။

၃။ ယင်းသည် ခရစ်တော်၌ ပြောင်းလဲခြင်း၏ အဖိုးအခ ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၄၀)

## တရားသဖြင့် စီရင်တော်မူခြင်း

**သို့ဖြစ်၍၊ အသက်ရှင်သောသူတို့ကို၎င်း၊ သေသောသူတို့ကို၎င်း တရားစီရင်ခြင်းငှါ အသင့်ရှိတော်မူသော သူ့ရှေ့၌၊ ထိုသူတို့သည် စစ်ကြောခြင်းကို ခံရကြလတံ့။ ထိုအကြောင်းကြောင့် လူတို့ရှေ့၌ ကိုယ်ခန္ဓာအားဖြင့် အပြစ်စီရင်ခြင်းကို ခံရသော်လည်း၊ ဘုရားသခင်ရှေ့တော်၌ စိတ်ဝိညာဉ်အားဖြင့် အသက်ရှင်မည်အကြောင်း၊ သေသောသူတို့သည် ဧဝံဂေလိတရားကိုကြားရကြ၏။ (၁ ပေ ၄း၅-၆)**

### သို့ဖြစ်၍

၁။ သိသာထင်ရှားသော မတူညီမှုများကြောင့် သာသနာပလူတို့သည် ခရစ်ယာန်ယုံကြည်သူများကို -

က။ အံ့သြနေကြမည်။

ခ။ ကဲ့ရဲ့နေကြမည်။ (၁ ပေ ၄း၄)

၂။ ထိုအချက်သည်ကား မှန်သောပြောင်းလဲခြင်း၏ အဖိုးအခပင် ဖြစ်သည်။

### အသက်ရှင်သောသူတို့ကို၎င်း. . . စစ်ကြောခြင်းကို ခံရကြလတံ့

၁။ သာသနာပလူတို့သည် တစ်နေ့ သခင်ဘုရားရှေ့၌ တရားစီရင်ခြင်း ခံကြရမည်။

၂။ တစ်နည်းအားဖြင့်ဆိုသော်၊ လူတိုင်းသည် သခင်ဘုရားရှေ့တော်၌ မိမိတို့ဆောင်ရွက်သမျှ (ပြောသမျှသောအရာတို့အပါအဝင်) တို့နှင့် စပ်လျဉ်း၍ အကျိုးအကြောင်း ရှင်းပြရပေလိမ့်မည်။

၃။ သခင်ဘုရားသည်လည်း အသက်ရှင်သောသူ၊ သေသောသူတို့ကို တရားစီရင်ရန် အသင့်ရှိတော်မူသည်။

**ထိုအကြောင်းကြောင့် . . .**

၁။ အမှန်သေလွန်သောသူများ၊

က။ သခင်ခရစ်တော်သည် (သေလွန်ပြီးနောက် ဝိညာဉ်တော်အားဖြင့်) နောဧခေတ်ကတည်းက လှောင်ထားသော ဝိညာဉ်များအား တရားသွားဟောခဲ့သည်။ (၁ ပေ ၃း၁၉)

ခ။ သေလွန်သောသူတို့သည် သခင်ခရစ်တော်အားဖြင့် ဧဝံဂေလိတရားကို ကြားရကြသည်။

၂။ ဝိညာဉ်ရေး၌ သေလွန်သောသူများ၊

က။ မယုံကြည်သောသူများသည် ဝိညာဉ်ရေး၌ သေသောသူများဖြစ်ကြသည်။ (ဧဖက် ၂း၁-၂)

ခ။ ဘုရားသခင်၏ဝိညာဉ်တော်နှင့် မသက်ဆိုင်သောသူသည် သေသောသူ ဖြစ်သည်။ (ရောမ ၈း၉)

ဂ။ ဇာတိပကတိအတိုင်း အသက်ရှင်သောသူသည် သေသောသူဖြစ်သည်။ (ရောမ ၈း၁၃)

ဃ။ ဝိညာဉ်ရေး၌ သေသောသူများသည် ဘုရားသခင့်သားတော်၏ စကားသံကိုကြားခြင်းအားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြသည်။ (ယောဟန် ၅း၂၅)

၃။ ဘုရားသခင်သည် တရားသဖြင့် စီရင်တော်မူမည်။

၄။ ဤသည်ကား အလွန်နက်ရှိုင်းသော ဓမ္မသဘောတရားဟု ဆိုရပေမည်။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၄၁)

## အဆုံးသို့ ရောက်လုသည်ဖြစ်သောကြောင့် (၁)

**ခပ်သိမ်းသော အမှုအရာတို့သည် အဆုံးသို့ရောက်လုသည် ဖြစ်သောကြောင့်၊ သမ္မာသတိရှိကြလော့။ ဆုတောင်းခြင်း အလို့ငှါ စောင့်နေကြလော့။ အခြားသော အမှုအရာထက် မက၊ အချင်းချင်းအားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့။ ချစ်ခြင်းမေတ္တာသည် များစွာသောအပြစ်တို့ကို ဖုံးအုပ်တတ်၏။ (၁ပေ ၄း၇-၈)**

### ခပ်သိမ်းသောအမှုအရာတို့သည်. . .

၁။ ခပ်သိမ်းသောအရာတို့၌ -

က။ မြင်နိုင်သောအရာ၊ မမြင်နိုင်သောအရာ၊

ခ။ သက်ရှိ၊ သက်မဲ့၊

ဂ။ *'မူလအစ'* ရှိသော ခပ်သိမ်းသောအရာတို့ကို ဆိုလိုသည်။

၂။ ခပ်သိမ်းသောအရာတို့၌ *'မူလအစ'* မရှိသော ဘုရားသခင်ဖန်ဆင်းရှင် မပါဝင်ပါ။

၃။ ဤခပ်သိမ်းသောအရာတို့သည် -

က။ မူလအစ ရှိကြသကဲ့သို့

ခ။ နိဂုံးအဆုံးလည်း ရှိကြသည်။

၄။ ၄င်းတို့၏ အဆုံးသည် ရောက်လုနီးဖြစ်သည်။

က။ အဆုံး (ဂရိ-telos) သည် -

- နောက်ဆုံးပန်းတိုင်၊
- ခရီးစဉ်အဆုံး စသည်တို့ဖြစ်သည်။

ခ။ အရာခပ်သိမ်းတို့၏ နောက်ဆုံးခရီးစဉ် (ဝါ) သက်တမ်းအဆုံးကို ဆိုလိုသည်။

### သမ္မာသတိရှိကြလော့

၁။ သမ္မာသတိ (ဂရိ- sophronesate/sophroneo) သည် -

က။ စိတ်ကို ထိန်းချုပ်သည်၊

ခ။ စိတ်ကြည်လင်သည်၊

၂။ ရှုးသွပ်ခြင်း၊ မိုက်မဲခြင်းကို ရှောင်လျက် စိတ်ကြည်လင်စွာ နေထိုင်ရမည်။

### ဆုတောင်းခြင်းအလို့ငှါ စောင့်နေကြလော့

၁။ *'စောင့်'* (ဂရိ-nepsate/nepho) စကားလုံးသည် -

က။ စိတ်ငြိမ်သည်၊

ခ။ သတိနှင့်စောင့်သည်၊

ဂ။ ဆင်ခြင်သည် စသည်တို့ဖြစ်သည်။

၂။ ဆုတောင်းခြင်းအလို့ငှာ

က။ သတိနှင့်စောင့်နေရမည်။

ခ။ စိတ်ငြိမ်စွာ ဆင်ခြင်နေရမည်။

၃။ သတိနှင့် ဆင်ခြင်၍ စိတ်ငြိမ်စွာ စောင့်နေမှသာ ဆုတောင်းနိုင်မည် ဖြစ်သည်။

### အခြားသောအမှုအရာထက်မက. . .

၁။ ကောင်းသောကျင့်ဝတ်များစွာအနက် ချစ်ခြင်းမေတ္တာသည် အကြီးမြတ်ဆုံးဖြစ်သည်။ (၁ ကော ၁၃း၁၃)

၂။ အချင်းချင်း အားကြီးသောချစ်ခြင်းမေတ္တာ ရှိကြရမည်။

၃။ ထိုသို့ အချင်းချင်းအားကြီးသော မေတ္တာဖြင့် ချစ်ကြလျက်၊

က။ သမ္မာသတိ ရှိကြရမည်။

ခ။ ဆုတောင်းခြင်းငှာ စောင့်နေရမည်။

၄။ အကြောင်းမှာ - ချစ်ခြင်းမေတ္တာသည် များစွာသောအပြစ်တို့ကို ဖုံးအုပ်တတ်၏ - ဟုကျမ်းစာလာသည်။ (သုတ္တံ ၁၀း၁၂)

က။ သမ္မာကျမ်းစာကို အခြေပြုခြင်းသည် သခင်ခရစ်တော်၏ နည်းဗျူဟာ ဖြစ်သည်။ (မဿဲ ၄း၄ မှ)

ခ။ သမ္မာကျမ်းစာကို အမှီပြု၍ ဆင်ခြင်ဆုံးဖြတ်ခြင်းသည် တမန်တော်တို့၏ နည်းပညာ ဖြစ်သည်။ (တမန် ၁-၂)

ဂ။ သမ္မာကျမ်းစာနှင့် ကျေးဇူးပြုခြင်းသည် ဘုရားသခင်၏ နိယာမ ဖြစ်သည်။ (ဆာလံ ၁၁၉း ၅၈၊ ၆၅)

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၄၂)

## အဆုံးသို့ ရောက်လုသည်ဖြစ်သောကြောင့် (၂)

**မြည်တမ်းခြင်းမရှိဘဲ အချင်းချင်း ဧည့်သည်ဝတ်ကိုပြုကြလော့။ သင်တို့သည် ဆုကျေးဇူးတော်ကို အသီးသီးခံရကြသည်နှင့်အညီ၊ ဘုရားသခင်၏ အထူးထူးအပြားပြားသော ကျေးဇူးတော် ဘဏ္ဍာစိုးကောင်းကဲ့သို့ အချင်းချင်း ဝေငှပေးကမ်းကြလော့။ (၁ပေ ၄း၉-၁၀)**

### ရှေ့နောက်ဆက်စပ်မှု

၁။ လက်ရှိအချိန်အခါသည် နောက်ဆုံးသောကာလဖြစ်သည်။
၂။ ဆိုလိုသည်မှာ ခပ်သိမ်းသောအရာတို့သည် အဆုံးသို့ ရောက်လုနီးပြီ ဖြစ်သည်။
၃။ ဤသို့သော အချိန်အခါ၌ အချိန်ကိုလု၍ ကောင်းသောအမှုကို ပြုကြရမည် ဖြစ်သည်။

### မြည်တမ်းခြင်းမရှိဘဲ အချင်းချင်း ဧည့်သည်ဝတ်ကိုပြုကြလော့

၁။ ညည်းညူးမပြစ်တင်ခြင်းမရှိဘဲ အချင်းချင်းဧည့်ဝတ်ပြုကြရမည်။
၂။ အချင်းချင်းဧည့်ဝတ်ပြုခြင်းသည် -
　က။ ကောင်းသောအမှု ဖြစ်သည်။
　ခ။ ချစ်ခြင်းမေတ္တာကို မျှဝေခြင်း ဖြစ်သည်။
　ဂ။ ကောင်းကင်တမန်များကိုပင် ကျေးဇူးပြုခြင်း ဖြစ်နိုင်သည်။
(ဟေဗြဲ ၁၃း၂)

### သင်တို့သည် ကျေးဇူးတော်ကို အသီးသီးခံရကြသည်နှင့်အညီ

၁။ ကျေးဇူးတော်ကို မခံရသောသူဟူ၍ မရှိနိုင်ရာ။
၂။ လူတိုင်းသည် ဘုရားသခင်ကျေးဇူးတော်ကို ခံကြရသည်။
(တိ ၂း၁၁-၁၃)

၃။ ယုံကြည်သူတိုင်းသည် ကျေးဇူးတော်ကို ကိုယ်စီ ခံစားကြသည်။
(၁ ကော ၁၂)

## ဘုရားသခင်၏ အထူးထူးအပြားပြားသော ကျေးဇူးတော် ဘဏ္ဍာစိုးကောင်း. . . .

၁။ ဘုရားသခင်၏ ကျေးဇူးတော်သည် အမျိုးမျိုးရှိသည်။
၂။ ယုံကြည်သူတို့သည် ဘုရားသခင်၏ ကျေးဇူးတော် အမျိုးမျိုးကို ခံစားကြရသည်။
၃။ ကျွန်ုပ်တို့သည် မိမိတို့ခံစားရသော ကျေးဇူးတော်အသီးသီးကို
က။ အချည်းနှီး မခံစားကြရမည်အကြောင်း သတိရှိရမည်။
(၂ ကော ၆း၁-၂)
ခ။ ကောင်းသောဘဏ္ဍာစိုးကဲ့သို့ စောင့်ရှောက်ရမည်။
ဂ။ တစ်နည်းအားဖြင့်ဆိုသော်၊ ကျွန်ုပ်တို့သည် မိမိတို့ ကိုယ်စီ ရရှိခံစားရသော ကျေးဇူးတော်အသီးသီးကို ဘုရားသခင်၏ရည်ရွယ်ချက်နှင့်အညီ ပြုစုပျိုးထောင်ကြရမည်။

## အချင်းချင်းဝေငှပေးကမ်းကြလော့

၁။ ဝေငှပေးကမ်း (ဂရိ-diakoneo/diakonountes) သည် -
က။ စားပွဲထိုးသည်၊
ခ။ အစေခံသည် စသည်တို့ဖြစ်သည်။
၂။ မိမိခံစားရသာ ကျေးဇူးတော်အားဖြင့် အများကို အစေခံကြရမည် ဖြစ်သည်။
၃။ဆိုလိုသည်မှာ-
က။ မိမိခံစားရရှိသော ကျေးဇူးတော်သည် အများသောသူတို့အတွက် တည်ဆောက်စရာ ဖြစ်သည်။
ခ။ မိမိ၏ ဆုကျေးဇူးကို သူတပါးအတွက် ပေးကမ်းစွန့်ကြဲကြရမည်။
ဂ။ မိမိ၏အားသာချက်သည် အခြားတစ်ပါးသူအတွက် ဘုရားသခင်၏ နာမတော်ချီးမွမ်းခြင်း အကြောင်းတရား ဖြစ်ရမည်။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၄၃)

## အဆုံးသို့ ရောက်လုသည်ဖြစ်သောကြောင့် (၃)

**ဘုရားသခင်သည် အရာရာ၌ ယေရှုခရစ်အားဖြင့် ဘုန်းတော်ထင်ရှားစေမည်အကြောင်း၊ ဟောပြောသောသူသည် ဘုရားသခင်၏ ဗျာဒိတ်တော်နှင့်အညီ ဟောပြောစေ။ အခြားသောအမှုကို ဆောင်ရွက်သောသူသည်၊ ဘုရားသခင် ပေးသနားတော်မူသော အစွမ်းသတ္တိအတိုင်း ဆောင်ရွက်စေ။ ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက်ဘုန်းအသရေ အစွမ်းသတ္တိ ရှိတော်မူစေသတည်း။ အာမင်။**

**(၁ ပေ ၄း၁၁)**

**ဘုရားသခင်သည်. . .**

၁။ ခမည်းတော်ဘုရားသခင်ကို ရည်ညွှန်းသည်။

၂။ ခမည်းတော်ဘုရားသခင်သည် သခင်ခရစ်တော်အားဖြင့် ဘုန်းတော်ထင်ရှားမည် ဖြစ်သည်။

က။ ယေရှုခရစ်တော်ကိုယ်တိုင်၏ ဆုတောင်းချက် ဖြစ်သည်။ (ယောဟန် ၁၂း၂၈)

ခ။ ယေရှုခရစ်တော်သည် ခမည်းတော်၏ ဘုန်းတော်ကို ထင်ရှားစေခဲ့သည်။ (ယောဟန် ၁၇း၄)

ဂ။ ယေရှုခရစ်တော်အားဖြင့် ခမည်းတော်၏ ဘုန်းတော် ထင်ရှားစေခြင်းသည် ယနေ့ ယုံကြည်သူများ၏ အကြီးမြတ်ဆုံးသော ရည်ရွယ်ချက် ဖြစ်ရမည်။

**ကြီးမြတ်သော ရည်ရွယ်ချက်**

၁။ ယေရှုခရစ်အားဖြင့် ခမည်းတော်၏ ဘုန်းတော်ထင်ရှားခြင်းသည် -

က။ သခင်ခရစ်တော်ကိုယ်တိုင်၏ ရည်ရွက်ချက် ဖြစ်သည်။

ခ။ တမန်တော်တို့၏ ဦးတည်ချက်လည်း ဖြစ်သည်။

(၁ ကော ၁၀း၃၀-၃၁)

ဂ။ ခေါ်တော်မူသောသူတို့၏ ဘဝခရီးပန်းတိုင် ဖြစ်သည်။
(ဧဖက် ၁း၁၂)

၂။ ဤကြီးမြတ်သော ရည်ရွယ်ချက်ကို အခိုင်အမာ ဆုပ်ကိုင်သော သူသည် -

က။ ဟောပြောသောသူဖြစ်ပါက၊ ဘုရားသခင်၏ဗျာဒိတ်တော်နှင့် အညီ ဟောပြောစေ။

ခ။ အခြားသောအမှုကို ဆောင်ရွက်သောသူဖြစ်ပါက၊ ဘုရားသခင် ပေးသနားတော်မူသော အစွမ်းသတ္တိအတိုင်း ဆောင်ရွက်စေ။

၃။ အကြောင်းမှာ -

က။ မည်သည့်အမှု၌မဆို၊ ခမည်းတော်ဘုရားသခင်၏ ဘုန်းတော် ထင်ရှားရမည်။

ခ။ မည်သည့်အချိန်အခါ၌မဆို၊ ခမည်းတော်ဘုရားသခင်၏ ဘုန်း တော်ထင်ရှားရမည်။

ဂ။ မည်သည့်အခြေအနေ၌မဆို၊ ခမည်းတော်ဘုရားသခင် ဘုန်း တော်ထင်ရှားမည့် အကြောင်းကိုသာ ဦးတည်နေရမည်။

၄။ တမန်တော် ပေတရုသည် ဘုရားသခင်၏ဘုန်းတော် ထာဝရ (အဆုံးမရှိ) ထင်ရှားစေရန် ဆုတောင်းသည်။

က။ ထိုဆုတောင်းချက်နှင့်အညီ သခင့်အတွက် အသက်ရှင်ခဲ့သည်။

ခ။ ထိုဆုတောင်းချက်နှင့်အညီ သခင့်အတွက် အသက်ပေးခဲ့သည်။
(၂ ပေ ၁း၁၃-၁၄၊ ယောဟန် ၂၁း၁၈)

## ယနေ့အတွက် စိန်ခေါ်ချက်

၁။ ဟောပြောသောသူ

က။ ဗျာဒိတ်တော် (ဂရိ-logion/logia) သည် -

- ဘုရားသခင်ပြောသောစကားလုံးများ၊
- ဘုရားသခင်ပြောသော အမိန့်များ၊ စသည်တို့ ဖြစ်သည်။

ခ။ ဗျာဒိတ်တော်သည် -

- ပရောဖက်များ၏ ဟောကြားချက်များ၊

- ဓမ္မဟောင်းကျမ်းစာများ စသည်တို့ကိုလည်း ရည်ညွှန်းသည်။

ဂ။ တရားဟောပြောသောသူသည် ဘုရားသခင်၏ တရားကိုသာ ဟောပြောရမည်။

ဃ။ တရားဟောပြောသောသူသည် ဘုရားသခင်၏တရားတော်နှင့်အညီသာ ဆုံးမဩဝါဒပေးရမည်။

၂။ အခြားသောအမှုကို ဆောင်ရွက်သောသူ

က။ ဆောင်ရွက်သောသူ (ဂရိ- diakoneio/diakonei) သည် -

- စားပွဲထိုးအလုပ်သမား၊
- အစေခံ (သူတစ်ပါး၏အစေကို ခံသောသူ)၊ စသည်တို့ဖြစ်သည်။

ခ။ သူတစ်ပါး၏အမှုကိစ္စကို ဆောင်ရွက်ပေးသောသူ ဟုလည်း ပြန်ဆိုနိုင်သည်။

ဂ။ ထိုသူသည် ဘုရားသခင် ပေးသနားတော်မူသော အစွမ်းခွန်အားအတိုင်း ဆောင်ရွက်ရမည်။

- အတိုင်းထက်အလွန် မဆောင်ရွက်ရ။
- အစွမ်းခွန်အားနှင့်အညီ ဆောင်ရွက်ပါ။

၃။ ဟောပြောသောသူ (သင်းအုပ်ဆရာ) နှင့် အခြားသောအမှုကို ဆောင်ရွက်သောသူ (သင်းထောက်)တို့သည် မိမိတို့အသီးသီးခံစားရရှိသော ကျေးဇူးတော်နှင့်အညီ ဘုန်းတော်ချီးမွမ်းခြင်းအကြောင်းတရား ဖြစ်ကြရမည် ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၄၄)

## သခင်၏ ဆင်းရဲခြင်းကို ဆက်ဆံခြင်း

**ချစ်သူတို့၊ သင်တို့ကို စုံစမ်းစရာဘို့ ယခုခံရသောမီးစစ်ခြင်းအရာကိုက၊ သင်တို့၌ အံ့ဩဖွယ်သော အရာဖြစ်သည်ဟု ထင်မှတ်၍၊ အံ့ဩခြင်း မရှိကြနှင့်။ သင်တို့သည် ခရစ်တော်၏ဆင်းရဲကို ဆက်ဆံကြသည်ဖြစ်၍၊ ဘုန်းတော်ပေါ်ထွန်းသောအခါ အလွန်ဝမ်းမြောက် ရွှင်လန်းမည်အကြောင်း ယခုပင် ဝမ်းမြောက်ကြလော့။ ခရစ်တော်၏ နာမကြောင့် ကဲ့ရဲ့ခြင်းကိုခံရလျှင် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ဘုရားသခင်၏ ဘုန်းကြီးသောဝိညာဉ်တော်သည် သင်တို့အပေါ်မှာ ကျိန်းဝပ်တော်မူ၏။ သူတို့၌ကား ကဲ့ရဲ့ခြင်း၊ သင်တို့၌ကား ချီးမွမ်းခြင်းရှိတော်မူ၏။ (၁ပေ ၄း၁၂-၁၄)**

### ချစ်သူတို့၊ သင်တို့ကို စုံစမ်းစရာဘို့. . .

၁။ *'စုံစမ်း'* (ဂရိ-peirasmos/peirasmon) သည် -

က။ စမ်းသပ်သည်၊

ခ။ မှန်ကန်ကြောင်းသက်သေပြရန် စစ်ဆေးသည်၊ စသည်တို့ဖြစ်သည်။

၂။ ထို စုံစမ်းခြင်းသည် မီးအားဖြင့် ဖြစ်သည်။ ဆိုလိုသည်မှာ-

က။ ခက်ခဲသော ဒုက္ခဆင်းရဲခြင်း၊

ခ။ မှားယွင်းစွာ အထင်လွဲခြင်း၊

ဂ။ မဟုတ်မမှန် စွပ်စွဲခြင်း၊

ဃ။ ပြင်းထန်စွာ ကဲ့ရဲ့စော်ကားခြင်း စသည်တို့ဖြစ်သည်။

၃။ ထိုသို့ မီးစစ်ခြင်းကို ခံရသောအခါ၊ အံ့ဩ၍ မနေကြနှင့်။

၄။ အကြောင်းမှာ- မီးစစ်ခြင်းအရာသည် မဖြစ်ဖူးသောအရာ (ဆန်းကြယ်လွန်းသောအရာ)များ မဟုတ်။

က။ ပရောဖက်တို့သည် လူတို့၏ ဝေဖန်ရှုတ်ချခြင်းကို ခံကြရသည်။

ခ။ တမန်တော်တို့သည် လူတို့၏ ဆန့်ကျင်တိုက်လှန်ခြင်းကို ခံကြရသည်။

ဂ။ သခင်ခရစ်တော်ကိုယ်တိုင် လူတို့၏ အဆိုးရွားဆုံး ငြင်းပယ်ခြင်းကို ခံရသည်။

၅။ ဤမီးစစ်ခြင်း အရာသည် စုံစမ်းခြင်းမျှသာ ဖြစ်သည်။ မိမိတို့၏

 က။ ယုံကြည်ခြင်းကို သက်သေထူကြရန်၊

ခ။ သစ္စာစောင့်သိမှုကို ဖော်ပြနိုင်ကြရန်၊

ဂ။ စိတ်ရှည်သည်းခံခြင်းကို ပြသနိုင်ကြရန် စသည်တို့အတွက် ဖြစ်သည်။

## သင်တို့သည် ခရစ်တော်၏ ဆင်းရဲကို ဆက်ဆံကြသည် ဖြစ်၍. . .

၁။ ဆက်ဆံ (ဂရိ- koinomeo/koinomeite) သည် -

က။ မျှဝေခံစားသည်၊

ခ။ အတူဝေငှသည်၊

ဂ။ မိတ်သဟာရဖွဲ့သည် စသည်တို့ဖြစ်သည်။

၂။ ခရစ်တော်၏ ဆင်းရဲကို ဆက်ဆံခြင်းဖြင့်၊

က။ ထိုဆင်းရဲကို ပို၍ လေးနက်စွာ သိရှိနားလည်မည်။

ခ။ ထိုသခင်နှင့်အထူးသဖြင့် သိကျွမ်းလာမည်။

ဂ။ ဘုရားသခင်၏ တန်ခိုးတော်နှင့် ဘုရားသခင်ပေးသနားတော်မူသော ဖြောင့်မတ်ခြင်း တို့ကိုလည်း သိသာစွာ ခံယူလာနိုင်မည်။ (ဖိလိ ၃း၈-၁၁)

၃။ ထိုသို့ သခင်၏ဆင်းရဲကို ဆက်ဆံသောသူသည် ဘုန်းတော်ပေါ်ထွန်းသောအခါ (ဘုန်းတော်နှင့်အတူ သခင်ယေရှုခရစ် ပြန်ကြွလာသောခါ) အလွန်ဝမ်းမြောက်ကြမည် ဖြစ်သည်။

၄။ ထိုမျှော်လင့်ခြင်းကြောင့် ယခုပင် ဝမ်းမြောက်ကြရမည် ဖြစ်သည်။

**ခရစ်တော်၏နာမကြောင့် ကဲ့ရဲ့ခြင်းကိုခံရလျှင် . . .**

၁။ ခရစ်တော်၏နာမကြောင့် ဆိုသည်မှာ -

 က။ သမ္မာတရားကြောင့်၊

ခ။ ဖြောင့်မတ်ခြင်းတရားကြောင့်၊

ဂ။ ခရစ်တော်အပေါ် သစ္စာစောင့်သိမှုကြောင့် စသည်တို့ကို ဆိုလိုသည်။

၂။ ထိုအကြောင်းများကြောင့် ကဲ့ရဲ့ခြင်းခံရလျှင် မင်္ဂလာရှိသည်။ (မဿဲ ၅)

က။ သခင်ယေရှု၏ သွန်သင်ချက် ဖြစ်သည်။

ခ။ ခရစ်တော်နှင့် တမန်တော်တို့၏ အသက်တာ၌ ထင်ရှားစွာ တွေ့ရသည်။

၃။ မင်္ဂလာရှိရခြင်း၏ အကြောင်းမှာ-

 က။ ဘုရားသခင်သည် သူ့စကားကို နာခံသောသူအား သန့်ရှင်း သောဝိညာဉ်တော် ပေးသနားတော်မူသည်။ (တမန် ၅း၃၂)

ခ။ ထိုဝိညာဉ်တော်ဘုရားသည် ထိုသူတို့ (နာခံသောသူတို့)အပေါ်၌ ကျိန်းဝပ် (နားနေ) တော်မူသည်။ ကျိန်းဝပ်တော်မူခြင်းဖြင့် ဘုန်း ကြီးသော ဝိညာဉ်တော်သည် ထိုသူတို့ကို (နာခံသောသူတို့ကို)

- အသိအမှတ်ပြုသည်။
- တန်ခိုးပေးသည်။
- ကာကွယ်စောင့်ရှောက်သည်။
- မျက်နှာသာပေးသည်။
- သဘောကျသည်၊ အလိုကျသည်။
- တမူထူးခြားစွာ ဆက်ဆံသည်။

၄။ ဤသို့ဖြင့် ဘုရားသခင်၏နာမသည် မနာခံသောသူတို့၏ အသက် တာ၌ ကဲ့ရဲ့ရှုတ်ချခြင်းခံရ၍၊ နာခံသောကျွန်ုပ်တို့ အပေါ်၌ ဘုန်း တော်ထင်ရှားလျက် ရှိသည်။

 က။ မနာခံသောသူတို့အသက်တာ၌ ဘုရားသခင်၏ နာမတော်ညှိုး နွမ်းစေသည်။ ဘုရားသခင်သည် ပြစ်တင်ရှုတ်ချခြင်းကို ခံရ သည်။

ခ။ နာခံသောသူတို့ အသက်တာ၌ ဘုရားသခင်၏ ဘုန်းတော်ထင် ရှားသည်။ ဘုရားသခင်၏နာမသည် ချီးမွမ်းခြင်းကို ခံရသည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၄၅)

## ဒုက္ခရောက်သည့်ကာလ၌ ဂုဏ်တော်ကို ချီးမွမ်းခြင်း

> **လူအသက်ကို သတ်သောအပြစ်၊ သူ့ဥစ္စာကိုခိုးသောအပြစ်၊ ဒုစရိုက်ကို ပြုသောအပြစ်၊ သူတပါးအမှု၌ ရောနှောသော အပြစ်ရှိ၍၊ သင်တို့တွင် အဘယ်သူမျှ မခံစေနှင့်။ ခရစ်ယာန် ဖြစ်သောကြောင့် ခံရလျှင်မူကား၊ ရှက်ကြောက်ခြင်းမရှိစေ နှင့်၊ ထိုအမှုကြောင့်ခံရလျှင် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းစေ။ (၁ပေ ၄း၁၅-၁၆)**

### မိမိကျူးလွန်သောအပြစ်ကြောင့် ခံရလျှင်

၁။ ဆင်းရဲခြင်း၊ သူတစ်ပါးတို့၏ ကဲ့ရဲခြင်းကို မိမိတို့အပြစ်ကြောင့် ခံရလျှင်

က။ ဂုဏ်ယူစရာ မရှိ။

ခ။ ရှက်ကြောက်စရာသာ ဖြစ်သည်။

ဂ။ ထိုဆင်းရဲခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်းတို့သည် သခင်ခရစ်တော်၏ နာမတော်အဖို့ ခံရသောအရာ မဟုတ်။

၂။ ဥပမာအားဖြင့် အောက်ပါအပြစ်များကို ကျူးလွန်လျှင် ကဲ့ရဲပြစ်တင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း ခံရမည် ဖြစ်သည်။

က။ လူအသက်ကို သတ်သောအပြစ်၊

ခ။ သူ့ဥစ္စာကိုခိုးသောအပြစ်၊

ဂ။ ဒုစရိုက်ကိုပြုသောအပြစ်၊

ဃ။ သူတစ်ပါးအမှု၌ ရောနှောသောအပြစ်၊ စသည့်တို့ဖြစ်ကြသည်။

### ခရစ်ယာန်ဖြစ်သောကြောင့် ခံရလျှင်

၁။ *'ခရစ်ယာန်ဖြစ်သောကြောင့်'* ဆိုရာ၌ -

က။ ယုံကြည်ခြင်း၊

ခ။ အမှန်တရား၊ ဖြောင့်မတ်ခြင်း၊

ဂ။ သခင်ခရစ်တော်အပေါ် သစ္စာစောင့်သိမှု၊
ဃ။ နှုတ်ကပတ်တော်ကို နာခံခြင်း စသည်တို့ကြောင့် ဟုဆိုနိုင်
သည်။
၂။ အထက်ပါအကြောင်းကြောင့် ဆင်းရဲခြင်း၊ ကဲ့ရဲ့ခြင်းခံရလျှင်
က။ ဂုဏ်ယူစရာ ဖြစ်သည်။
ခ။ ရှက်ကြောက်ခြင်း မရှိသင့်ချေ။
ဂ။ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းကြရမည်။ (တမန် ၅း၄၁)

**စိန်ခေါ်ချက်**

၁။ မိမိတို့ပြုသောအပြစ်ကြောင့် ဒုက္ခဆင်းရဲ၊ ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရသောသူ မဖြစ်ကြနှင့်။
၂။ သခင်ခရစ်တော်ကို ယုံကြည်ကိုးစားသောကြောင့်သာ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရသောသူများ ဖြစ်ကြရမည်။
၃။ သိသာထင်ရှား (ကြီးမား) သောအပြစ်တို့ကို သတိပြု၍ရှောင်ရှားကြရမည်။
၄။ သို့မှသာ ဆင်းရဲဒုက္ခရောက်သောကာလ၌ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းနိုင်ကြမည် ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၄၆)

## အလိုတော်အတိုင်း ဆင်းရဲခံခြင်း

**ဘုရားသခင်၏ အိမ်တော်သားတို့ကို ရှေ့ဦးစွာစစ်ကြောစီရင်ရသော အချိန်ရှိပြီ။ ငါတို့ကို ရှေ့ဦးစွာ စစ်ကြောစီရင်လျှင်၊ ဘုရားသခင်၏ ဧဝံဂေလိတရားစကားကို နားမထောင်သောသူတို့၏ အမှုသည် အဘယ်သို့ ပြီးလိမ့်မည်နည်း။ ဖြောင့်မတ်သောသူသည် ကယ်တင်ခြင်းသို့ ရောက်နိုင်ခဲ့သည် မှန်လျှင်၊ ဘုရားသခင်ကို မကိုးကွယ်သောသူ၊ အပြစ်ထင်ရှားသောသူသည် အဘယ်မှာပေါ်လိမ့်မည်နည်း။ ထို့ကြောင့် ဘုရားသခင်၏ အလိုတော်အတိုင်း၊ ဆင်းရဲခံရသောသူတို့သည်၊ ဘုရားသခင်ကို သစ္စာရှိသော အသက်သခင်ကဲ့သို့ မှတ်လျက်၊ ကောင်းသောအကျင့်ကို ကျင့်နေ၍၊ ကိုယ်တော်၌ မိမိတို့အသက်ဝိညာဉ်ကို အပ်နှံကြစေ။**

**(၁ပေ ၄း၁၈-၁၉)**

### ဘုရားသခင်၏ စစ်ကြောစီရင်ခြင်း

၁။ ဘုရားသခင်သည် စစ်ကြောစီရင်ခြင်းအမှုကို အမှန်ပြုမည်ဖြစ်သည်။

၂။ ထိုစစ်ကြောစီရင်ခြင်းအမှုသည် ဘုရားသခင်၏ အိမ်တော်သားများနှင့် အစပြုမည်။

က။ ယုံကြည်သူတို့သည် ဘုရားသခင်၏ အိမ်တော်သားများဖြစ်ကြသည်။

ခ။ ယုံကြည်သူများကို စစ်ကြောစီရင်ရသောအချိန်ကာလ ရောက်နေပြီ ဖြစ်သည်။

၃။ ဘုရားသခင်၏ ဧဝံဂေလိတရားကို မနာခံသောသူတို့ကိုလည်း စစ်ကြော စီရင်မည်။

က။ နောက်ပိုင်းတွင် ယုံကြည်သူများသည်လည်း စစ်ကြောစီရင်ခြင်း ခံကြရမည်။

ခ။ ဘုရားသခင်၏ပြင်းစွာသောအမျက်တော်ကို ခံရကြလိမ့်မည်။
(ရောမ ၂း၈၊ ဟေဗြဲ ၁၀း၁၂)

၄။ ဘုရားသခင်သည် လူသားတို့ကို -

ကး မိမိတို့ကျင့်သော အကျင့်အတိုင်း၊ (ရောမ ၂း၆)

ခ။ ကြားနာမိသော သမ္မာတရားအတိုင်း၊ (ရောမ ၂း၈)

ဂ။ ပညတ်တရားအတိုင်း (ပညတ်တရားကို သိသောသူများ)၊
(ရောမ ၂း၁၂)

ဃ။ မိမိတို့၏ သြတ္တပ္ပစိတ်အတိုင်း (ပညတ်တရားကို မသိသော သူများ)၊ (ရောမ ၂း၁၅)

င။ ဧဝံဂေလိတရားတော်အတိုင်း (ရောမ ၂း၁၆) စစ်ကြောစီရင် မည် ဖြစ်သည်။

## အဘယ်သူ ကယ်တင်ခြင်းသို့ ရောက်မည်နည်း

၁။ ခရစ်တော်ကို ယုံကြည်၍၊ အဆုံးထိတိုင် တည်ကြည်သောသူသာလျှင် ကယ်တင်ခြင်းသို့ ရောက်မည်။ (မာကု ၁၃း၁၃)

ကး အဘယ်သူမျှ ကယ်တင်ခြင်းသို့ အလွယ်တကူ မရောက်နိုင်။

ခ။ ယုံကြည်သူများပင်လျှင် ခဲယဉ်းစွာ ရောက်ရလိမ့်မည်။

၂။ ခရစ်ယာန်များသည်လည်း ခက်ခဲမှုမျိုးစုံကို ရင်ဆိုင်ပြီး ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ကြရမည်။ (တမန် ၁၄း၂၂)

၃။ ထို့ကြောင့်၊ ဘုရားသခင်ကို မကိုးကွယ်သောသူ၊ အပြစ်ထင်ရှားသောသူသည် ကယ်တင်ခြင်းခံရရန် လွန်စွာမှ အခွင့်အလမ်းနည်းပါးသည်။

၄။ ဤအချက်ကို ဖော်ထုတ်လိုသောကြောင့်၊ ပေတရုသည် သုတ္တံကျမ်း ၁၁း၃၁ ၌ -

> 'ဖြောင့်မတ်သောသူသော်လည်း မြေကြီးပေါ်မှာ ပြစ်ဒဏ်ကိုခံရ၏။ မတရားသောသူနှင့် အပြစ်ထင်ရှားသော သူတို့ကိုမူကား၊ အဘယ်ဆိုဖွယ်ရာရှိသနည်း' ကို 'ဖြောင့်မတ်သောသူသည် ကယ်တင်ခြင်းသို့ ရောက်နိုင်ခဲ့သည်မှန်လျှင်၊ ဘုရားသခင်ကို မကိုးကွယ်သောသူ၊အပြစ်ထင်ရှားသောသူသည် အဘယ်မှာပေါ်လိမ့်မည်နည်း' ဟု (အလွတ်)

ကိုးကား ရခြင်းဖြစ်သည်။

**ထို့ကြောင့်၊ ဘုရားသခင်၏ အလိုတော်အတိုင်း. . .**

၁။ မိမိအပြစ်ကြောင့် မဟုတ်ဘဲ၊ မိမိ၏ယုံကြည်ခြင်း၊ သစ္စာစောင့်သိခြင်းနှင့် နာခံခြင်း စသည်တို့ကြောင့် ဆင်းရဲခံရလျှင် -

က။ ခရစ်တော်အတွက် ခံရသောဆင်းရဲခြင်း ဖြစ်သည်။

ခ။ ဘုရားသခင်အလိုတော်ရှိ၍ ခံရသောဆင်းရဲခြင်း ဖြစ်သည်။

၂။ ထိုသို့ ဘုရားသခင်အလိုတော်အတိုင်း ဆင်းရဲခြင်းကို ခံရသောအခါ -

က။ ဘုရားသခင်ကို သစ္စာရှိသောအသက်သခင်အဖြစ် မှတ်ယူပါ။

ခ။ ကောင်းသောအကျင့်တို့ကို (ဆက်၍) ကျင့်နေပါ။

ဂ။ ဘုရားသခင်ထံတော်၌ မိမိအသက်ဝိညာဉ်ကို အပ်နှံပါ။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၄၇)

## သင်းအုပ်နှင့် ထိန်းကျောင်းခြင်း

> သင်းအုပ်အရာ၌၄င်း၊ ခရစ်တော်၏ဆင်းရဲဒုက္ခဝေဒနာကို သိမြင်သော သက်သေအရာ၌၄င်း၊ ခန့်ထားသောသူ၊ ထင်ရှားစေတော်မူလတံ့သော ဘုန်းအသရေတော်ကို ဆက်ဆံသောသူဖြစ်သော ငါပေတရုသည်၊ သင်တို့တွင်ရှိသော သင်းအုပ်ချင်းတို့ကို တောင်းပန်ပါ၏။ သင်တို့နှင့်အတူ ရှိသော ဘုရားသခင်၏သိုးတော်စုကို ထိန်းခြင်းအမှုမှာ၊ အနိုင်ထိန်းရသောကြောင့် မဟုတ်၊ မစင်ကြယ်သောစီးပွါးကို တပ်မက်သောကြောင့်မဟုတ်ဘဲ၊ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့။ အသီးအသီး အုပ်သောအသင်းတော်တို့ကို အာဏာထား၍ အစိုးတရပြုသည် မဟုတ်ဘဲ၊ သိုးတော်စုရှေ့မျှာ ပုံသက်သေကို ပြသောသူဖြစ်ကြလော့။ သို့ဖြစ်လျှင်၊ သိုးထိန်းအကြီး ပေါ်ထွန်းတော်မူသောအခါ၊ သင်တို့သည် မညှိုးမနွမ်းတတ်သော ဘုန်းကြီးသော ပန်းရစ်သရဖူကို ခံရကြလိမ့်မည်။ (၁ပေ ၅း၁-၄)

**သင်းအုပ်အရာ၌၄င်း. . .**

၁။ ပေတရုသည်

  က။ သင်းအုပ် (ဂရိ-presbuteros)၊

  ခ။ ခရစ်တော်၏ ဆင်းရဲဒုက္ခဝေဒနာကို သိမြင်သောသက်သေ (ဂရိ-martus)နှင့်

  ဂ။ ထင်ရှားလတံ့သော ဘုန်းအသရေတော်ကို ဆက်ဆံသောသူအဖြစ် ခန့်ထားသောသူဖြစ်သည်။

၂။ ပေတရုသည် သင်းအုပ်ချင်းတို့ကို -

  က။ အဖသင်းအုပ်အနေဖြင့် တိုက်တွန်းသည်။

  ခ။ လုပ်ဖော်ဆောင်ဖက်သင်းအုပ်အနေဖြင့် အနူးအညွတ်တောင်းပန်သည်။

## သင်တို့နှင့်အတူရှိသော. . .

၁။ ပေတရု၏ တိုက်တွန်းချက်မှာ သင်းအုပ်များသည် အသင်းသူ/ သားများကို စေတနာစိတ်နှင့်ကြည့်ရှုအုပ်ထိန်းရန် ဖြစ်သည်။

၂။ အကြောင်းမှာ

ကအသင်းသူ/သားများသည် ဘုရားသခင်၏သိုးတော်စု ဖြစ်သည်။

ခ။ အသင်းဝင်များသည် ဘုရားသခင်က သင်းအုပ်များကို ယုံကြည် စိတ်ချသောကြောင့် အပ်နှံထားသော သိုးတော်စု ဖြစ်သည်။

(ယှဉ်ကြည့်၊ မဿဲ ၂၅း၂၀-၂၃)

၃။ ထို့ကြောင့် သင်းအုပ်များသည် အသင်းဝင်များကို -

က။ ဂရုတစိုက် ထိန်းကျောင်းရမည် (ဂရိ-poimaino/poimanate)။

ခ။ ကြီးကြပ်ရမည် (ဂရိ-episkopeo/episkopountes) ။

ဂ။ ပုံသက်သေအဖြစ် ရှေ့မှ ဦးဆောင်ရမည်။

## အနိုင်ထိန်းရသောကြောင့် မဟုတ်. . .

၁။ သင်းအုပ်များသည် မိမိအသင်းသူ၊ သားများကို

က။ အတင်းအဓမ္မ မအုပ်ချုပ်ရ။

ခ။ မစင်ကြယ်သော အမြတ်အစွန်းအတွက် မအုပ်ချုပ်ရ။

ဂ။ အာဏာသုံး၍ အစိုးတရ မပြုရ။

၂။ ယင်းအုပ်ချုပ်ရေးစနစ်သည် ဘုရားမသိသော၊ တရားမရှိသောသူ တို့၏ နည်းဗျူဟာ ဖြစ်သည်။ (မာကု ၁၀း၄၂)

## သို့ဖြစ်လျှင်. . .

၁။ သင်းအုပ်တို့သည် မိမိအသင်းတော်တို့ကို -

က။ သိုးထိန်းကဲ့သို့ ဂရုတစိုက် ထိန်းကျောင်းရမည်။

ခ။ တာဝန်ရှိရှိ ကြီးကြပ်ရမည်။

ဂ။ အသက်တာပုံသက်သေဖြင့် ဦးဆောင်ရမည်။

၂။ ဤသည်ကား သခင်ခရစ်တော် (သိုးထိန်းကြီး)၏ နည်းဥပဒေသ ဖြစ်သည်။

၃။ ထို့ကြောင့်၊ သိုးထိန်းကြီး သခင်ခရစ်တော်ပြန်ကြွလာသောအခါ၊ သစ္စာရှိသောသင်းအုပ်တို့သည် မညှိုးနွမ်းတတ်သော ဘုန်းကြီးသောပန်းဦးရစ်သရဖူကို ရရှိခံစားကြမည် ဖြစ်သည်။

**စိန်ခေါ်ချက်**

၁။ အသင်းတော်၏ အုပ်ချုပ်စီမံမှုသည် လောကီနည်းဥပဒေသနှင့် မတူကွဲပြားခြားနားသည်။

က။ သင်းအုပ်တို့သည် ပေတရုကဲ့သို့ ဘုရားသခင် ခန့်ထားသောသူများ ဖြစ်ကြရမည်။

ခ။ အသင်းသူ/သားများသည်လည်း ဘုရားသခင်၏ အခွင့်အာဏာကို ဝန်ခံကြသော သိုးစုဖြစ်ကြရမည်။

၂။ သင်းအုပ်တို့သည် သိုးထိန်းကြီး ခရစ်တော်နည်းတူ သိုးတော်စုကို ထိန်းကျောင်းကြရမည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၄၈)

## အဆုံးထိတိုင် နှိမ့်ချခြင်း

**ထိုနည်းတူ၊ အသက်ပျိုသောသူတို့၊ အသက်ကြီးသောသူတို့၏ စကားကို နားထောင်ကြလော့။ ထိုမျှမက၊ အချင်းချင်း တယောက်အောက် တယောက် နှိမ့်ချလျက်နေ၍၊ နှိမ့်ချခြင်း တန်ဆာကိုဆင်ကြလော့။ အကြောင်းမူကား၊ ထောင်လွှားစော်ကားသောသူတို့ကို ဘုရားသခင် ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏။ ထို့ကြောင့်၊ ကာလအချိန်တန်လျှင်၊ ဘုရားသခင်သည် သင်တို့ကို ချီးမြှောက်တော်မူမည်အကြောင်း၊ တန်ခိုးကြီးသောလက်တော်အောက်၌ ကိုယ်ကိုကိုယ်နှိမ့်ချကြလော့။ (၁ပေ ၅း၅-၆)**

### ထိုနည်းတူ၊ အသက်ပျိုသောသူတို့. . .

၁။ သိုးထိန်းနှင့်သိုးစုများဆက်ဆံသကဲ့သို့၊ (၁ ပေ ၅း၁-၄)

က။ အသက်ငယ်သောသူများသည် အသက်ကြီးသောသူများ၏ စကားကို နားထောင်ရမည်။

ခ။ စကားနာထောင် (ဂရိ-hupotasso/hupotagete) သည် -

- အောက်၌နေသည်၊
- နာခံသည်၊
- လက်အောက်ခံအဖြစ် နေသည် စသည်တို့ဖြစ်သည်။

ဂ။ ယုံကြည်သူအချင်းချင်း တစ်ယောက်အောက်တစ်ယောက် နှိမ့်ချလျက်နေရမည်။

ဃ။ နှိမ့်ချခြင်း (ဂရိ-tapienophrosune/tapeinophrosunen)သည်

- စိတ်ဓာတ်အထီးကျန်ခြင်း၊
- ခိုလှုံရာမဲ့သောစိတ်၊
- အားငယ်စိုးထိတ်သောစိတ် စသည်တို့ဖြစ်သည်။

၂။ နှိမ့်ချခြင်းသည် ဘုရားသခင်ထံကလွဲ၍ ခိုလှုံရာမရှိသော(လူများ ရှေ့၌) အားငယ်စိုးထိတ်သော စိတ်နေသဘောထား ဖြစ်သည်။
၃။ မိမိကိုယ်ကို နှိမ့်ချခြင်းမရှိဘဲ သူတစ်ပါး၏စကားကို နားထောင်နိုင်မည် မဟုတ်။

**အကြောင်းမူကား၊ ထောင်လွှားသောသူတို့ကို. . .**

၁။ အချင်းချင်း ဆက်ဆံရာ၌ နှိမ့်ချခြင်းတန်ဆာဆင်ကြရမည်။
၂။ အကြောင်းမှာ ဘုရားသခင်သည် -
  က။ ထောင်လွှားသောသူတို့ကို ဆီးတားတော်မူသည်။
  ခ။ ဆီးတား (ဂရိ- antitasso/antitassetai) သည် -
    - ဆန့်ကျင်တိုက်ခိုက်သည်၊
    - ခုခံတားမြစ်သည်၊
    - ကိုယ်တိုင်ဆန့်ကျင်သည် စသည်တို့ဖြစ်သည်။
  ဂ။ စိတ်နှိမ့်ချသောသူတို့ကို ကျေးဇူးပြုတော်မူသည်။
  ဃ။ ကျေးဇူးပြု (ဂရိ-didosin charin) သည် -
    - ကျေးဇူးတော်ပေးသနားသည်၊
    - ဆုကျေးဇူးပေးသည် စသည်တို့ဖြစ်သည်။
၃။ ဘုရားသခင်သည် အမှန်စိတ်နှိမ့်ချသောသူတို့ကို ကျေးဇူးပြု၍ စွမ်းဆောင်နိုင်စွမ်း ပေးသနားတော်မူသည်။ ထို့ကြောင့်၊ နှိမ့်ချသောသူတို့သည် -
  က။ အသက်ကြီးသောသူတို့၏ စကားကို နားထောင်လာကြသည်။
  ခ။ အချင်းချင်းကြား၌ လွတ်လပ်စွာ စိတ်နှိမ့်ချလာကြသည်။
  ဂ။ ဘုရားသခင်ဆီးတားခြင်း မဟုတ်ဘဲ၊ ဘုရားသခင်မစခြင်း၊ ပံ့ပိုးခြင်း မျက်နှာသာပေးခြင်းကို ခံရကြသည်။

**ထို့ကြောင့်၊ ကာလအချိန်တန်လျှင်. . .**

၁။ အမှန် စိတ်နှိမ့်ချသောသူတို့ကို ဘုရားသခင်သည် ကာလအချိန်တန်သောအခါ ချီးမြှောက်တော်မူမည်။

၂။ ချီးမြှောက် (ဂရိ-hupsoo/hupsose) သည် -
 က။ အမြင့်၌ထားသည်၊
ခ။ ချီမ်းမြှောက်သည်၊
ဂ။ မြင့်ရာအရပ်သို့ တင်သည်၊ စသည်တို့ဖြစ်သည်။
၃။ တစ်နည်းအားဖြင့် ဘုရားသခင်သည် အချိန်တန်သောအခါ နှိမ့်ချသောသူတို့ကို ဂုဏ်ပြုချီးမြှောက်မည်ဖြစ်သည်။ (ယောဟန် ၁၂း၂၆)
၄။ ထို့ကြောင့် ဘုရားသခင်ရှေ့မှောက်၌ ကိုယ်ကိုယ်ကိုယ်နှိမ့်ချကြရမည်။
က။ တန်ခိုးကြီးသည်ကို အောက်မေ့လျက်၊
ခ။ လက်တော်အောက်၌ နေသည်ကို သိမှတ်လျက် မိမိကိုယ်ကို နှိမ့်ချကြရမည်။

**စိန်ခေါ်ချက်**

၁။ *'ကာလအချိန်တန်လျှင်'* (ဂရိ-´kairo´) သည် -
ခ။ အထူးသီးသန့် သတ်မှတ်ထားသော ကာလ၊
ဂ။ အခွင့်အခါကောင်း စသည်တို့ဖြစ်သည်။
၂။ သင်္ကရာဇ် ကာလအားဖြင့် ကြိုတင်တွက်ချက်၍ မရ၊ ဘုရားသခင် သတ်မှတ်ထားသောကာလ ဖြစ်သည်။
၃။ ကာလအချိန်တန်သည့်တိုင်အောင် (၀၊) အဆုံးထိတိုင်၊ နှိမ့်ချခြင်း တန်ဆာကို ဆင်မြန်းကြပါစို့။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၄၉)

## သတိနှင့် ကြည့်ရှုတော်မူသော ဘုရားသခင်

**သင်တို့ကို သတိနှင့် ကြည့်ရှုတော်မူသောကြောင့်၊ သင်တို့၌ စိုးရိမ်ခြင်းအမှု ရှိသမျှတို့ကို ကိုယ်တော်၌ အပ်နှံကြလော့။ သမ္မာသတိရှိလျက် မအိပ်ဘဲ စောင့်နေကြလော့။ သင်တို့၏ ရန်သူတည်းဟူသောမာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။ (၁ ပေ ၅း၇-၈)**

**သင်တို့ကို သတိနှင့်ကြည့်ရှုတော်မူသောကြောင့်. . .**

၁။ ဂရိ-melo/melei သည် -

က။ ဂရုစိုက်ခြင်း၊

ခ။ စိတ်ဝင်စားခြင်း၊

ဂ။ ကောင်းစားစေလိုခြင်း၊

ဃ။ စိုးရိမ်ပေးခြင်း စသည်တို့ဖြစ်သည်။

၂။ ဘုရားသခင်သည် အကျွန်ုပ်တို့ကို -

က။ သတိနှင့် ကြည့်ရှုတော်မူသည် (ယုဒသန်)။

ခ။ ဂရုတစိုက်နှင့်စောင့်ရှောက်တော်မူသည်။

၃။ ထို့သို့ ဖြစ်သောကြောင့် -

က။ စိုးရိမ်ပူပန်ခြင်း၊

ခ။ သောက၊

ဂ။ ကြောင့်ကြမှု ရှိသမျှတို့ကို ဘုရားသခင်ထံတော်၌ အပ်နှံထားရမည်။

၄။ အပ်နှံ (ဂရိ-epiripto/epiripsantes) သည် -

က။ ပြင်းထန်စွာ (အကုန်အစင်) လွှတ်ပစ်သည်၊

ခ။ အပြီးအပိုင် စွန့်လွှတ်သည် စသည်တို့ဖြစ်သည်။

ဂ။ ဆိုလိုသည်မှာ - မိမိတို့၌ ရှိသော စိုးရိမ်ပူပန်ခြင်းရှိသမျှတို့ကို ဘုရားသခင်ထံ၌ အပြီးအပိုင် (တခုမျှမကျန်) အလုံးစုံပုံအပ်ခြင်းဖြင့် အပ်နှံထားရမည်။

## သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့

၁။ မည်သို့ သမ္မာသတိရှိမည်နည်း။

က။ စိတ်ငြိမ်ခြင်းအားဖြင့်၊

ခ။ ပတ်ဝန်းကျင်ကို မျက်ခြေ မပြတ်ကြည့်ရှုခြင်းအားဖြင့်၊

ဂ။ အပြုအမူ အပြောအဆိုကို ဆင်ခြင်နေခြင်းအားဖြင့်၊ သမ္မာသတိရှိနေမည် ဖြစ်သည်။

၂။ *'မအိပ်ဘဲစောင့်နေ'* ဆိုသည်မှာ -

က။ မမေ့မလျော့သောသတိနှင့် စောင့်နေခြင်း၊

ခ။ မျက်ခြေမပြတ် အစဉ်စောင့်နေခြင်း၊

ဂ။ မပျက်သောသတိနှင့် ဆင်ခြင်နေခြင်း၊ စသည်တို့ကို ဆိုလိုသည်။

၃။ အကြောင်းမှာ -

က။ အကျွန်ုပ်တို့၏ ရန်သူမာရ်နတ်သည် လှည့်လည်နေသည်။

ခ။ သူသည် လူများကို မျိုချရန် ရှာဖွေနေသည်။

ဂ။ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ သွားလာနေသည်။

- ဧဒင်ဥယျာဉ်၌ မာရ်နတ်သည် လူသားကို ပထမဆုံး စုံစမ်းသည်။
- ယုဒပြည် တောအရပ်တစ်နေရာ၌ မာရ်နတ်သည် သခင်ခရစ်တော်ကို (လူသားကို) စုံစမ်းသွေးဆောင်သည်။ (မဿဲ ၄)
- ဂေသရေမန် ဥယျာဉ်၌ မာရ်နတ်သည် သခင်ခရစ်တော် (လူသားကို) စုံစမ်းသွေးဆောင်သည်။ (မဿဲ ၂၆း၃၆)

၄။ အစဉ်သတိထား၍ အသက်တာခရီးကို အဆုံးထိ လျှောက်လှမ်းကြပါစို့။

## ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၅၀)

## ခဏဆင်းရဲခြင်းနှင့် ထာဝရဘုန်းတော်

**သို့ဖြစ်၍၊ လူပြည်အရပ်ရပ်တို့၌ရှိသော သင်တို့ညီအစ်ကိုများတို့သည် ထိုသို့သော ဆင်းရဲကိုခံရကြသည် ဟုသိမှတ်လျက်၊ ယုံကြည်ခြင်း၌ တည်၍ မာရ်နတ်ကို ဆီးတားကြလော့။ ခရစ်တော်ယေရှုအားဖြင့် ငါတို့ကို ထာဝရဘုန်းအသရေတော်သို့ ခေါ်တော်မူသော ခပ်သိမ်းသော ကျေးဇူးကိုပြုတော်မူသော ဘုရားသခင်သည် ခဏဆင်းရဲခံပြီးသောသူတို့ကို စုံလင်တည်ကြည် ခိုင်ခံ့မြဲမြံစေတော်မူလိမ့်မည်။ ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းအသရေ အစွမ်းသတ္တိရှိတော်မူစေသတည်း။ အာမင်။ (၁ ပေ ၅း၉-၁၁)**

**သို့ဖြစ်၍၊ လူပြည်အရပ်ရပ်တို့၌ရှိသော. . .**

၁။ စာတန်မာရ်နတ်သည် ဆင်းရဲခြင်း၊ စုံစမ်းခြင်းအမျိုးမျိုးဖြင့် လူသားတို့ကို မျိုချရန် ရှာဖွေနေသည်။ (၁ ပေ ၅း၈)

၂။ ထိုအကြောင်းကို သိသောယုံကြည်သူ ညီအစ်ကိုများတို့သည်

က။ ယုံကြည်ခြင်း၌ ဆက်လက်တည်ကြည်ကြသည်။

ခ။ မာရ်နတ်ကို ဆီးတားကြသည်။

- ခုခံကြသည်။
- တိုက်လှန်ကြသည်။

၃။ နေရာဒေသအသီးသီး၌ ရှိနေကြသော ယုံကြည်သူများနည်းတူ - မာရန်နတ်ကို ဆီးတားကြရန် ပေတရုသည် စာဖတ်ပရိသတ်များကို အားပေးတိုက်တွန်းသည်။

၄။ ပေတရု၏ စာဖတ်ပရိသတ်များသည်လည်း -

က။ ဆင်းရဲစုံစမ်းခြင်းကို အဆုံးထိသည်းခံကြရမည်။

ခ။ ယုံကြည်ခြင်း၌ ဆက်လက်တည်ကြရမည်။

ဂ။ စာတန်မာရ်နတ်ကိုလည်း ခုခံဆီးတားကြရမည်။

**ခရစ်တော်ယေရှုသခင်အားဖြင့် . . .**

၁။ ဘုရားသခင်သည် ယုံကြည်သူတို့ကို စုံလင်တည်ကြည် ခိုင်ခံ့မြဲမြံ စေမည်။

က။ ခဏဆင်းရဲကို ခံပြီးနောက်၊

ခ။ စာတန်မာရ်နတ်ကို ဆီးတားပြီးနောက်။

၂။ ဘုရားသခင်သည် ထိုစုံလင်တည်ကြည်ခြင်း၊ ခိုင်ခံ့မြဲမြံစေခြင်း အမှုကို -

 က။ ခရစ်တော်ထဲ၌၊

ခ။ သခင်ခရစ်တော်အားဖြင့် ဆောင်ရွက်မည်။

၃။ ဘုရားသခင်သည် -

 က။ ထာဝရဘုန်းအသရေတော်အဖို့ အလို့ငှာ အကျွန်ုပ်တို့ကို ခေါ်တော်မူသည်။

ခ။ ခပ်သိမ်းသောကျေးဇူးတော်ကို ပြုတော်မူသောသူ ဖြစ်သည်။

ဂ။ ဆင်းရဲခြင်း၊ စုံစမ်းခြင်းခံနေစဉ်၌လည်း အသီးသီးသောကျေးဇူး တော်ကို ပြုတော်မူသည်။

- စုံလင်၊ ပြည့်စုံ (ဂရိ-katartizo/katartisei ) စေသည်။
- တည်ကြည်၊ အတည်ပြု (ဂရိ-sterizo/steri_ei)စေသည်။
- ခိုင်ခံ့၊ ခွန်အားပြည့်ဝ(ဂရိ-sthenoosthenosei)စေသည်။
- မြဲမြံ၊ တည်စေ (ဂရိ-themelioo/themeliosei) စေသည်။

၄။ ဘုရားသခင်သည် -

က။ စာတန်မာရ်နတ်၏ စုံစမ်းခြင်းကို ခံစေ၍ အကျွန်ုပ်တို့ကို မိမိ (ဘုရားသခင်ကိုယ်တိုင်)၏ ဘုန်းတော်နှင့်ထိုက်တန်အောင် ပြုပြင်သည်။

ခ။ ဆင်းရဲ၍ စုံစမ်းခြင်းကို ခံစေသော်လည်း၊ အကျွန်ုပ်တို့ကို သခင်ခရစ်တော်ကဲ့သို့ စုံလင်သောသူ၊ အဆုံးထိတည်ကြည် သောသူ ခိုင်ခံ့၍ ခွန်အားကြီးသောသူ၊ သက်သေထူ၍ တည်မြဲ သောသူ၊ ဖြစ်စေသည်။

**ထိုဘုရားသခင်သည်. . .**

၁။ ထိုဘုရားသခင်သည် ထာဝရချီးမွမ်းထိုက်သောသူ ဖြစ်သည်။

၂။ ထိုဘုရားသခင်၏ ဘုန်းအသရေနှင့် အစွမ်းသတ္တိတို့သည် ထာဝရကမ္ဘာအဆက်ဆက် တည်နေမည် ဖြစ်သည်။

၃။ ပေတရုသည် ထိုအမှန်တရားကို ဝန်ခံသည်။

၄။ အကျွန်ုပ်တို့သည်လည်း ပေတရုနည်းတူအစဉ် ဝန်ခံကြရမည် ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၅၁)

## သင်းအုပ်ပေးစာ အကျဉ်းချုပ်

**ငါသည် သင်တို့ကို တိုက်တွန်းသွေးဆောင်လျက်၊ သင်တို့မှီဝဲဆည်းကပ်သော ဤအရာများသည် ဘုရားသခင်၏ ကျေးဇူးတော်အမှန်ဖြစ်သည်ဟု သက်သေခံလျက်၊ ဤစာကို အကျဉ်းအားဖြင့် ရေးပြီးမှ၊ ငါစိတ်ထင်သည်အတိုင်း သင်တို့အမှု၌ သစ္စာရှိသောညီအစ်ကို သိလွာနုလက်ဖြင့် ယခုပေးလိုက်၏။**
**(၁ ပေ ၅း၁၂)**

**ငါသည် သင်တို့ကို. . .**

၁။ ပေတရုသည် စာဖတ်ပရိသတ်များကို တိုက်တွန်းသွေးဆောင်သည်။
- က။ သူရေးသားပြုစုသော အရာများသည် အမှန်တရားဖြစ်သည်ကို ယုံကြည်ကြရန်၊
- ခ။ သူ၏သွန်သင်ချက်များသည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ဖြစ်သည်ကို လက်ခံကြရန်၊
- ဂ။ တစ်နည်းအားဖြင့်၊ သူရေးပို့လိုက်သော ဤသင်းအုပ်ပေးစာကို လက်ခံလိုက်နာကြရန်၊ တိုက်တွန်းသွေးဆောင်သည်။

၂။ ဤသင်းအုပ်ပေးစာ၌ ပါဝင်သောအရာများသည်
- က။ ဘုရားသခင်ပေးသနားတော်မူသော အရာများ ဖြစ်ကြသည်။
- ခ။ စာဖတ်ပရိသတ်များကိုယ်တိုင် မှီဝဲဆည်းကပ်သောအရာများ ဖြစ်ကြသည်။
- ဂ။ တစ်နည်းအားဖြင့်၊ ပေတရုသည် ဩဝါဒအသစ်အဆန်းများကို သွန်သင်နေသည် မဟုတ်။

၃။ ပေတရုသည် သူရေးသားပို့လိုက်သောအရာများ မှန်ကန်ကြောင်းကို သက်သေခံ (အခိုင်အမာပြောဆို) သည်။

**ဤစာကို အကျဉ်းအားဖြင့်. . .**

၁။ ဤသင်းအုပ်ပေးစာသည် အကျဉ်းအားဖြင့် ရေးသောစာ ဖြစ်သည်။

က။ ပြောလိုသည်များကို အတိုချုပ်ပြောပြခြင်း ဖြစ်သည်။

ခ။ ပေတရုကို အမှန်နားလည်သော်အခါ၊ ဤစာကို ပို၍ရှင်းလင်းစွာ နားလည်နိုင်မည် ဖြစ်သည်။

ဂ။ ထို့ကြောင့် ပေတရု၏ စာဖတ်ပရိတ်များနှင့် အသင်းတော်တို့၏ နောက်ခံသမိုင်းကို အချိန်ပေး လေ့လာခြင်းသည် ဤသင်းအုပ် ပေးစာကို ဖတ်ရှုရာ၌ အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

၂။ စာဖတ်ပရိသတ်တို့၏ အမှု၌ သစ္စာရှိသော သိလွာနုမှတစ်ဆင့် ပေးပို့လိုက်သည်။

က။ သိလွာနုသည် -

- ယုံကြည်ခြင်း၌ စာဖတ်ပရိသတ်များနှင့် ညီအစ်ကို ဖြစ်သည်။
- ပေတရုနှင့် လုပ်ဖော်ဆောင်ဖက် ဖြစ်သည်။

ခ။ သိလွာနုသည် သခင်ဘုရားနှင့် သခင်ဘုရား၏လူမျိုးတော်တို့ အပေါ်၌ သစ္စာရှိသောသူ ဖြစ်သည်။

၃။ ပေတရု၏ စိတ်ချယုံကြည်သည့်အတိုင်း၊ ဤသင်းအုပ်ပေးစာကို စာဖတ်ပရိသတ်များထံသို့ အရောက်ပေးပို့နိုင်သောသူ ဖြစ်သည်။

# ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း (၅၂)

## ခရစ်တော်၌ နှုတ်ဆက်ခြင်း

**ငါ့သား မာကုမှစ၍ ဗာဗုလုန်မြို့၌ရှိသော သင်တို့နှင့်အတူ ရွေးချယ်တော်မူသော အသင်းတော်သည် သင်တို့ကို နှုတ်ဆက်ကြ၏။ အချင်းချင်း တယောက်ကိုတယောက် မေတ္တာနမ်းခြင်းနှင့်နှုတ်ဆက်ကြလော့။ ခရစ်တော်နှင့်ဆိုင်သော သင်တို့အပေါင်း၌ ငြိမ်သက်ခြင်း ရှိစေသတည်း။ အာမင်။**

**(၁ပေ ၅း၁၃-၁၄)**

### ငါ့သား မာကု. . .

၁။ မာကုသည် -

 က။ ပေတရု၏ လုပ်ဖော်ဆောင်ဖက် ဖြစ်သည်။

ခ။ ဗာဗုလုန်မြို့ (ရောမမြို့)၌ ရှိနေသည်။

ဂ။ ပေတရုအတွက် ယုံကြည်ခြင်း၌ သား ဖြစ်သည်။ ဆိုလိုသည်မှာ မာကုသည် ပေတရုနည်းတူ၊ ပေတရုနောက်ကို လိုက်၍ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်သောသူ ဖြစ်သည်။

၂။ မာကုနှင့်အတူ ရောမမြို့၌ရှိသော ယုံကြည်သူများသည် စာဖတ်ပရိသတ်များကို နှုတ်ဆက်ကြောင်း ပေတရု ဖော်ပြသည်။

က။ စာဖတ်ပရိသတ်များသည် မာကုနှင့် ရင်းနှီးပြီးသောသူများဖြစ်နိုင်သည်။

ခ။ ထို့ကြောင့်၊ မာကုကို အမည်ဖော်၍ ရေးသားခြင်း ဖြစ်နိုင်သည်။

### အချင်းချင်း တယောက်ကိုတယောက်. . .

၁။ မေတ္တာနမ်းခြင်းသည် သာမန်ဓလေ့တစ်ခု ဖြစ်သည်။

က။ ခင်မင်ရင်းနှီးသောသူများအချင်းချင်း၊

ခ။ အမျိုးတူ၊ ဘာသာတူများ အချင်းချင်း ကြား၌ ကျင့်သုံးကြသည်။

၂။ပေတရုသည် -

က။ ထိုအကျင့်ဓလေ့ကို ခရစ်တော်၌ ထိန်းသိမ်းစေလိုသည်။

ခ။ ထိုသို့ မေတ္တာနမ်းခြင်းနှင့် အချင်းချင်း နှုတ်ဆက်ကြရန် တိုက်တွန်းသည်။

၃။ စာဖတ်ပရိသတ်အပေါ်၌ -

က။ ခရစ်တော်နှင့်ဆိုင်သော ငြိမ်သက်ခြင်း၊

ခ။ ခရစ်တော်ပေးသော ငြိမ်သက်ခြင်း၊ အစဉ်တည်စေရန် ဆုတောင်းပေးသည်။

ဂ။ ဤဆုတောင်းချက်သည် သခင်ခရစ်တော်၏ ကတိတော်အတိုင်း ဖြစ်သည်။ (ယောဟန်၁၄း၂၇)

## စိန်ခေါ်ချက်

၁။ ယုံကြည်သူ အချင်းချင်း နှုတ်ဆက်ကြရမည့် အကြောင်းမှာ-

က။ ယုံကြည်ခြင်းစိတ်သဘော တူသောကြောင့် နှုတ်ဆက်ကြသည်။

ခ။ မေတ္တာမျှဝေခြင်းအားဖြင့် နှုတ်ဆက်ကြသည်။

ဂ။ ဆုတောင်းပေးကြသောကြောင့် နှုတ်ဆက်ကြသည်။

၂။ ငြိမ်သက်ခြင်းအတွက် ဆုတောင်းပေးလျက် အချိန်ပေး နှုတ်ဆက်ကြပါစို့။